

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နှင့် (၂၂) ရက်

နေပြည်တော်

# တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲမှုနှင့်သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာ

မြန်မာနိုင်ငံအား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၌ ကျင်းပခဲ့သော (၂၇) ကြိမ်မြောက် EITI ဘုတ်အဖွဲ့အစည်းအဝေးတွင် (၄၅) နိုင်ငံမြောက် အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် လက်ခံအတည်ပြုခဲ့သည့် အချိန်မှစ၍ မြန်မာနိုင်ငံသည် EITI စံနှုန်း လိုအပ်ချက်များ နှင့်အညီ အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်ကဏ္ဍတို့မှ ကိုယ်စားလှယ်များ ပါဝင်သည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် EITI လုပ်ငန်းစဉ် များအား အကောင်အထည် ဖော်ဆောင်လျက်ရှိပါသည်။

ဤအစီရင်ခံစာမှတစ်ဆင့် နေပြည်တော်၊ Horizon Lake View Resort ၌ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁-၂၂) ရက်နေ့များတွင် ကျင်းပခဲ့သည့် တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲမှ ဆွေးနွေးချက်များ၊ တွေ့ရှိချက်များ၊ အကြံပြုတိုက်တွန်းချက်များနှင့် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား လေ့လာနိုင်မည် ဖြစ်ပါသည်။

အဖုံးဓါတ်ပုံ - ကိုငွေလင်း (စစ်ကိုင်းတိုင်း MATA)

## မာတိကာ


**မာတိကာ** ..... 3

**၁။ အလုပ်ရုံဆွေးနွေးပွဲ အကျဉ်းချုပ်** ..... 6

**၂။ နိဒါန်း** ..... 8

**၃။ ရည်ရွယ်ချက်နှင့် မျှော်မှန်းရလဒ်** ..... 10

**၄။ ကျင်းပသည့်ကာလနှင့် နေရာ** ..... 11

**၅။ တက်ရောက်သူများ** ..... 11

**၆။ အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်** ..... 12

**၇။ အလုပ်ရုံဆွေးနွေးပွဲပထမနေ့ (၂၁-၂-၂၀၁၉ ရက်နေ့)** ..... 13

၇.၁။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အဖွင့်မိန့်ခွန်းပြောကြားခြင်း ..... 13

၇.၂။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးမှ မိတ်ဆက်စကားပြောကြားခြင်း ..... 15

၇.၃။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်း အစီအစဉ်များအား ရှင်းလင်းတင်ပြခြင်း ..... 16

*(က) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း* ..... *16*

*(ခ) ငွေတိုက်ဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း* ..... *17*

*(ဂ) ဗဟိုစာရင်းအင်းအဖွဲ့ မှ ရှင်းလင်းတင်ပြခြင်း* ..... *18*

*(ဃ) စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း* ..... *19*

*(င) စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း* ..... *19*

၇.၄။ NRGI မှ သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စိန်ခေါ်မှု များအား ရှင်းလင်းတင်ပြခြင်း ..... 20

၇.၅။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းမှ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်း အစီအစဉ်များအား ရှင်းလင်းတင်ပြခြင်း ..... 21

၇.၆။ သတ္တုတွင်းဦးစီးဌာနမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဝါဒ ရေးရာများအား ရှင်းလင်းတင်ပြခြင်း ..... 23

၇.၇။ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်း အစီအစဉ်များအား ရှင်းလင်းတင်ပြ ခြင်း ..... 26

၇.၈။ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်း အစီအစဉ်များအား ရှင်းလင်းတင်ပြ ခြင်း ..... 28

၇.၉။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်းအစီအစဉ်များ အား ရှင်းလင်းတင်ပြခြင်း ..... 30

၇.၁၀။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်းအစီအစဉ်များ အား ရှင်းလင်းတင်ပြခြင်း ..... 30

၇.၁၁။ မြန်မာ့သစ်လုပ်ငန်းမှ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်းအစီအစဉ်များ အား ရှင်းလင်းတင်ပြခြင်း ..... 32

၇.၁၂။ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ ဆွေးနွေးချက်များအား ခြုံငုံတင်ပြခြင်း ..... 34

**၈။ အလုပ်ရုံဆွေးနွေးပွဲဒုတိယနေ့ (၂၂-၂-၂၀၁၉ ရက်နေ့)** ..... 36

၈.၁။ မြန်မာအမျိုးသားလေကြောင်း (MYANMAR NATIONAL AIRLINE - MNA) မှ ကော်ပိုရေးရှင်း အဖြစ် ပြောင်းလဲမှု အတွေ့အကြုံအားရှင်းလင်းတင်ပြခြင်း......36
၈.၂။ နိုင်ငံတကာမှအတွေ့အကြုံများနှင့် အသွင်ကူးပြောင်းရေးနည်းလမ်းများအားရှင်းလင်းတင်ပြခြင်း......38
၈.၃။ တက်ရောက်လာသူများမှ အဖွဲ့လိုက်ဆွေးနွေးခြင်း......40
၈.၄။ အဖွဲ့လိုက်ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း......41
*ခေါင်းစဉ် (၁) - သယံဇာတတူးဖော်ရေးကဏ္ဍတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို တိုးတက်ဆောင်ရွက်နိုင်ရန် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ မဟာဗျူဟာဆိုင်ရာ ရည်မှန်းချက်နှင့် လုပ်ငန်းဆောင်ရွက်မှုလျာထားချက်အစရှိသည့် နည်းလမ်းများနှင့်ပတ်သက်သည့် ဆွေးနွေးချက်များ......41*
*ခေါင်းစဉ် (၂) - နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ် (ဘဏ္ဍာရေး၊ စီမံအုပ်ချုပ်မှုအစီရင်ခံခြင်း၊ လုပ်ငန်းဆောင်ရွက်မှုသုံးသပ်ခြင်း) နှင့်ပတ်သက်သည့် ဆွေးနွေးချက်များ......43*
*ခေါင်းစဉ် (၃) - ထိန်းကျောင်းစောင့်ကြည့်သည့်အဖွဲ့အစည်းများ အားကောင်းစေရန် ဆောင်ရွက်ခြင်း နှင့်ပတ်သက်သည့် ဆွေးနွေးချက်များ......47*
၈.၅။ အလုပ်ရုံဆွေးနွေးပွဲအား ပြန်လည်ခြုံငုံသုံးသပ်ခြင်း......52
၈.၆။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ နိဂုံးချုပ်အမှာ စကား ပြောကြား ခြင်း56

**၉။ အလုပ်ရုံဆွေးနွေးပွဲမှ တွေ့ရှိချက်များ...... 58**

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆွေးနွေးတင်ပြချက်များအပေါ် တွေ့ရှိချက်များ......58
(ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဆွေးနွေးတင်ပြချက်များအပေါ် တွေ့ရှိချက်များ......60

**၁၀။ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် အကြံပြုတိုက်တွန်းချက်များ...... 63**

**၁၁။ ရှေ့လုပ်ငန်းစဉ်များ...... 65**

**၁၂။ နိဂုံး...... 66**

နောက်ဆက်တွဲ (၁) တက်ရောက်သူစာရင်းအသေးစိတ်......67
နောက်ဆက်တွဲ (၂) အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်အသေးစိတ်......71
နောက်ဆက်တွဲ (၃) ဌာနအလိုက် ရှင်းလင်းတင်ပြသွားသည့် PRESENTATION များ......75
(၃.၁) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း......75
(၃.၂) ငွေတိုက်ဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း......84
(၃.၃) ဗဟိုစာရင်းအင်းအဖွဲ့မှ ရှင်းလင်းတင်ပြခြင်း......96
(၃.၄) စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း......107
(၃.၅) စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း......116
(၃.၆) မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းမှ ရှင်းလင်းတင်ပြခြင်း......123
(၃.၇) သတ္တုတွင်းဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း......133
(၃.၈) အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ ရှင်းလင်းတင်ပြခြင်း......154
(၃.၉) အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ ရှင်းလင်းတင်ပြခြင်း......162
(၃.၁၀) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ရှင်းလင်းတင်ပြခြင်း......168
(၃.၁၁) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ ရှင်းလင်းတင်ပြခြင်း......177
(၃.၁၂) မြန်မာ့သစ်လုပ်ငန်းမှ ရှင်းလင်းတင်ပြခြင်း......193

## ၁။ အလုပ်ရုံဆွေးနွေးပွဲ အကျဉ်းချုပ်

တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲမှုနှင့်သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ) ပြုပြင် ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁-၂၂) ရက်နေ့များ၌ နေပြည်တော်၊ Horizon Lake View Resort တွင် နှစ်ရက်တာကျင်းပခဲ့ပါသည်။ ယင်းအလုပ်ရုံ ဆွေးနွေးပွဲအား တွင်းထွက်သယံဇာတထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ ၏ လက်ရှိအနေအထားများနှင့် ပြုလုပ်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများအပေါ် တင်ပြဆွေးနွေးရန်နှင့် ယင်းနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအပေါ် အပြန်အလှန် ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး၊ Renaissance Institute (RI) နှင့် Natural Resource Governance Institute (NRGI) မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လေ့လာသူများ၊ သတင်းမီဒီယာများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။



မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများ၏ မှတ်တမ်းဓါတ်ပုံ။

ယင်းနှစ်ရက်တာအလုပ်ရုံဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိဌာနများမှ မိမိတို့နှင့် စပ်လျဉ်းသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်ပုံများ၊ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများ၊ အနာဂတ်လုပ်ငန်း အစီအစဉ်များအား အသီးသီး ရှင်းလင်းတင်ပြခဲ့ပါသည်။ မြန်မာ အမျိုးသား လေကြောင်းလိုင်းမှ ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲမှုစဉ် အတွေ့အကြုံများအား လာရောက် မျှဝေခဲ့ပါသည်။ NRGI မှ သယံဇာတတူးဖော် ထုတ်လုပ်ရေးကဏ္ဍရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ စိန်ခေါ်မှုများ၊ နိုင်ငံတကာမှ နိုင်ငံ၏ စီးပွားရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအတွက် အသွင်ကူးပြောင်းရေးနည်းလမ်းများနှင့် အကြံပြုတိုက်တွန်းချက်များ အားလည်း ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် သယံဇာတတူးဖော်ရေး ကဏ္ဍတွင် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ တိုးတက်ဆောင်ရွက်နိုင်ရန် နည်းလမ်းများ၊ ပွင့်လင်းမြင်သာမှု လုပ်ငန်းစဉ်များအား သုံးသပ်ခြင်းနှင့် ထိန်းကျောင်းစောင့်ကြည့်သည့် အဖွဲ့အစည်းများ အားကောင်းစေရန် ဆောင်ရွက်ခြင်း စသည့် ခေါင်းစဉ်များအား အဖွဲ့လိုက်ဆွေးနွေးမှုများ လည်း ပြုလုပ်ခဲ့ပါသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ EITI အစီရင်ခံစာများပါ အကြံပြုတိုက်တွန်းချက်များအား အကောင်အထည်ဖော်ဆောင်ခြင်းသာမက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့်အညီ တွင်းထွက်သယံဇာတထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား တစ်ပှုန်ထိုး ညှိနှိုင်း အကောင်အထည်ဖော်နိုင်ရန် တွန်းအားပေးသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုပင် ဖြစ်သည်။

## ၂။ နိဒါန်း

၁၉၈၈ ခုနှစ်မှစတင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးကို ပို၍ဦးစားပေးသည့် စီးပွားရေးစနစ်ကိုကျင့်သုံးခဲ့ပါသည်။ ၁၉၈၉ ခုနှစ်တွင်အတည်ပြုခဲ့သည့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများဥပဒေဖြင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား ဆောင်ရွက်ခဲ့ပါသည်။ မြန်မာ့ စီးပွားရေးတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် အဓိကအစုအဖွဲ့များအဖြစ် ရှိနေဆဲ ဖြစ်သော်လည်း ကျန်ခဲ့သည့် ဆယ်စုနှစ်သုံးစုအတွင်း ပုဂ္ဂလိကကဏ္ဍအပိုင်းတွင်လည်း တဖြည်းဖြည်း တိုးတက်လာပါသည်။

၂၀၁၁ ခုနှစ်၊ မတ်လ၌ စတင်တာဝန်ယူခဲ့သည့် ယခင်အစိုးရဟောင်းလက်ထက်တွင် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများ ကိုပြုလုပ် ခဲ့ပါသည်။ ယင်းပြုပြင်ပြောင်းလဲမှုများသည် စိန်ခေါ်မှုအသစ်များကို ဖြစ်စေခဲ့ပါသည်။ ၂၀၁၂ ခုနှစ် မှစ၍ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ရရှိသည့် အမြတ်ငွေ ၅၅% ကို ပြည်ထောင်စုရန်ပုံငွေစာရင်း (Other Account) များတွင် ထိန်းသိမ်းခဲ့ကြပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား ဘဏ္ဍာရေးအရ သီးခြားရပ်တည်နိုင်ရန်ရည်ရွယ်လျက် Other Account ဖွင့်ခွင့်ပေးခြင်းဖြစ်ပါသည်။ လုပ်ငန်းနေ့စဉ်လည်ပတ်ရန်လိုအပ်သည်များအား ၎င်းတို့၏ Other Account များထံမှ အသုံးပြုနိုင်သည်။ လက်တွေ့တွင်မူ ဘဏ္ဍာရေးအရ သီးခြားရပ်တည်နိုင်ရန် ဟူသောရည်ရွယ်ချက်နှင့် ဆန့်ကျင်မှုများ ရှိနေ သည်။ အချို့သော ငွေလုံးငွေရင်းအသုံးစရိတ်များအား သက်ဆိုင်ရာဝန်ကြီးဌာနများသာမက အမြတ်အစွန်း အများဆုံးရသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအတွက်ပင်လျှင် ပြည်ထောင်စုဘဏ္ဍာငွေမှ ကျခံ ပေးနေရပါသည်။ ထို့အပြင် အမြတ်အစွန်းမရသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အရှုံးစရိတ်အား အစိုးရဘဏ္ဍာငွေမှ စိုက်ထုတ်ဖြည့်စွက်ပေးနေရသည်။ ထို့အပြင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ ပွင့်လင်းမြင်သာမှု သို့မဟုတ် တာဝန်ခံမှုတွင် သိသိသာသာ တိုးတက်လာမှုအား လည်း မြင်တွေ့ရခြင်းမရှိပါ။ ဖော်ပြပါကိစ္စနှစ်ရပ်သည် နိုင်ငံတော်ပိုင်စီးပွားရေးကဏ္ဍ တိုးတက်ရေး အတွက် အထောက်အကူဖြစ်သည့် ကိစ္စရပ်နှစ်ရပ်ဖြစ်သည်။

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်ပြီး မကြာသေးမီက ပြုလုပ်ခဲ့သည့် သုတေသနအရ မြန်မာနိုင်ငံမှ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စုအခွန်ငွေ စုစုပေါင်း ၅၀% နီးပါး အား ရှာဖွေပေးပြီး ပြည်တွင်းဈေးကွက်တွင် ပြန်လည်အသုံးမှုမှာလည်း ယင်းအတိုင်းဖြစ်သည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ကဏ္ဍအသီးသီးတွင် ဝင်ရောက်လုပ်ကိုင်နေကြပါသည်။ သယ်ယူပို့ဆောင်ရေး၊ အထည်အလိပ်၊ ဘဏ်လုပ်ငန်းမှ သဘာဝသယံဇာတအထိ ကဏ္ဍအစုံတွင် ဝင်ရောက်လုပ်ကိုင်နေကြပါသည်။ အချို့သောလုပ်ငန်းများသည် ကဏ္ဍအတွင်း ထိန်းကျောင်းမှုတာဝန်အား

လည်း ယူထားသည် ဖြစ်သောကြောင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ စီးပွားရေးအခင်းအကျင်းနှင့် လားရား လမ်းကြောင်းအပေါ်၌ များစွာလွှမ်းမိုးထားပါသည်။

၂၀၁၅ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (၆) ခု၏ လုပ်ငန်းများအား ထည့်သွင်းခဲ့ပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်မှ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့သစ်လုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်မှ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းများ ပါဝင်ပါသည်။

မြန်မာနိုင်ငံ EITI၏ ပထမဆုံးအစီရင်ခံစာ အကြံပြုချက်များတွင် အခွန်ကောက်ခြင်းနှင့် ဝင်ငွေထွက်ငွေများနှင့် သက်ဆိုင်သည့် အချက်အလက်များအား မှတ်တမ်းတင်ရန်၊ ထိန်းသိမ်းရန်အတွက် ကွန်ပြူတာစနစ်များအား ပြင်ဆင်အသုံးပြုသင့်သည်ဟု ဖော်ပြထားသည်။ ပွင့်လင်းမြင်သာမှုတိုးတက်လာစေရန် ဘဏ္ဍာရေး လုပ်ငန်းစဉ်တစ်ခုလုံး ခြုံငုံမိစေရန်အတွက် တူးဖော်ရေးကဏ္ဍမှရရှိသည့် ဝင်ငွေများအား ပုံမှန်ဘတ်ဂျက်အဖြစ် သတ်မှတ်ရန် သင့်မသင့်၊ Other Account နှင့်သက်ဆိုင်သည့် အချက်အလက်များအား ထုတ်ဖော်ပြရန် သင့်မသင့်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စဉ်းစားဆုံးဖြတ်သင့်ကြောင်းလည်း အကြံပြုထားသည်။

တတိယအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနများသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအားလုံးအကြောင်းအား ဖော်ပြထားသည့် နှစ်ပတ်လည်စုစည်းအစီရင်ခံစာ ပြုစုထုတ်ပြန်နိုင်ရန် အားထုတ်မှုများပြုလုပ်ကာ ပြည်သူများ၊ လွှတ်တော်နှင့် မီဒီယာများအပါအဝင် သက်ဆိုင်ရာအကျိုးဆက်စပ်သူများသို့ ထုတ်ဖော်မှုများပြုလုပ်ရာတွင် အဓိကနည်းလမ်းတစ်ခုအဖြစ် ယင်းအစီရင်ခံစာများကို အသုံးချသွားရန် အကြံပြုထားသည်။

အကျိုးစီးပွားဦးစားပေးမှုကို ဖယ်ရှားရန်၊ ရေရှည်တွင်တူးဖော်ရေးကဏ္ဍ ထိန်းကျောင်းမှု ပို၍ ကောင်းမွန်လာစေရန်အတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုကို အပြီးသတ်ဆောင်ရွက်ရန်၊ ထိန်းကျောင်းမှုတာဝန်များကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနများမှ အခြားဌာနများသို့ လွှဲပြောင်းပေးခြင်းများ ပြုလုပ်ရန်လည်း အကြံပြုထားသည်။

မြန်မာနိုင်ငံ EITI အစီရင်ခံစာများပါ အကြံပြုချက်များအတိုင်း ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁-၁၂) ရက်နှင့် မတ်လတို့၌ ပြုလုပ်ခဲ့သည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးများတွင် နိုင်ငံတော်ပိုင်စီးပွားရေး

အဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံအဆင့်အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရန် အစီအစဉ်အား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နည်းပညာဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်ရန်လည်း ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အား အကောင်အထည်ဖော်ဆောင်ရန် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမည့် NRGI နှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီး အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်မူကြမ်းအား ပြင်ဆင်ခဲ့ပြီး နည်းပညာနှင့် အစီရင်ခံရေးလုပ်ငန်းခွဲကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။



၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့ ၌ နေပြည်တော်တွင် အလုပ်ရုံဆွေးနွေးပွဲ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

နောက်ဆုံးအဆင့်မူကြမ်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့ ၌ နေပြည်တော်တွင် သက်ဆိုင်ရာဌာနများပါဝင်လျက် ပြုလုပ်သည့် တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြင်ဆင်ရေးအစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးမှု ပြုလုပ်ခဲ့ပါသည်။ ယင်းဆွေးနွေးဆုံးဖြတ်ချက်များအရ အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁-၂၂) ရက်နေ့များတွင် နေပြည်တော်၌ နှစ်ရက်တာကျင်းပပြုလုပ်ခဲ့ပါသည်။

## ၃။ ရည်ရွယ်ချက်နှင့် မျှော်မှန်းရလဒ်

ယင်းအလုပ်ရုံဆွေးနွေးပွဲအား အောက်ပါရည်ရွယ်ချက်များနှင့် မျှော်မှန်းရလဒ်များဖြင့် ဦးတည်ကျင်းပခဲ့ပါသည်။

<u>ရည်ရွယ်ချက်များ</u>

၁) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လက်ရှိအနေအထားကို တင်ပြရန်၊ နိုင်ငံတကာ၊ နိုင်ငံတွင်း ပြုလုပ်ခဲ့သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုများမှ အသိအမြင်များ၊ ပြင်ဆင်ရန် ကိစ္စရပ်များကို အပြန်အလှန်လေ့လာဆွေးနွေးမျှဝေရန်၊

၂) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဆွေးနွေးရန် ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များ၊ အချိန်သတ်မှတ်ချက်များနှင့်တကွ ဆွေးနွေးရန်။

<u>မျှော်မှန်းရလဒ်များ</u>

၁) အတွေ့အကြုံများဖလှယ်ခြင်းနှင့် အချက်အလက်များမျှဝေခြင်းမှတဆင့် အကျိုးဆက်စပ်ပတ်သက် သူများ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပါဝင်မှု ပိုရှိအားကောင်းလာစေရန်၊

၂) သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက်အကြံပြုတိုက်တွန်းချက်များထွက်ပေါ်လာစေရန်။

## ၄။ ကျင်းပသည့်ကာလနှင့် နေရာ

တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲမှုနှင့်သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁-၂၂) ရက်နေ့များ၌ နေပြည်တော်၊ Horizon Lake View Resort တွင် နှစ်ရက်တာကျင်းပခဲ့ပါသည်။

## ၅။ တက်ရောက်သူများ

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ EIT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဖြစ်သူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နှင့် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၊ လွှတ်တော် ကိုယ်စားလှယ်တော်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး၊ Renaissance Institute (RI) နှင့် Natural Resource Governance Institute (NRGI) မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လေ့လာသူများ၊ သတင်းမီဒီယာများ စသည်ဖြင့်

အမျိုးသား (၅၂) ဦး၊ အမျိုးသမီး (၄၀) ဦး၊ စုစုပေါင်း (၉၂) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။ နောက်ဆက်တွဲ (၁) ဖြင့် တက်ရောက်သူစာရင်းအသေးစိတ်အား ဖော်ပြထားပါသည်။

## ၆။ အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်

ယင်းနှစ်ရက်တာအလုပ်ရုံဆွေးနွေးပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိဌာနများမှ မိမိတို့နှင့် စပ်လျဉ်းသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်ပုံများ၊ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများ၊ အနာဂတ်လုပ်ငန်းအစီအစဉ်များအား အသီးသီး ရှင်းလင်းတင်ပြခြင်း၊ မြန်မာအမျိုးသား လေကြောင်းလိုင်းမှ ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲမှုအတွေ့အကြုံများ၊ သယံဇာတတူးဖော် ထုတ်လုပ်ရေးကဏ္ဍရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စိန်ခေါ်မှုများ၊ နိုင်ငံတကာမှ နိုင်ငံ၏ စီးပွားရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် အသွင်ကူးပြောင်းရေးနည်းလမ်းများနှင့် အကြံပြုတိုက်တွန်းချက်များအား ဆွေးနွေးမည့် အစီအစဉ်များ ပါဝင်ခဲ့သည်။ ထို့အပြင် သယံဇာတတူးဖော်ရေး ကဏ္ဍတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ တိုးတက်ဆောင်ရွက်နိုင်ရန် နည်းလမ်းများ၊ ပွင့်လင်းမြင်သာမှု လုပ်ငန်းစဉ်များအား သုံးသပ်ခြင်းနှင့် ထိန်းကျောင်းစောင့်ကြည့်သည့်အဖွဲ့အစည်းများ အားကောင်းစေရန် ဆောင်ရွက်ခြင်းစသည့် ခေါင်းစဉ်များ အား အဖွဲ့လိုက်ဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ပါသည်။ နောက်ဆက်တွဲ (၂) ဖြင့် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်အသေးစိတ်အား ဖော်ပြထားပါသည်။

## ၇။ အလုပ်ရုံဆွေးနွေးပွဲပထမနေ့ (၂၁-၂-၂၀၁၉ ရက်နေ့)

### ၇.၁။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အဖွင့်မိန့်ခွန်းပြောကြားခြင်း




မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းမှ အဖွင့် အမှာစကား ပြောကြားရာတွင် တွင်းထွက် သယံဇာတထုတ်ယူ သုံးစွဲခြင်းဆိုင်ရာ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ လက်ရှိအနေအထား အပေါ် သုံးသပ်လေ့လာကာ အနာဂတ်တွင် နိုင်ငံတော်နှင့်အညီ ပိုမိုပွင့်လင်း မြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိလာစေရန် ရှေ့ရှုကာ ပြုပြင်ပြောင်းလဲရေးအတွက် ဆွေးနွေး အဖြေရှာကြရမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများ ၏ တာဝန်ရှိပုဂ္ဂိုလ်များမှ လက်ရှိ ဆောင်ရွက်နေသည့် အနေအထားများအား ရှင်းလင်းကြမည် ဖြစ်ကြောင်း၊ ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မတိုင်မီနှစ်အဆက်ဆက်တွင် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေများအား နိုင်ငံတော်ရန်ပုံငွေအောက်မှ စီစဉ်ဆောင်ရွက်ခဲ့ကြ ကြောင်း၊ ရငွေ များသည် နိုင်ငံတော်ရန်ပုံငွေသို့ စီးဆင်းကာ သုံးစွဲမည့် ငွေများအား ဘတ်ဂျက်လျာထားချက်များ နှင့် နိုင်ငံတော်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲရကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အသားတင် အမြတ် ၃၀% အားဝင်ငွေခွန်အဖြစ် နိုင်ငံတော်အား ပေးဆောင် ရကာ ကျန် ၇၀% သည် နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ပေးဆောင်ရကြောင်း၊

ဒီမိုကရေစီအစိုးရလက်ထက်သို့ ကူးပြောင်းလာသောအခါ ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်ကာ သယံဇာတနှင့် သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား စီးပွားရေးဆန်ဆန် ဆောင်ရွက်ရန်နှင့် မိမိတို့ ငွေကြေးအင်အားအပေါ်သာ မိမိတို့ ရပ်တည်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြောင်းလဲ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းအစီအစဉ်အရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (Other Accounts) အား စာရင်းဖွင့် ခွင့်ပြုခဲ့ကြောင်း၊ ယင်းစာရင်းများအပေါ် မူတည်၍ ပထမအဆင့်တွင် သာမန်အသုံးစရိတ် များ၊ ဒုတိယအဆင့်တွင် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ တတိယအဆင့်တွင် သာမန် အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ်စသည့် အသုံးစရိတ်များအား မိမိတို့ ဘဏ္ဍာငွေဖြင့်သာ ဆောင်ရွက်ရန်ရည်ရွယ်၍ ချမှတ်ခြင်းဖြစ်ကြောင်း၊ ယင်း

Other Account စာရင်းများ သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း အောက်တွင်သာရှိကြောင်း၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်များတွင် အပြည့်အဝ ပါဝင်နေသည်ကို တွေ့နိုင်ကြောင်း၊

လွှတ်တော်မှ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ဖော်ပြထားသည့် အသုံးစရိတ်များအတိုင်းသာ ထုတ်ယူသုံးစွဲခွင့်ရှိကြောင်း၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အခြေအနေအရ Other Account စာရင်းများ၏ လက်ကျန်၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ်များအား မိမိတို့ ဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲနိုင်သည့်အဖွဲ့အစည်း ရှစ်ခုရှိကြောင်း၊ အများစုသည် သဘာဝသယံဇာတကဏ္ဍမှ အမြတ်အစွန်းရရှိသည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများဖြစ်ကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေသည် နိုင်ငံတော်ရငွေ၏ ၄၅% ခန့် ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရမှ ပြည်သူများအတွက် အသုံးစရိတ်များသည် အခွန်အခတစ်ခုတည်းမှ ကျခံသုံးစွဲနေခြင်း မဟုတ်ကြောင်း၊ အခွန်အခရငွေများအနေဖြင့် ၄၀-၄၅% ခန့်သာ ရှိကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများသည် နိုင်ငံတော်မှ နှစ်စဉ်သုံးစွဲနေရသည့် ဘတ်ဂျက်အသုံးစရိတ်များအတွက် အရေးပါသည့် အခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား ပြုပြင်ပြောင်းလဲရန် စဉ်းစားသည့်အခါ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ နိုင်ငံတော်ရငွေအတွက်လည်း စနစ်တကျ ရှာဖွေပေးရန်နှင့် သယံဇာတ ထုတ်ယူသုံးစွဲမှုများတွင် စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရန် အချက်များအား အလေးထား စဉ်းစားရမည် ဖြစ်ကြောင်း၊

နိုင်ငံတော်အနေဖြင့် EITI Compliant Country ဖြစ်အောင်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကဏ္ဍပြောင်းလဲမှုများအတွက် ကဏ္ဍအလိုက်၊ ဌာနအလိုက်၊ မိတ်ဖက်ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအလိုက် ဆောင်ရွက်နေခြင်းများ ရှိကြောင်း၊ ဥပမာ ကမ္ဘာ့ဘဏ်နှင့် ဆောင်ရွက်နေသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး (Public Financial Management Reform) လုပ်ငန်းစဉ်တွင်လည်း နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေများကို သုံးသပ်ကာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများပြုပြင်ပြောင်းလဲရေးအတွက် ဆွေးနွေးညှိနှိုင်း အဖြေရှာလျက် ရှိကြကြောင်း၊

နော်ဝေနိုင်ငံမှ Oil for Development Programme အောက်တွင်လည်း Technical Assistance များရယူကာ Natural Resource Fund တည်ထောင်ရန်နှင့် သဘာဝသယံဇာတလုပ်ငန်းများဆိုင်ရာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်မည့် အစီအစဉ်များ ရှိကြောင်း၊ တွင်းထွက်သယံဇာတများအား စနစ်တကျထုတ်ယူသုံးစွဲမှုမရှိလျှင် ကုန်ဆုံးသွားမည် ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ သယံဇာတကျိန်စာအား ကမ္ဘာကပင် လက်ခံထားကြောင်း၊ စနစ်တကျ ထုတ်ယူသုံးစွဲမှုနှင့် ပွင့်လင်းမြင်သာမှု မရှိပါက နိုင်ငံတော်နှင့် ပြည်သူအတွက် တာဝန်မကျေရာ

ရောက်နိုင်ကြောင်း၊ စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရန် ရေရှည်တည်တံ့ ခိုင်မြဲသည့် အဖွဲ့အစည်း၊ ပတ်ဝန်းကျင်၊ နိုင်ငံတစ်ခု ဖြစ်ရန်၊ ရရှိလာသော ဘဏ္ဍာငွေများအား နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိရှိ သုံးစွဲနိုင်ရန် အရေးပါကြောင်း၊

ယနေ့ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၊ Renaissance Institute (RI) နှင့် Natural Resource Governance Institute (NRGI) တို့ပူးပေါင်းပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ သဘာဝသယံဇာတနှင့်ပတ်သက်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား မည်သို့ပြုပြင် ပြောင်းလဲသင့်သည်အတွက် မူဝါဒပိုင်း ဆိုင်ရာ အကြံပြုချက်များ ရရှိလာလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့ပါသည်။

## ၇.၂။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးမှ မိတ်ဆက်စကားပြောကြားခြင်း




မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၊ Renaissance Institute ၏ အမှုဆောင်ဒါရိုက်တာ ဦးစိုးဝင်းမှ မိတ်ဆက်စကား ပြောကြားရာတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်သည် တွင်းထွက်သယံဇာတ ထုတ်ယူမှုနှင့် သက်ဆိုင်သည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ အား ပိုမိုပွင့်လင်းမြင်သာစေရန်နှင့် ၎င်းတို့မှ ရရှိလာမည့် အကျိုး ကျေးဇူးများအား နိုင်ငံသူ၊ နိုင်ငံသားများ ခံစားသိရှိစေရန် လိုအပ်သည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဆက်လက် လုပ်ဆောင်သွားနိုင်ရန် ဖြစ်ကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ ပိုမိုပွင့်လင်းမြင်သာစေရန်နှင့် အများပြည်သူများ ပိုမိုသိရှိစေရန် အတွက် ဒုတိယအကြိမ်နှင့် တတိယ အကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာများတွင် အကြံပြု တိုက်တွန်းချက် (၁) ချက်၊ ဆန်းစစ်လေ့လာ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အရ နိုင်ငံတကာ EITI အတွင်းရေးမှူး ရုံးမှ ပေးပို့လာသည့် Initial Assessment Report နှင့် လွတ်လပ်သောအကဲဖြတ် လေ့လာဆန်းစစ်သူ Independent Validator တို့မှ ပေးပို့လာသော အကဲဖြတ်ဆန်းစစ်ခြင်း အစီရင်ခံစာမူကြမ်းတို့တွင် အကြံပြုတိုက်တွန်းချက်များ (၅) ချက် ပါဝင်ကြောင်း၊ တွင်းထွက်သယံဇာတနှင့် ပတ်သက်သည့် နိုင်ငံတော် ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရန် မြန်မာနိုင်ငံ EITI Work Plan တွင် ထည့်သွင်းရေးဆွဲကာ ၂၃-၁-၂၀၁၉ ရက်နေ့တွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ အကြို ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ် ခဲ့ကြောင်း၊

တွင်းထွက်သယံဇာတနှင့်ပတ်သက်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်စပ်သော ဌာနများမှ လက်ရှိဆောင်ရွက်လျက်ရှိသော စီမံအုပ်ချုပ်မှု၊ အနာဂတ် လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေး

ခြင်းနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ နိုင်ငံတကာ အတွေ့အကြုံများ၊ စိန်ခေါ်မှုအခက်အခဲများ၊ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်သည့် အတွေ့အကြုံများအား ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်မည် ဖြစ်ကြောင်း၊ တွင်းထွက်သယံဇာတနှင့်ပတ်သက်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပွင့်လင်းမြင်သာ၍ ပိုမိုထိရောက်သည့်လုပ်ငန်းစဉ်အား ဆောင်ရွက်နိုင် ရန် ဤအလုပ်ရုံဆွေးနွေးပွဲတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း၊ ဤအလုပ်ရုံဆွေးနွေးပွဲသည် ကနဦး အခြေခံသာဖြစ်ကြောင်း၊ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအား ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များသည် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်နှင့် သက်ဆိုင်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများအတွက် ရှေ့ရှုကာ အပြုသဘောဆောင် တင်ပြရှင်းလင်းရန် တိုက်တွန်းကြောင်း ပြောကြားခဲ့ပါသည်။

## ၇.၃။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်း အစီအစဉ်များအား ရှင်းလင်းတင်ပြခြင်း

### (က) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဘတ်ဂျက်ဌာနခွဲမှ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို ၁၉၄၈ ခုနှစ်မှစတင်၍ လက်ရှိအချိန်အထိ စီမံခန့်ခွဲ ဆောင်ရွက်နေပုံ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဥပဒေအား ၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ဥပဒေတွင် အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများ အကြောင်းနှင့် အခန်း (၆)၊ ပုဒ်မ (၁၁) တွင် "ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့ကလည်းကောင်း၊ လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်းကောင်း ထုတ်ပြန်နိုင်သည်" ဟု ဖော်ပြထားကြောင်း၊ လက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှု အစီအစဉ်များနှင့်စပ်လျဉ်း၍ စတင်ဆောင်ရွက်ပုံ၊ ရည်ရွယ်ချက် နှင့်အစီအစဉ်တို့ကိုလည်း ရှင်းလင်းတင်ပြခဲ့ပါသည်။

လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာတွင်လည်း လက်ရှိတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုင်းတာသည့် ညွှန်းကိန်းဖြစ်သည့် လုပ်ငန်းကုန်ကျစရိတ် နှင့် ဝင်ငွေအချိုးဖြင့် (Operating Ratio) ဖြင့် အဖွဲ့အစည်း တစ်ခုခြင်းအား စိစစ်သုံးသပ်လျက် ရှိကြောင်း၊ သယံဇာတ တူးဖော်ထုတ်လုပ်သည့် အဖွဲ့အစည်းများ၏ အရ၊ အသုံးများကိုသာမက နိုင်ငံတော်သို့ပေးဆောင်မည့်အခွန်များ နှင့် နိုင်ငံတော်သို့ထည့် ဝင်ငွေခန့်မှန်းခြေစာရင်းများ နှင့် သက်ဆိုင်ရာအချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစေရန် နှစ်စဉ် Citizen's Budget၊ Budget Brief၊ Budget Speech များနှင့် မြန်မာနိုင်ငံ EITI report များတွင်လည်း ဖော်ပြခဲ့ကြောင်း၊ သယံဇာတ တူးဖော်ထုတ်လုပ်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့် ဆက်စပ်ရရှိသည့် အခွန်များကို ပြည့်ပြည့်ဝဝရရှိ

နိုင်ရန်နှင့် ပြည်သူသို့ ပွင့်လင်းမြင်သာစွာ ချပြနိုင်ရန် IMF, World Bank နှင့် NORAD တို့၏ အကူအညီဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိကြောင်းလည်း တင်ပြခဲ့ပါသည်။

ရှေ့လုပ်ငန်းစဉ်များကို တင်ပြရာတွင်လည်း Myanmar Public Expenditure (PER-2 2017) တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပြုပြင်ပြောင်းလဲမှုများကို သုံးသပ်တွေ့ရှိချက်အရ အောက်ပါ အုပ်စု (၄) စုအဖြစ် မူဘောင်အသစ်ကို ကျင်းသုံးသင့်ကြောင်း -

- သဘာဝသယံဇာတနှင့် သက်ဆိုင်သော
- အစိုးရထောက်ပံ့မှုမလိုအပ်ဘဲ စီးပွားရေးအရ ရပ်တည်နိုင်သော
- အစိုးရအထောက်အပံ့ဖြင့် စီးပွားရေးအရ ရပ်တည်နိုင်သော
- ရပ်တည်နိုင်ခြင်းမရှိသော အဖွဲ့အစည်းများ တင်ပြခဲ့ပါသည်။

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ Other Account လက်ကျန်စာရင်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံစီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးရာကော်မတီ (NECC) ၏ ဆုံးဖြတ်ချက်အား ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပြီး နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း များအပေါ် သုံးသပ်တင်ပြချက်အနေဖြင့် (၁) နိုင်ငံတော်ပိုင်အဖြစ် ဆက်လက်ထားရှိသင့် သည့် အဖွဲ့အစည်းနှင့် (၂) နိုင်ငံတော်ပိုင်အနေဖြင့် ဆက်လက်ထားရှိရန် သင့်၊ မသင့်စဉ်းစားရမည့် အဖွဲ့အစည်းများဟု အမျိုးအစား (၂) မျိုးဖြင့် ခွဲခြားဖော်ပြခဲ့ပြီး အမျိုးအစား (၁) အနေဖြင့် နိုင်ငံ၏ သယံဇာတ အရင်းအမြစ်များကို တူးဖော်ထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေရရှိသော အဖွဲ့အစည်း၊ အခြေခံစီးပွားရေး အဆောက်အဦနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်သောကဏ္ဍဖြစ်သည့် လျှပ်စစ်ဓါတ်အား ထုတ်လုပ်သည့် အဖွဲ့အစည်းများ အားထားရှိသင့်ကြောင်း၊ အမျိုးအစား (၂) တွင် ထားရှိသင့်သော အဖွဲ့အစည်းများအနေဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့်အဖွဲ့အစည်းများ၊ ကော်ပိုရေးရှင်းအသွင် ကူးပြောင်းနိုင်မည့် အဖွဲ့အစည်းများ၊ နှစ်စဉ်အရှုံးပေါ်ပေါက်နေသည့် စက်ရုံ၊ အလုပ်ရုံများ၊ ဈေးကွက် အတွင်း ယှဉ်ပြိုင်နိုင်စွမ်းမရှိသည့် အဖွဲ့အစည်းများဟု ခွဲခြားသင့်ကြောင်း သုံးသပ်တင်ပြ သွားခဲ့ပါသည်။
(နောက်ဆက်တွဲ (၃.၁) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲဖော်ပြထားသည်။)

### (ခ) ငွေတိုက်ဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း

ငွေတိုက်ဦးစီးဌာနမှ ရှင်းလင်းတင်ပြရာတွင် လိုငွေဖြည့်ဆည်းခြင်း၊ ပြည်ပကြွေးမြီ၊ ပြည်တွင်းကြွေးမြီ၊ ကြွေးမြီစီမံခန့်ခွဲမှု နှင့် အစိုးရ၏ အာမခံချက်အကြောင်းဟူ၍ အပိုင်း (၄) ပိုင်းခွဲကာ ရှင်းလင်းတင်ပြခဲ့ပြီး လိုငွေဖြည့်ဆည်းရာတွင် ပြည်တွင်းမှ ငွေချေးယူခြင်း နှင့် ပြည်ပ မှ ငွေချေးယူခြင်းတို့ဆောင်ရွက်ကြောင်း၊ ပြည်တွင်းကြွေးမြီတွင် အစိုးရငွေတိုက် လက်မှတ်ရောင်းချခြင်း၊ အစိုးရငွေတိုက်စာချုပ်ရောင်းချခြင်း အကြောင်းတို့အား ရှင်းလင်းခဲ့ပါသည်။ ယင်းနောက် ပြည်ပကြွေးမြီတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေ၊ နှစ်နိုင်ငံအစိုးရကြားချေးငွေ နှင့် ကူးသန်းရောင်းဝယ်ရေး အဖွဲ့အစည်းများမှ ချေးငွေဟူ၍

(၃) မျိုးရှိကြောင်း နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပကြွေးမြီအခြေအနေတို့ကိုလည်း ရှင်းလင်းခဲ့ပါသည်။ ယင်းနောက် ကြွေးမြီစီမံခန့်ခွဲမှု၊ ကြွေးမြီရှင်းလင်းခြင်း နှင့် ပြုပြင်ပြောင်းလဲမှုများ၊ ကြွေးမြီခံနိုင်ရည်ရှိမှု ဆန်းစစ်ချက်၊ ပြည်တွင်းပြည်ပချေးငွေရယူသည့်လုပ်ငန်းစဉ် နှင့် အစိုးရ၏ အာမခံချက်အကြောင်းလည်း တင်ပြခဲ့ပါသည်။

ယင်းနောက် ငွေတိုက်ဦးစီးဌာနမှ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနေဖြင့် ပြည်ပငွေချေးယူခြင်းအား ကြွေးမြီခံနိုင်ရည်ရှိမှုဆန်းစစ်ချက် (Debt Sustainability Analysis - DSA) ပါ ညွှန်းကိန်းအလိုက် သတ်မှတ်ချက်အောက်တွင်ရှိရန်၊ ပိုမိုပြည့်စုံသော ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ (Medium-term Management Debt Strategy - MTDS) ရေးဆွဲရန်၊ ငွေတိုက် စာချုပ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန်၊ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန်နှင့် ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်တို့ ဆောင်ရွက်ရန်ရှိကြောင်း ရှင်းလင်းခဲ့ပါသည်။

(နောက်ဆက်တွဲ (၃.၂) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲဖော်ပြထားသည်။)

## (ဂ) ဗဟိုစာရင်းအင်းအဖွဲ့မှ ရှင်းလင်းတင်ပြခြင်း

ဗဟိုစာရင်းအင်းအဖွဲ့မှ ရှင်းလင်းတင်ပြရာတွင် စာရင်းအင်းဥပဒေသည် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့မှ စတင်အသက်ဝင်လာကြောင်း၊ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for the Development of Statistics) ဖော်ဆောင်နိုင်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (၁၀) ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်ဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့ (Energy Statistics Cluster) တစ်ခု အပါအဝင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း အကောင်အထည်ဖော်ရာ၌ စောင့်ကြည့်အကဲဖြတ်နိုင်စေရန်အတွက် အမျိုးသား ညွှန်းကိန်းမူဘောင်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအား အသစ်ပြန်လည်ဖွဲ့စည်းထားကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။ ယင်းနောက် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာတွင်ပါဝင်သည့် အဖွဲ့များ၊ မြန်မာနိုင်ငံ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ညွှန်းကိန်းမူဘောင် လုပ်ငန်းစဉ်အကြောင်းနှင့် ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်လျက်ရှိသည့် လစဉ်စီးပွားရေး ညွှန်းကိန်းစာစောင်၊ သုံးလပတ်စာရင်းအင်းစာစောင် နှင့် နှစ်စဉ်မြန်မာစာရင်းအင်းစာစောင် တို့အကြောင်းလည်း တင်ပြခဲ့ပြီး ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ၊ ကျောက်စိမ်းကျောက်မျက်ကဏ္ဍနှင့် သတ္တုကဏ္ဍတို့၏ ထုတ်လုပ်မှုစာရင်းများကို ထုတ်နှုတ်တင်ပြခဲ့ပါသည်။

ထို့နောက် ရှေ့ဆက်ဆောင်ရွက်မျှား လုပ်ငန်းများအနေဖြင့် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရန်နှင့် အရည်အသွေး ပြည့်ဝရန်၊ အရည်အသွေးပြည့်ဝပြီး ယုံကြည်စိတ်ချရသော စာရင်းအင်း အချက်

အလက်များကို အချိန်နှင့်တပြေးညီ ပြုစုပံ့ပိုးပေးနိုင်ရန်၊ အမျိုးသားညွှန်းကိန်းမူဘောင် (National Indicators Framework) ထူထောင်ရာတွင် လိုအပ်သော ညွှန်းကိန်းတစ်ခုဖြစ်သည့် Level of Progress in Meeting the 2016 EITI Standards အား EITI Committee အနေဖြင့် ကူညီ ဆောင်ရွက်ရန်တို့ လိုအပ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

(နောက်ဆက်တွဲ (၃.၃) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲ ဖော်ပြထားသည်။)

### (ဃ) စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း

စီမံကိန်းရေးဆွဲရေးဦးစီးဌာန မှ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လက်ရှိအခြေအနေ၊ မြန်မာနိုင်ငံ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း အရ ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာ ညွှန်ကြားချက်ပါ အချက်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေးစီမံချက်နှင့်မဟာဗျူဟာတစ်ရပ် ချမှတ်အကောင်အထည် ဖော်ပေးပါရန် လွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုအား အတည်ပြုထားပြီးဖြစ်ကြောင်းနှင့် နိုင်ငံတော်အနေဖြင့် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရာတွင် အခြားနိုင်ငံများ၏ အတွေ့အကြုံများကိုလေ့လာ၍ သင့်လျော်သည့် ဥပဒေစည်းမျဉ်းမူဝါဒများချမှတ်လုပ်ဆောင်ရန် လိုအပ်ကြောင်း ရှင်းလင်းခဲ့ပါသည်။ ယင်းနောက် မြန်မာနိုင်ငံ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအရ ရှေ့လုပ်ငန်းစဉ်များအရ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မျှော်မှန်းရလဒ်အနေဖြင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ အမှီအခိုကင်းပြီး ပွင့်လင်းမြင်သာ၍ တာဝန်ခံမှုရှိသည့် စီးပွားရေး စည်းမျဉ်းများဖြင့် တာဝန်ခံလုပ်ဆောင်နိုင်ရန် နှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုကို ဆက်လက်ဆောင်ရွက်သင့်ကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းကျောင်းနိုင်ရေး စဉ်းစားဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့ပါသည်။

(နောက်ဆက်တွဲ (၃.၄) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲ ဖော်ပြထားသည်။)

### (င) စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း

စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ ၎င်းတို့၏ ရည်မှန်းချက်၊ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ နှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ စိစစ်တင်ပြသည့် လုပ်ငန်းစဉ်၊ ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်၊ စိန်ခေါ်မှုများနှင့် အကြံပြုချက်တို့ကို ရှင်းလင်းတင်ပြခဲ့သည်။ အားနည်းချက်များအနေဖြင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ လုပ်ငန်းများမှ ပေးပို့လာ သော အချက်အလက်အများအပေါ် ပြုစုရခြင်း၊ ပေးပို့ လာသော အချက်အလက် ပြည့်စုံမှု နှင့် ခိုင်မာမှု အားနည်းခြင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာ စီမံဆောင်ရွက်မှု ရှုပ်ထွေးခြင်းနှင့် နိုင်ငံတကာအဆင့်မီ အစီရင်ခံစာဖြစ်ရန် လိုအပ်ခြင်းတို့ဖြစ်ပြီး နိုင်ငံတော်ပိုင် စီးပွားရေး

အဖွဲ့အစည်းများ လုပ်ငန်းများအတွက် စိန်ခေါ်မှုများ (Challenges) အနေဖြင့် အရည်အသွေး အဆင့်မမီခြင်း၊ တီထွင်ဖန်တီးလိုစိတ် မရှိခြင်း၊ နည်းပညာဆန်းသစ်မှု မရှိခြင်း၊ အင်တိုက်အားတိုက် အစွမ်းကုန် ဆောင်ရွက်မှု မရှိခြင်း၊ မိမိကုန်အမှတ်တံဆိပ် လူသိများအောင် ဆောင်ရွက်နိုင်မှု မရှိခြင်း၊ ပြင်ပမှတင်သွင်းလာသည့်ပစ္စည်းများနှင့် အရည်အသွေး၊ ဈေးနှုန်းများ ယှဉ်ပြိုင်နိုင်မှု မရှိခြင်း၊ ဈေးကွက် မရှိခြင်း၊ လိုအပ်သည်ထက်ပိုလျှံနေသော ဝန်ထမ်းအင်အားလစာနှင့်ပင်စင်စရိတ်၊ နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥပဒေ၊ မူဘောင်များ အားနည်းခြင်း၊ စီးပွားဖြစ်လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအားနည်းကြောင်း ရှင်းလင်းခဲ့ပါသည်။

အကြံပြုချက်များအနေဖြင့် ဝင်ငွေအရ ပိုမိုသောလုပ်ငန်းများကို ပိုမိုတိုးတက်လာစေရန်အတွက် လုပ်ငန်းခွင် စွမ်းဆောင်ရည်များ၊ စိတ်ဓါတ်ခွန်အားများ မြှင့်တင်ပေးခြင်း၊ နည်းပညာ ပိုမိုတိုးတက် လာစေရန်နှင့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ပိုမိုကောင်းမွန်စေရန် တွန်းအားပေးခြင်း၊ ဝန်ထမ်းများ လုပ်ငန်းခွင် ပျော်ရွှင်စေရန် ဆောင်ရွက်ခြင်း၊ ကုန်ကျစရိတ်အရ ပိုမိုသောလုပ်ငန်းများ အတွက် ပုဂ္ဂလိက ပိုင်ပြုလုပ်သင့်သည့် လုပ်ငန်းများ၊ ငှားရမ်းခြင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊ Corporatization၊ Joint Venture၊ Purchasing Power Parity တို့ဖြင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊ ဖျက်သိမ်းသင့်သည့် လုပ်ငန်းများကို ဖျက်သိမ်းခြင်း၊ ခိုင်မာတိကျ ရှင်းလင်းသော ဥပဒေများ ပြဋ္ဌာန်း၍ ဥပဒေကို လိုက်နာဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများရှိ ဝန်ထမ်းများနှင့် စပ်လျဉ်း၍ ခိုင်မာရှင်းလင်းသည့် မူဝါဒရှိရန် လိုအပ်ခြင်း၊ လုပ်သာကိုင်သာရှိသည့် ဝန်းကျင်ဖြစ်အောင် ဖန်တီးပေးခြင်း၊ အစိုးရဘက်မှ ပေးနိုင်သည့် အာမခံချက်များ၊ အထောက်အပံ့များကို ရှင်းလင်းမြင်သာစွာချပြခြင်း စသည်ဖြင့် အကြံပြုတင်ပြ ဆွေးနွေးခဲ့ပါသည်။

(နောက်ဆက်တွဲ (၃.၅) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲ ဖော်ပြထားသည်။)

## ၇.၄။ NRGI မှ သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စိန်ခေါ်မှု များအား ရှင်းလင်းတင်ပြခြင်း

သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စိန်ခေါ်မှုများကို NRGI မှ ရှင်းလင်းတင်ပြခဲ့ပြီး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ လုပ်ဆောင်ချက်များ တိုးတက်ကောင်းမွန်စေရန်အတွက် Line Ministry နှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်သင့်သည်များမှာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ အနေဖြင့် ရှင်းလင်းသည့် ရည်ရွယ်ချက်များ နှင့် Numerical and Bound Targets များထားရှိရန်၊ နှစ်စဉ်အစီရင်ခံစာများ နှင့် ဘဏ္ဍာရေးအစီရင်ခံစာများအား အများပြည်သူသိရှိနိုင်အောင်ဆောင်ရွက် ပေးရန်၊ လွတ်လပ်သောပြင်ပ စာရင်းစစ်ထားရှိရန်၊ Operational Roles နှင့် Regulatory Responsibilities ခွဲခြားဆောင်ရွက်ရန်၊

အုပ်ချုပ်မှုပိုင်းဆိုင်ရာတွင် ဆုကြေးများ (Management incentives) များထားရှိရန် တို့လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

## ၇.၅။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းမှ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်း အစီအစဉ်များအား ရှင်းလင်းတင်ပြခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းမှ လက်ရှိဆောင်ရွက် နေသော အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြရာတွင် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံ၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့်ပုံစံ၊ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း၏ အဓိကတာဝန်များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘတ်ဂျက် တောင်းခံမှုပုံစံ၊ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း ဘတ်ဂျက်အစီအစဉ်၊ တွင်းတူးဖော်ခဲ့မှု အခြေအနေ၊ ထုတ်လုပ်မှုလျာထားချက်အပေါ် လုပ်ငန်းအကောင်အထည် ဖော်နိုင်မှုအခြေအနေ၊ ဝင်ငွေနှင့် အသုံးစရိတ်၊ ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ အကြွေးနှင့်အစိုးရ အာမခံချက်အကြောင်းနှင့် ပွင့်လင်း မြင်သာမှု အတွက် ဆောင်ရွက်ချက်တို့ကို ရှင်းလင်းခဲ့ပါသည်။ ယင်းနောက် ၎င်းတို့၏ ဥပဒေပိုင်းဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

လက်ရှိဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများအနေဖြင့် ရေနံနှင့်သဘာဝထုတ်လုပ်မှု ကျဆင်းနှုန်းကို ထိန်းသိမ်းရန်၊ National Energy Master Plan နှင့် Myanmar Natural Gas Master Plan (မူကြမ်း) တို့ကို နိုင်ငံတကာအကူအညီဖြင့် ထုတ်ပြန်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော် အနေဖြင့် မြန်မာနိုင်ငံ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အဆိုပြုလိုသည့် စီမံကိန်းများကို ထည့်သွင်းဆောင်ရွက်လျက် ရှိကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီကို ရယူဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိစီးပွားရေး အခြေအနေအရ ဥပဒေ၊ နည်းဥပဒေနှင့်မူဝါဒများ ပြင်ဆင် ရေးဆွဲ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သယံဇာတလုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံစိတ်ချမှု ညွှန်ကြားချက်များနှင့်နည်းလမ်းများ ချမှတ် ရာ၌ ထိရောက်သော စီမံခန့်ခွဲမှုနှင့်အညီဆောင်ရွက်ရန်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဆောင်ရွက်ရာတွင် Regulatory နှင့် Operatory ပိုင်းဆိုင်ရာလုပ်ငန်းများအား တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည်တို့လိုအပ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

ယင်းနောက် ၎င်းတို့၏ စောင့်ကြည့်မှုလုပ်ငန်းစဉ်အကြောင်းကို တင်ပြခဲ့ပြီး မြန်မာ့ရေနံနှင့် သဘာဝ ဓါတ်ငွေ့လုပ်ငန်းအား နိုင်ငံတကာအဆင့်မီ Operator အဆင့်သို့ရောက်ရှိစေရေးအတွက် မြှင့်တင် ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် စိန်ခေါ်မှုများ အနေဖြင့် အခွန်စနစ်တွင် Specific Good Tax – SGT

စနစ်ပေါ်ပေါက်လာခြင်း၊ နိုင်ငံရေးလုပ်ငန်း တာဝန်များ (Political Functions) အကြား သဘောတူညီမှု ရရှိရန်လိုအပ်ခြင်း၊ ဥပဒေပိုင်းနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်ထားရှိရန်၊ ရှင်းလင်းသည့် နည်းဗျူဟာ ရှိရန်လိုအပ်ခြင်း၊ နည်းပညာပိုင်း နှင့် ငွေကြေးဆိုင်ရာအခက်အခဲများရှိသလို ကုန်းတွင်းလုပ်ကွက်များ အတွက် တူးဖော်တွေ့ရှိမှု အခွင့်အလမ်း နည်းပါးခြင်းနှင့် ကမ်းလွန်လုပ်ကွက်များ အတွက်မူ အလွန် နက်ရှိုင်းသည့် တူးဖော်မှုများ ဆောင်ရွက်ရ ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

(နောက်ဆက်တွဲ (၃.၆) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲ ဖော်ပြထားသည်။)

ရှင်းလင်းတင်ပြမှုအပြီးတွင် တက်ရောက်သူများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ ထိုအမေးအဖြေများ အား အောက်ပါအတိုင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း မှ International Operator အဖြစ် ဆောင်ရွက်နိုင်ရန် မည်ကဲ့သို့ လျာထားဆောင်ရွက် လျက်ရှိသနည်းဟု မေးမြန်းချက်အပေါ် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း တစ်ခုတည်း လုပ်ဆောင်၍ မရနိုင်ကြောင်း၊ ဝန်ကြီးဌာနနှင့် နိုင်ငံတော်မှ ပြောင်းလဲပေးမှ ရရှိနိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ဌာနတွင်း ဝန်ထမ်း၊ အရာထမ်းများအား နိုင်ငံခြားသို့ ပညာတော် သင်စေလွှတ်မှုများရှိကြောင်း၊ ကုမ္ပဏီများမှ Technical Transfer များ ရယူကာ ထိုနိုင်ငံခြားကုမ္ပဏီများ လုပ်ကိုင်ဆောင်ရွက်ပုံကိုလည်း လေ့လာလျက်ရှိကြောင်း၊ နိုင်ငံတော်ပံ့ပိုးမှုသည် သာ အဓိကဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

ဌာနမှ စိန်ခေါ်မှုတွင် နည်းပညာနှင့်ဘဏ္ဍာရေးအခက်အခဲရှိသည်ကို တင်ပြခဲ့ကြောင်း၊ ဝင်ငွေ Flow Chart တွင် Training Fund and Research & Development Fund အား တွေ့ရှိရကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၏တင်ပြမှုများတွင် Other Account သို့ ၅၅% ထည့်ဝင်မှုသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ အနေဖြင့် မိမိဘာသာရပ်တည်နိုင်ရန် ရည်ရွယ်ကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ဖြစ်သည့် MEC ဘဏ်သို့ ထို Fund များထည့်ဝင်ရကြောင်း၊ ဘဏ္ဍာငွေအား မည်သည့်ကဲ့သို့ သုံးစွဲနေသနည်း၊ သုံးစွဲမှုအပေါ် မည်သို့ခံယူထားသနည်း ဟု မေးမြန်း ချက်အပေါ် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း မှ ၄၅% အား နိုင်ငံတော်သို့ အခွန် ထမ်းဆောင်ပေးပြီး ကျန် ၅၅% အား Other Account သို့ နှစ်စဉ်ထည့်သွင်းထားကြောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းရှိ ကိန်းဂဏန်းများအရ ယခင်ဘတ်ဂျက်ပိတ်ချိန်တွင် မြန်မာ့ရေနံနှင့် သဘာဝ ဓါတ်ငွေ့လုပ်ငန်း ၏ Other Account ထဲတွင် ကျပ်ငွေ ရှစ်ဘီလီယံအထက် ရှိနေကြောင်း၊ ကုမ္ပဏီများမှ စာချုပ်ပါအတိုင်း နှစ်စဉ် Training Fund ထည့်သွင်းရကြောင်း၊ ထို Training Fund အား ထိန်းသိမ်းထားသည့် အဖွဲ့အစည်းတစ်ခုလည်း ရှိကြောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အတွက် Training၊ Training နှင့်ပတ်သက်သည့် ပစ္စည်းဝယ်ယူခွင့်များ တွင် သုံးစွဲသည်များရှိကြောင်း၊ ယင်း Training Fund အား သုံးစွဲလိုလျှင် နိုင်ငံတော်အစိုးရအဖွဲ့သို့

အဆင့်ဆင့် တင်ပြကာ ခွင့်ပြုချက်ရရှိမှသာ သုံးစွဲနိုင်ခြင်းဖြစ်ကြောင်း၊ Research & Development Fund ကိုမူ PSC စာချုပ်အရ ကုမ္ပဏီတွင် ထားရှိကာ စီမံကိန်းလုပ်ငန်းတစ်ခုလုံးနှင့် ပတ်သက်သည့် Research & Development လုပ်ငန်းစဉ်များတွင် သုံးစွဲခြင်းဖြစ်ကြောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့်တိုက်ရိုက်မသက်ဆိုင်ကြောင်း ဖြေကြားခဲ့ပါသည်။

## ၇.၆။ သတ္တုတွင်းဦးစီးဌာနမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဝါဒရေးရာများအား ရှင်းလင်းတင်ပြခြင်း

သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြရာတွင် ဝန်ကြီးဌာနဖွဲ့စည်းပုံ၊ သတ္တုတွင်းဦးစီးဌာန ၏ တာဝန်ဝတ္တရားများ၊ သတ္တုကဏ္ဍဆိုင်ရာ ထွက်ရှိထားသည့် အမိန့်ကြော်ငြာစာများ/ ညွှန်ကြားချက်များအကြောင်း၊ ကျင်းပခဲ့သည့် သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲများ၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် ဆွေးနွေးပွဲများအကြောင်း၊ သတ္တုတွင်းဦးစီးဌာနမှ စစ်ဆေးရေးအရာရှိချုပ်၏ တာဝန်ကိုထမ်းဆောင်ခြင်း၊ ဝန်ကြီးဌာနမှ ခွင့်ပြုထားသည့် လုပ်ကွက်များ၏ ပုံသေမြေငှားရမ်းခ နှင့် ဓါတ်သတ္တုခွန်များကောက်ခံခြင်းအကြောင်း နှင့် တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့၏ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ကြောင်း၊ EITI လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ဝန်ကြီးဌာန၏ Focal အဖြစ်ဆောင်ရွက်နေကြောင်း ရှင်းလင်းခဲ့ပါသည်။

ယင်းနောက် ဝန်ကြီးဌာန၏ စိန်ခေါ်မှုများအနေဖြင့်

(က) ဝန်ကြီးဌာန နှစ်ခုပေါင်းစပ်ခြင်း၊
(ခ) ခွင့်ပြုမိန့်များ နှင့် ဝန်ထမ်းအင်အား၊
(ဂ) အခွန်အခရရှိမှုများ၊
(ဃ) ဥပဒေ နှင့် နည်းဥပဒေအပေါ်လိုက်နာမှုများ၊
(င) Technology၊ လူ့စွမ်းအားအရင်းအမြစ် နှင့် ဝန်ထမ်းအင်အား၊
(စ) ကွင်းဆင်းစစ်ဆေးခြင်းနှင့် ခွင့်ပြုမိန့်ပါစည်းကမ်းများလိုက်နာမှု၊
(ဆ) ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာကိစ္စရပ်များ၊
(ဇ) တရားမဝင်တူးဖော်မှုများအား အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပါသည်။

(နောက်ဆက်တွဲ (၃.၇) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲ ဖော်ပြထားသည်။)

ရှင်းလင်းတင်ပြမှုအပြီးတွင် တက်ရောက်သူများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ ထိုအမေးအဖြေများအား အောက်ပါအတိုင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

နိုင်ငံတော်ပိုင်သတ္တုတွင်း မရှိတော့ပဲ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်တွင် အဘယ်ကြောင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ ရှိနေသနည်း၊ လက်ရှိဝန်ထမ်းအင်အားတွင် စီမံစစ်ဆေးနိုင်သည့် ကျွမ်းကျင်ပညာရှင် (Inspector) မည်မျှပါသနည်း၊ ဝန်ထမ်းမလုံလောက်မှုအတွက် နိုင်ငံတော်မှ မည်သည့်အစီအစဉ်များ ရှိသနည်းဟု မေးမြန်းချက်အပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် Periodical Inspection ကို တာဝန်ယူ စစ်ဆေးကြောင်း၊ Case by Case Inspection ကိုမူ သက်ဆိုင်ရာ Enterprise များမှ တာဝန်ယူ စစ်ဆေးကြောင်း၊ တင်ပြထားချက်တွင် ပါရှိသည့် Enterprise များတွင် Commercial Role နှင့် Regulator Role ရောထွေးနေသည့် ကိစ္စရှိကြောင်း၊ ၁၉၉၇ မတိုင်မီအထိ State-Owned Mines များအနေဖြင့်သာ ကျင်လည်ခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ အမှတ် (၁)၊ အမှတ် (၂)၊ အမှတ် (၃) များတွင် ယခင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ Practice အနေဖြင့် ကျန်ရှိနေကြောင်း၊ ယခုအချိန်တွင် သိမ်မွေ့ညင်သာစွာ မည်သို့ပြောင်းလဲမည်ကို စဉ်းစားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအတွင်းတွင် အမှုထမ်း၊ အရာထမ်း (၂၄၀၀) ကျော်ရှိနေပြီး တစ်နည်းနည်းဖြင့် ပြန်လည်ဖွဲ့စည်းရမည် ဖြစ်ကြောင်း၊

Capacity Level ကိုမူ ဖြေဆိုရန်ခက်ခဲကြောင်း၊ နိုင်ငံ၏ Commitment လည်း လိုအပ်ကြောင်း၊ ယခု သတ္တုတွင်းများတွင် Mining Engineering ရှိရမည်ဟု ချမှတ်လျက်ရှိသော်လည်း အခက်အခဲမှာ Industry ကမွေးထုတ်ပေးနိုင်ခြင်း မရှိခြင်းပင် ဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ်မှ Mining Engineering ကျောင်းဆင်းသည် အရေအတွက် အင်မတန်နည်းကြောင်း၊ ထို့ကြောင့် သတ္တုတွင်းတိုင်းတွင် ခန့်ထား၍ မဖြစ်နိုင်ကြောင်း၊ ရေရှည်အတွက် မိမိတို့ဝန်ကြီးဌာနနှင့် ပညာဝန်ကြီးဌာနတို့ညှိနှိုင်းကာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရေတိုအတွက် ဂျပန်၊ ကိုးရီးယားနိုင်ငံများသို့ ပညာတော်သင်များစေလွှတ်ခြင်း၊ ဂျာမနီနိုင်ငံနှင့် ပူးပေါင်းကာ Inspector TOT Training များ ပြုလုပ်ခြင်း၊ ထို Training များမှ Technical Transfer ပြုလုပ်ခြင်းများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

အဘယ်ကြောင့်လုပ်ကွက်များလျော့သွားကာ တရားမဝင်လုပ်ကွက်များ ပေါ်လာသနည်း၊ စာချုပ်များနှင့် ပတ်သက်၍ ရှင်းပြပေးပါရန်နှင့် Monitoring လိုအပ်နေသည်ကိုတွေ့ရှိရသဖြင့် မည်သို့ဆောင်ရွက်ရန် ရှိပါသနည်းဟု မေးမြန်းချက်အပေါ် တရားမဝင်သတ္တုတူးဖော်မှုသည် လိုင်စင်များရုပ်သိမ်းခြင်းကြောင့် ပေါ်လာခြင်းမဟုတ်ကြောင်း၊ လူသူအရောက်အပေါက်နည်းသည့် နေရာများတွင်သာ ဖြစ်လေ့ရှိကြောင်း၊ အချို့ဒေသများတွင် ဒေသဆိုင်ရာအာဏာပိုင်များမှ သတ်မှတ်အခွန်အခများပေးသွင်းစေကာ တူးဖော်ခြင်းသည် လိုင်စင်မရှိသည့်အတွက် တရားမဝင်သတ္တုတူးဖော်မှုဖြစ်ကြောင်း၊ ထိုကိစ္စရပ်ကာ ဖြေဖျောက်ရန် လက်လုပ်လက်စားလိုင်စင်ချထားပေးမှုများ ဆောင်ရွက်ရာတွင် ကန့်သတ်ချက် များကိုလည်း ဖြေလျော့ ထားကြောင်း၊

သတ္တုတွင်းဥပဒေရေးဆွဲစဉ်က လုပ်ငန်းရှင်များနှင့်ဆွေးနွေးမှုများ၊ လွှတ်တော်တွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ Profit-Sharing သို့မဟုတ် Production-Sharing သို့မဟုတ် Equity ဖြင့်ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ထိုသုံးခုအတွင်းမှသာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထိုသုံးခုမဟုတ်ပဲ Resource Rental Tax ဖြင့်လုပ်ဆောင်ရမည်ဆိုလျှင် ဥပဒေကို ပြင်ဆင်ရမည်ဖြစ်သဖြင့် ခဲယဉ်းကြောင်း၊ ယင်းကိစ္စရပ်အား သင့်တော်စွာ မည်သည့် စကားလုံးဖြင့် အစားထိုးမလဲ ဆိုသည်ကို စဉ်းစားရမည်ဖြစ်ကြောင်း၊ Tax Regime ကိုလည်း စဉ်းစားရမည် ဖြစ်ကြောင်း၊ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာအား လေ့လာကြည့်သောအခါ မြန်မာနိုင်ငံရှိ ကုမ္ပဏီများတွင် ringfencing မရှိသည်ကို တွေ့ရကြောင်း၊ ထိုကိစ္စရပ်အား ပြန်လည်ဆွေးနွေး ရမည်ဖြစ်ကြောင်း၊

PSC ဖြစ်သည့်အတွက် အခဖြစ်နေသဖြင့် ဝင်ငွေခွန်တွက်ရာတွင် ခုနှိမ်၍ မရနိုင်သည့် ကိစ္စရပ်များကိုလည်း ပြန်လည်စဉ်းစားရမည်ဖြစ်ကြောင်း၊ နည်းဥပဒေအသစ်အရ ၂၀၁၉ ခုနှစ်၊ မေလ (၃၁) ရက်မတိုင်မီ အသေးစားလုပ်ငန်းများအားလုံးသည် အလတ်စားအဖြစ်စာချုပ် ပြန်လည်ချုပ်ဆိုရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ Enterprise နှင့် အကျေအလယ်ညှိနှိုင်းပြီးမှ စာချုပ်ချုပ်ဆို နိုင်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ Fair Played ဖြစ်ရန်လည်း ကြိုးစားနေကြောင်း၊ Effective Tax Rate ကို ၅၀% ဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ Revenue Decline ဖြစ်ခြင်းသည် Tax Rate များခြင်းကြောင့် ဖြစ်ကြောင်း၊ ထိုကိစ္စရပ်အား မည်သို့ကုစားမည်ကို ဝိုင်းဝန်းဆွေးနွေးကာ မကြာမီကာလအတွင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြား ခဲ့ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနမှလည်း မြန်မာနိုင်ငံရှိ ကုမ္ပဏီများတွင် ringfencing မရှိသည်ကို တွေ့ရခြင်း၊ PSC ဖြစ်သည့်အတွက် အခဖြစ်နေသဖြင့် ဝင်ငွေခွန်တွက်ရာတွင် ခုနှိမ်၍ မရနိုင်သည့် ကိစ္စရပ်များကိုလည်း ပြန်လည်စဉ်းစားရမည့်ကိစ္စရပ်နှင့် Revenue Decline ဖြစ်ခြင်းသည် Tax Rate များခြင်းတို့နှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေအသစ်တွင် ringfencing နှင့်ပတ်သက်၍ ထည့်သွင်း ရေးဆွဲလျက်ရှိကြောင်း၊ ဝင်ငွေခွန် ဥပဒေ၊ စည်းမျဉ်းများ၊ နည်းဥပဒေများနှင့်အညီ ခုနှိမ်ခွင့်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

Revenue Decline ဖြစ်ခြင်းသည် Tax Rate များခြင်းကြောင့် မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ၏ Tax Rate သည် အာဆီယံနိုင်ငံများမှ ကောက်ခံသည့် အခွန်နှုန်းများနှင့် နှိုင်းယှဉ်ပါက မများပါကြောင်း၊ ပုဂ္ဂိုလ်စု/ ကုမ္ပဏီများအပေါ် ဝင်ငွေခွန်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ၃၀%၊ မလေးရှားနိုင်ငံတွင် ၂၅%၊ ထိုင်းနိုင်ငံ တွင် ၂၀%၊ မြန်မာနိုင်ငံ တွင် ၂၅% ကောက်ခံပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် အနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ၁၀%၊ မလေးရှားနိုင်ငံတွင် ၆%၊ ထိုင်းနိုင်ငံတွင် ၇%၊ မြန်မာနိုင်ငံတွင် ၅% ကောက်ခံပါကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကျန်းမာရေး လုပ်ငန်း၊ ပညာရေးလုပ်ငန်း များနှင့် သက်ဆိုင်သည့် ကုန်ပစ္စည်း နှင့် အခြေခံစားသောက်ကုန်များ

အပေါ်တွင် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခွင့်ပြုပေးသဖြင့် အချို့အခွန်များ လျော့နည်းကောက်ခံရရှိသော်လည်း ပြည်တွင်း အခွန်များဦးစီးဌာန အနေဖြင့် အခွန်အရပ်ရပ်အပေါ်တွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် ကောက်ခံရရှိခဲ့ပါကြောင်း မှတ်ချက်ပြုခဲ့ပါသည်။

## ၇.၇။ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်း အစီအစဉ်များအား ရှင်းလင်းတင်ပြခြင်း

အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ စိန်ခေါ်မှုများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ၎င်းတို့၏ ဖွဲ့စည်းပုံ၊ မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ်များအကြောင်း၊ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများအကြောင်း၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း မှတာဝန်ယူဆောင်ရွက်နေသော သတ္တုနှင့်စက်မှုတွင်းထွက်ကုန်ကြမ်းများ အကြောင်း၊ ဓါတ်သတ္တုအမျိုးအစား အလိုက်ထုတ်လုပ်မှုလုပ်ကွက်များစာရင်း နှင့် အမှတ် (၁) သတ္တုတွင်း လုပ်ငန်းမှ ရေးဆွဲထားသည့် လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures) အကြောင်းကို ရှင်းလင်းခဲ့ပါသည်။

ယင်းနောက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ (၂၀၁၈) နှင့်အညီ ဓာတ်သတ္တုလုပ်ကွက်များကိုအလတ်စား ထုတ်လုပ်မှု လုပ်ငန်းများသို့ ၂၀၁၉ ခုနှစ်၊ မေလ (၃၁) ရက်နေ့အပြီး ပြောင်းလဲဆောင်ရွက်သွားရန်၊ အလတ်စားထုတ်လုပ်မှု ကူးပြောင်းဆောင်ရွက်မည့် လုပ်ကွက်များကို ၂၀၁၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အပြီး သတ္တုသိုက်အစီရင်ခံစာ (သ-၂) အဆင့်နှင့် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာ (Feasibility Study) တို့ အတည်ပြုဆောင်ရွက်ရန်လျာထားကြောင်း၊ အလတ်စားပြောင်းလဲမည့် စာချုပ်များကို ၂၀၁၉ခုနှစ် ဧပြီလအတွက် ချုပ်ဆိုရန်လျာထားပြီး ၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်နေ့ မတိုင်မီ အပြီးသတ်ဆောင်ရွက်နိုင်ရန် လျာထားလျက်ရှိကြောင်း၊ သတ္တုနှင့် စက်မှုတွင်းထွက်ကုန်ကြမ်းများကို နိုင်ငံဝင်ငွေတိုးတက်ရရှိရေး၊ ဒေသခံများ အလုပ်အကိုင်ရရှိရေး၊ နည်းပညာ နှင့် ရင်းနှီးမြှုပ်နှံမှုများ ပြည်တွင်းသို့ရောက်ရှိရေး အတွက်ဆင့်တက်ပြီးမှ ပြည်ပတင်ပို့ ရောင်းချရန် ဦးတည်ဆောင်ရွက်လျက် ရှိပါသည်၊ ပြည်ပဈေးကွက်သို့ ပုံမှန်တင်ပို့ရောင်းချနိုင်သည့် အခြေအနေရှိပြီး ပြည်ပဝယ်လိုအားမရှိသဖြင့် ကာလကြာရှည် မရောင်းချနိုင်သည့် အခြေအနေတွင် မရှိကြောင်း သုံးသပ်တွေ့ရှိရကြောင်း၊ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဌာန၏ အင်တာနက်စာမျက်နှာ (Website) များတွင် အချိန်နှင့်တပြေးညီ ထုတ်ပြန်ခြင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်သတ္တုထုတ်လုပ်သည့် ကုမ္ပဏီများကို ဝန်ကြီးဌာနအတွင်း လုပ်ငန်းဌာနများ ပူးပေါင်းအဖွဲ့များဖြင့် ပုံမှန်စစ်ဆေးခြင်း၊ ထူးခြားသည့် အခြေအနေဖြစ်စဉ်များအပေါ် မူတည်ပြီး သီးခြားအဖွဲ့များဖွဲ့၍ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိ ကြောင်း တင်ပြခဲ့ပါသည်။

ယင်းနောက် ၎င်းတို့၏ စိန်ခေါ်မှုများအနေဖြင့် ခါတ်သတ္တုတူးဖော်ခွင့်ပြုမိန့်ရ လုပ်ကွက်များ သို့ မြေနေရာ ကျူးကျော်၍ လျော်ကြေးငွေတောင်းခံခြင်း၊ ဓါတ်သတ္တုသယ်ဆောင်မည့် လမ်းကြောင်းများ၊ လုပ်ငန်းခွင် လမ်း ကြောင်းများကို ပိတ်ဆို့တားဆီးခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်း၊ လူအင်အား အသုံးပြုခိုးယူခြင်းများ၊ မှန်ကန်မှုမရှိသောအကြောင်းအရာများကို ဖော်ပြတိုင်ကြားမှုများကို အချိန်ပေးဖြေရှင်း ဆောင်ရွက်နေရမှု များ ကို ရင်ဆိုင်နေရကြောင်း ရှင်းလင်းခဲ့ပါသည်။

(နောက်ဆက်တွဲ (၃.၈) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲ ဖော်ပြထားသည်။)

ရှင်းလင်းတင်ပြမှုအပြီးတွင် တက်ရောက်သူများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ ထိုအမေးအဖြေများ အား အောက်ပါအတိုင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

နိုင်ငံခြားသားပညာရှင် သတ်မှတ်ချက်အား မည်သို့သတ်မှတ်သနည်း၊ ခေါ်ယူသည့်အခါ မည်သို့ စိစစ်ခေါ်ယူသနည်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှုရှိပါသလားဟု မေးမြန်းချက် အပေါ် Joint Venture (JV) လုပ်ငန်း လုပ်ကိုင်သည့်အခါ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေအတိုင်း ခေါ်ဆို ကြောင်း၊ ပညာရှင်များသာမက အလုပ်ကြမ်း လုပ်ကိုင်သူများလည်း ပါရှိကြောင်း၊ ကဏ္ဍအလိုက် ပညာရှင်များပါရှိသည့်အခါ ထိုသူများ၏ Certificate ရယူကာ တင်ပြ ဆောင်ရွက်ခဲ့ကြောင်း ဖြေကြားခဲ့ပါသည်။

မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင်ပါရှိသည့် အကြံပြုတိုက်တွန်းချက်တစ်ခုတွင် တပ်မတော်ပိုင်လုပ်ငန်းများ အား အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းတို့မှ စစ်ဆေးခြင်းမရှိဟုသည့် အချက်နှင့် တပ်မတော်ပိုင် Sub-contract လုပ်ငန်းများအား မည်သို့ဆောင်ရွက်နေသနည်း ဖြေရှင်းပေးပါရန် မေးမြန်းချက်အပေါ် လက်ရှိ၌ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းတွင် တပ်မတော်ပိုင် လုပ်ငန်းမရှိကြောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင့်တို့သည် ကုမ္ပဏီအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စစ်ဆေးမှုမရှိဆိုသည်မှာ မဟုတ်ကြောင်း၊ လုပ်ကွက်စစ်ဆေးသည့်အခါ မိမိတို့ဌာနမှ ဦးစီးသွားရောက်ပြီး ထူးခြားဖြစ်စဉ် ဖြစ်ပေါ်သည့်အခါ စစ်ဆေးရေးအရာရှိချုပ်ဦးဆောင်ကာ စစ်ဆေးလေ့ရှိကြောင်း၊ Sub-contract ကိုမူ နည်းဥပဒေအရ ခွင့်ပြုထားကြောင်း၊ Sub-contract ဖြစ်ကြောင်းတင်ပြလာလျှင် ဌာနမှတစ်ဆင့် ဝန်ကြီးရုံးသို့ တင်ပြကာ ဆောင်ရွက်လေ့ရှိကြောင်း၊ အချို့ ကိစ္စများကိုမူ ထူးခြားဖြစ်စဉ် ဖြစ်မှသာ Sub-contract ဖြစ်ကြောင်း သိရှိရကြောင်း၊ တင်ပြထားခြင်း မရှိသည်ကို တွေ့ရှိရပါက သတ္တုတွင်းဥပဒေ၊ နည်းဥပဒေအရ ကုမ္ပဏီအား အရေးယူ ဆောင်ရွက်ခြင်းများ ရှိကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။

## ၇.၈။ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်း အစီအစဉ်များအား ရှင်းလင်းတင်ပြခြင်း

အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ လက်ရှိ လုပ်ငန်းဆောင်ရွက်ချက်များ၊ အခက်အခဲများ၊ စိန်ခေါ်မှုများ နှင့် ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြရာတွင် ၎င်းတို့၏ လက်ရှိလုပ်ငန်းဆောင်ရွက်ချက်များ၊ ဖွဲ့စည်းပုံ၊ ယခင်တာဝန်ယူဆောင်ရွက်ခဲ့သော သတ္တုတွင်းများ၊ လက်ရှိ တာဝန်ယူဆောင်ရွက်နေသော လုပ်ကွက်များ၊ အခွန်ဘဏ္ဍာကောက်ခံမှု၊ ဌာနအချိုး (In-kind) သတ္တုများအား ဆက်လက်ဆောင်ရွက်မှု နှင့် ငွေကြေးဆိုင်ရာဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ယင်းနောက် သတ္တုလုပ်ကွက်သစ်များ ချထားပေးရေးနှင့် ခွင့်ပြုပြီးလုပ်ကွက်များတွင် ကြုံတွေ့ရသော အခက်အခဲများကိုလည်း ရှင်းလင်းတင်ပြခဲ့ပြီး ၎င်းတို့ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ အနေဖြင့် သတ္တုတွင်းလုပ်ငန်းများနှင့်သက်ဆိုင်သည့် ကျွမ်းကျင်ပညာရှင်/ဝန်ထမ်းအင်အား နည်းပါးလာခြင်း၊ လုပ်ကွက်များအတွက် ချုပ်ဆိုမည့် အကျိုးအမြတ် ခွဲဝေမှုစနစ်ကိုလည်း နှစ်ဦးနှစ်ဘက် ရေရှည် လုပ်ကိုင်ဆောင်ရွက် သွားနိုင်သည့် အချိုးခွဲဝေမှုစနစ်ကို ပြောင်းလဲပေးရန် လိုအပ်ခြင်း၊ လက်ရှိ နိုင်ငံတော်မှ ကျင့်သုံးနေသည့် သယံဇာတမူဝါဒကြောင့် ဌာနအနေဖြင့် ရေရှည်တွင် ဆက်လက် ရပ်တည်နိုင်ရန် အခက်အခဲရှိလာခြင်း တို့ဖြစ်ကြောင်း၊

ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများအနေဖြင့် သတ္တုလုပ်ကွက်သစ်များ ခွင့်ပြုချထားပေးရေးနှင့် ပတ်သက်၍ လက်ရှိကျင့်သုံးနေသည့် လုပ်ထုံး လုပ်နည်းများကို ဖြေလျှော့ပေးပြီး နိုင်ငံတော်မှ သယံဇာတအခွန်အခ ရရှိရေး ဦးစားပေးပြီး လုပ်ဆောင် ပေးသင့်ကြောင်း၊ သတ္တုတွင်းလုပ်ငန်းများအား စနစ်တကျဖြစ်စေရန်အတွက် လိုအပ်သည့် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို လေ့ကျင့် မွေးထုတ်ပေးသင့်ကြောင်း၊ လက်ရှိကျင့်သုံးနေသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်မှ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ်သို့ ကူးပြောင်း ပေးသင့်ကြောင်း၊ တည်ဆဲမြန်မာ့သတ္တုတွင်းဥပဒေ/ နည်းဥပဒေများပါ စည်းကမ်းချက်များကို လိုက်နာစေရန် သက်ဆိုင်ရာ လုပ်ကွက်များ အနီးဝန်းကျင်တို့ရှိ ဒေသခံပြည်သူများအား အသိပညာပေး ဆွေးနွေးဟောပြောပေးသင့်ကြောင်း၊ သတ္တုကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားသယံဇာတမူဝါဒအား ခေတ်နှင့်လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင်ဆောင်ရွက်ပေးသင့်ကြောင်း ရှင်းလင်းတင်ပြ ခဲ့ပါသည်။
(နောက်ဆက်တွဲ (၃.၉) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲ ဖော်ပြထားသည်။)

ရှင်းလင်းတင်ပြမှုအပြီးတွင် တက်ရောက်သူများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ ထိုအမေးအဖြေများအား အောက်ပါအတိုင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

သတ္တုဈေးကွက်ပျောက်နေသဖြင့် ဘဏ္ဍာရေးဆိုင်ရာယှဉ်ပြိုင်မှု၊ ဈေးကွက်အတွင်းယှဉ်ပြိုင်မှုအတွက် ဈေးကွက်တည်ငြိမ်ရန်၊ မျှတသောယှဉ်ပြိုင်နိုင်မှုဖြစ်စေရန်၊ နိုင်ငံတကာနှင့်အညီ စံဝင်စေရန် အတွက် International Financial Centre တည်ထောင်ရန် ပိုမိုတွန်းအားပေးဆောင်ရွက်သင့်ကြောင်း၊ ဒုတိယ သမ္မတမှ Comparative Economic Region ဖြစ်ရန်အတွက် အဆိုပါကိစ္စအား ခွင့်ပြုပေးပြီး ဖြစ်သော်လည်း ဝန်ကြီးဌာနမှ တွန်းတွန်းတိုက်တိုက်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း၊

နယ်မြေသတ်မှတ်မှုအတွက် ကုမ္ပဏီများမှ ဆောင်ရွက်နေရခြင်းမျိုးရှိကြောင်း၊ အမှန်တွင် ထိုကိစ္စရပ်မျိုးသည် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ လုပ်ဆောင်ရမည့်ကိစ္စဖြစ်ကြောင်းနှင့် သတ္တုလိုင်စင်တစ်ခု အတွက် သတ္တုတွင်းဦးစီးဌာနသို့ အခွန်ပေးဆောင်ရသည့်အပြင် သစ်တောဦးစီးဌာနအား အခွန်ပေးဆောင်နေရသည့်ကိစ္စမျိုး ရှိနေကြောင်း၊ ရွှေသတ္တုစစ်ဆေးရာတွင် လုပ်ထုံးလုပ်နည်းမြန်မာ့သစ်လုပ်ငန်း ပြားပြီး ကြန့်ကြာနေသည့်အတွက် အချိန်နှင့်ကိုက်ညီ၍ ဈေးကွက်သို့ တင်ပို့ရမည့်ကိစ္စများအတွက် ဆုံးရှုံးမှုများကြောင်း၊ အဆိုပါကိစ္စများအတွက် One Stop Service (OSS) ဆောင်ရွက်ရန် တိုက်တွန်းအကြံပြုပါကြောင်း၊ One Stop Service (OSS) လုပ်ဆောင်ရန် မည်သို့ စီစဉ်ထားသနည်းဟု မေးမြန်းချက်အပေါ် နယ်မြေသတ်မှတ်မှု အတွက် ဝန်ကြီးဌာနသို့တင်ပြခဲ့ပြီး ဖြစ်ကြောင်း၊ ရတနာနယ်မြေသတ်မှတ်မှုသည် ဝန်ကြီးဌာန ပြန်ထမ်းများ ပြန်ထုတ်ရကြောင်း၊ ခက်ခဲနိုင်ကြောင်း၊ ယခုလုပ်ဆောင်မည်ဆိုပါက ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဥပဒေဖြင့် လုပ်နိုင်သည့်အဆင့်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များ နှင့်ပေါင်းစပ် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

ရှေ့ဆက်မည်သို့လုပ်ဆောင်မည် နည်း၊ ဒေါ်လာသန်းပေါင်းများစွာအကျိုးအမြတ်ရှိသော်လည်း ကုမ္ပဏီမှ ၉၉% ရပြီး အစိုးရမှ ၁% သာ ရသည့်စာချုပ်များဖြစ်ပါက ပြင်ဆင်ချုပ်ဆိုရန် ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်း၊ အကြွေးကိစ္စများ အပေါ် မည်သို့အရေးယူဆောင်ရွက်မည်နည်း၊ မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် သတ္တုကဏ္ဍထုတ်လုပ်မှုအား စောင့်ကြည့်သည့် လုပ်ငန်းစဉ် Mechanism မရှိဟု အချက်အား ရှင်းလင်းပေးပါရန်၊ သတ္တုလုပ်ကွက်များ တွင် လိုင်စင်ရထားသည့်သတ္တုအစား အခြားသတ္တုဖြစ်သည့် ရွှေထွက်ပါက ထွက်ရှိသည့်ရွှေအတွက် အခွန်မဆောင်ဘဲ လစ်လျူရှုသည့် ကိစ္စရပ်များရှိနေသဖြင့် အဆိုပါ ကိစ္စအတွက် Integrated License အမျိုးအစား အဖြစ်တည်ဆောက်နိုင်ရန် ရေရှည် ပြုပြင်ပြောင်းလဲဖို့ အချိန်ကျရောက်ခြင်းရှိ၊ မရှိဟု မေးမြန်းချက်အပေါ် နိုင်ငံတော်၏ ငွေကြေးစီမံခန့်ခွဲမှုစနစ်ကြောင့် ဝန်ထမ်းခန့်အပ်ရန် ဆိုင်းငံ့ထားရခြင်း များရှိပုံ၊ ဝန်ကြီးဌာန အတွင်းရှိ ကိုက်ညီသည့် အတွေ့အကြုံရှိ ဝန်ထမ်းများအား ပြန်လည်ခန့်ထားကြောင်း၊ Joint Venture Ratio အတွက်မူ ပေးသူနှင့် ရသူ လိုက်လျောညီထွေသည့် သဘောမျိုးရှိခဲ့ကြောင်း၊ ယခုလက်ရှိရေးဆွဲနေ သည်လည်း ရှိကြောင်း၊ ခေါ်ယူဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ Integrated License နှင့်ပတ်သက်၍ ဆွေးနွေးနေဆဲဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။

## ၇.၉။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းတင်ပြခြင်း

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ လက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ စီမံအုပ်ချုပ်မှုနှင့် အနာဂါတ်လုပ်ငန်းအစီအစဉ်များတင်ပြရာတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဖြစ်ပေါ်လာပုံ၊ လုပ်ငန်းဖွဲ့စည်းပုံ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရုံးစိုက်ရာဌာနများ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ လုပ်ငန်းတာဝန်များ၊ ရတနာနယ်မြေအသီးသီးတွင် လုပ်ကိုင်ခွင့်ချထား ပေးမှုအခြေအနေ နှင့် လုပ်ကွက်များအခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ၏ ရငွေ၊ သုံးငွေများစာရင်း၊ ပွင့်လင်းမြင်သာမှုဆောင်ရွက်ချက်များနှင့် ကျောက်မျက်ရတနာမူဝါဒ ရေးဆွဲခြင်း တို့အကြောင်းအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေသစ်ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်းနှင့် ၎င်းတွင် ပါဝင်သည့် အချက်များအား ရှင်းလင်းတင်ပြပြီးနောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အတွက် စိန်ခေါ်မှုများ အနေဖြင့် ကျောက်မျက်ရတနာ ထွက်ရှိသည့်ဒေသအများစုသည် နယ်မြေလုံခြုံမှုအားနည်းသော နေရာများ (ဥပမာ လုံးခင်း/ ဖားကန့်ဒေသ၊ ခန္တီးဒေသ၊ မိုင်းရှူးဒေသ) တွင်ရှိခြင်းကြောင့် တရားဥပဒေ စိုးမိုးမှု လိုအပ်ခြင်း၊ အလတ်စားတူးဖော် ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာများနှင့်ပတ်သက်၍ ထွက်ရှိမှုအားလုံး ထုတ်လုပ်မှုအပေါ် ခွဲဝေ ခံစားသည့်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သည့်အတွက် နောက်ကြောင်းပြန်လိုက်ရန် လွယ်ကူသော်လည်း အသေးစားနှင့် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာများနှင့် ပတ်သက်၍ တွင်းဝခွန်ကောက်ခံပြီး နောက်ကြောင်းပြန်လိုက်ရန် အခက်အခဲဖြစ်နိုင်ခြင်း၊ အချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အချောထည်ဈေးကွက် ဖြစ်ထွန်းရေး၊ နည်းပညာ၊ လက်ရာ၊ နိုင်ငံတကာဈေးကွက်ထိုးဖောက်နိုင်ရေးတို့ ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

(နောက်ဆက်တွဲ (၃.၁၀) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲ ဖော်ပြထားသည်။)

## ၇.၁၀။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းတင်ပြခြင်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မှ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြရာတွင် မြန်မာ့ပုလဲသမိုင်း၊ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများအနေဖြင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဖွဲ့စည်းပုံ၊ မျှော်မှန်းချက်၊ လုပ်ငန်းစဉ်များ၊ တည်ဆဲဥပဒေ/ နည်းဥပဒေ/ လုပ်ထုံးလုပ်နည်းများ၊ ဝန်ကြီးဌာနတွင်းနှင့် ပြင်ပဌာနများနှင့် ဆက်စပ် ဆောင်ရွက်မှုများ၊ ဝန်ကြီးဌာနအတွင်း ဆက်စပ် ဆောင်ရွက်မှုများ၊ ပုလဲ

ထုတ်လုပ်သည့်ကျွန်းစခန်းများ၊ မြန်မာနိုင်ငံ၏ ပုလဲထုတ်လုပ်မှု၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ၏ စုစုပေါင်းရငွေများ နှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ၏ ဝယ်ယူ၊ ရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်ခြင်းအကြောင်းနှင့် နိုင်ငံတော်ပိုင်မြေ အဆောက်အအုံများ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း နှင့် အကျိုးတူလုပ်ကိုင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ပုလဲများ တန်ဖိုးဖြတ်ခြင်း ဆိုင်ရာ ဆောင်ရွက် မည့်လုပ်ငန်းစဉ်များအကြောင်းတို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ယင်းနောက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ မုတ်ကောင်သားဖောက် ပုလဲထုတ်လုပ်ခြင်း လုပ်ငန်းများ လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်း စဉ်များနှင့် သက်တမ်းတိုး လျှောက်ထားရာ တွင် လျှောက်ထားရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းခဲ့ပါသည်။ ထို့နောက် စိန်ခေါ်မှုများအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ ပုလဲလုပ်ငန်းရေပြင် ဧရိယာအတွင်း တရားမဝင်ငါးဖမ်းခြင်းများ၊ အလုပ်သမားများ ရှားပါးခြင်း၊ ကုမ္ပဏီများ၏ Data လုံခြုံမှုအတွက် Assurance ဖြစ်စေနိုင်မှု အခြေအနေတို့ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

(နောက်ဆက်တွဲ (၃.၁၁) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲ ဖော်ပြထားသည်။)

ရှင်းလင်းတင်ပြမှုအပြီးတွင် တက်ရောက်သူများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ ထိုအမေးအဖြေများ အား အောက်ပါအတိုင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

အဘယ်ကြောင့်ပုလဲဥပဒေအား အချိန်တွင်း မကြာခဏ ပြင်ဆင်ရေးဆွဲရသနည်း၊ စိန်ခေါ်မှုများတွင် ငါးဖမ်းလုပ်ငန်းနှင့် ဟိုတယ်ခရီးသွားလုပ်ငန်းများအား ထည့်သွင်းတင်ပြထားသဖြင့် လုပ်ကွက်ချပေးရာ တွင် မည်ကဲ့သို့သောစံနှုန်းများနှင့် စိစစ်ချထားပေးသနည်းဟူသည့် မေးမြန်းချက်အပေါ် ၁၉၉၅ ခုနှစ်တွင် ပုလဲလုပ်ငန်းဥပဒေ စတင်ခဲ့ပြီး ၂၀၀၀ ခုနှစ်ပြည့်နှစ်တွင် နည်းဥပဒေထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ခေတ်နှင့်ကိုက်ညီအောင် ဥပဒေပြန်လည်ပြင်ဆင်ခဲ့ကြောင်း၊ အထူးသဖြင့် ပြည်တွင်းကုမ္ပဏီများအတွက် PSC စနစ်မှပြောင်းလဲခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ဝတ်ဆံအလိုက်သွင်းသည့်စနစ်အား ပြန်လည်စိစစ်ကာ ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ဒုတိယအကြိမ် ပြင်ဆင်ပြီးနောက်ပိုင်းတွင် In-kind စနစ်ဖြင့် လုပ်ဆောင်ရှိကြောင်း၊ လုပ်ကွက်နှင့်ပတ်သက်၍ ပုလဲမွေးမြူသည့်လုပ်ငန်း လုပ်ကိုင်မည်ဆိုလျှင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှတဆင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းများသာမက ပုလဲလုပ်ငန်းများအတွက် Win-Win အခြေအနေဖြစ်အောင် လုပ်ဆောင်လျက် ရှိကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။

ပြည်ပသို့ တင်ပို့ရောင်းချထားသည့် ပုလဲအရောင်းစာရင်းများသည် မြန်မာနိုင်ငံ EITIအစီရင်ခံစာတွင် ပါဝင်မှု ရှိ၊ မရှိဟု မေးမြန်းချက်အပေါ် ဌာနပိုင် ပုလဲအရောင်းစာရင်းများသည် ပါဝင်ပြီးဖြစ်ကြောင်း၊ ပုလဲအရောင်းသည် နိုင်ငံတော်ဘတ်ဂျက်ထဲသို့ ဝင်ကြောင်း၊ ပြည်တွင်း/ ပြည်ပပုလဲရောင်းချပွဲများလည်း ရှိပါကြောင်း၊ ရောင်းရငွေအားလုံးသည် နိုင်ငံတော်သို့ ထည့်ဝင်ကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။

## ၇.၁၁။ မြန်မာ့သစ်လုပ်ငန်းမှ စီမံအုပ်ချုပ်မှု၊ ရှေ့လုပ်ငန်းအစီအစဉ်များ အား ရှင်းလင်းတင်ပြခြင်း

မြန်မာ့သစ်လုပ်ငန်းမှ လက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများစီမံအုပ်ချုပ်မှုနှင့် အနာဂတ်လုပ်ငန်း အစီအစဉ် များတင်ပြရာတွင် မြန်မာ့သစ်လုပ်ငန်း၏ မူဝါဒ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံ၊ အင်အား၊ ထုတ်လုပ်မှု ဆိုင်ရာအင်အားများ၊ သစ်ထုတ်မည့်အစီအစဉ်၊ ဖြန့်ဖြူးရောင်းချမှုအစီအစဉ်၊ သစ်ထုတ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ မြန်မာ့သစ်လုပ်ငန်း၏ သာမန်ရသုံးမှန်းခြေငွေစာရင်းနှင့် သာမန်ရငွေစာရင်း၊ ငွေလုံးငွေရင်းရငွေ နှင့် အသုံးစရိတ်၊ ဆင်အင်အား၊ ယန္တရားအင်အားနှင့် သစ်စက် အင်အား အကြောင်းတို့ကိုရှင်းလင်းခဲ့ပါသည်။ ယင်းနောက် ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွား ဆင်စခန်းများ ဆောင်ရွက်မှုအခြေအနေ၊ နှစ်ချုပ်စာရင်းအရ အရှုံးအမြတ်စာရင်း၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ (၃) နှစ်အတွင်း ကျွန်းနှင့် သစ်မာ ထုတ်လုပ်မည့်အစီအစဉ်၊ (၃) နှစ်စာခန့်မှန်းခြေ Operating Ratio စိစစ်ချက်၊ မြန်မာ့သစ်လုပ်ငန်း၏ လက်ရှိကျင့်သုံး နေသော ရောင်းချရေးမူဝါဒနှင့် သတင်းအချက်အလက်ဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်နေသော လုပ်ငန်းများကို ရှင်းလင်းခဲ့ ပါသည်။

တွေ့ကြုံသောစိန်ခေါ်မှုများ အနေဖြင့် နိုင်ငံတော်ပိုင်သစ်တောသယံဇာတထုတ်ယူမှုကို သိသာစွာ လျော့ချထုတ်ယူသုံးစွဲခြင်းနှင့်အတူ လွတ်လပ်သော နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းဌာနကြီး တစ်ခု ဖြစ်စေရေးအတွက် ကျစ်လစ်သော ဖွဲ့စည်းပုံရရှိရေး၊ မူလရပ်တည်မှုပုံစံ မယိုင်လဲစေရေးအတွက် ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချင့်ချိန်စိစစ် ဆောင်ရွက်ရပါသဖြင့် အချိန်ယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာ့သစ်လုပ်ငန်းသည် လက်ရှိအချိန်အထိ ကိုယ်ပိုင်ဝင်ငွေဖြင့် ရငွေ၊သုံးငွေ အချိုးညီစွာ ရပ်တည် နိုင်သော် လည်း ၁၉၄၈ ခုနှစ် ကတည်းက စတင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာ၊ ငွေဆိုင်ရာကိစ္စများမှာ ရေရှည် ရပ်တည်ရန် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် နိုင်ငံတော်ပိုင်သစ်တောသယံဇာတ၊ အဖိုးတန်ကျွန်း၊ သစ်မာများကို သစ်တောများ ထာဝစဉ် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ သစ်တောဦးစီးဌာန၏ နှစ်စဉ်တောထွက် (Annual Allowable Cut - AAC)၊ ကန့်သတ်ရင်စို့လုံးပတ်အတိုင်း ထုတ်ယူရသည်ဖြစ်ရာ ယနေ့ အချိန်အခါတွင် အဖိုးတန်သော ရောင်းတန်းဝင်သော ကျွန်း၊ သစ်မာများ တရားမဝင်ထုတ်လုပ်မှု၊ ထင်းမီးသွေးထုတ်လုပ်မှု၊ သစ်တောမြေများအား အခြားနည်း သုံးစွဲလာမှု တို့ကြောင့် သစ်တောများ လျော့နည်းလာပြီး ထုတ်လုပ်ရန် လုံးပတ်ပြည့်မီသောသစ်များ ရှားပါးလာသော အခြေအနေဖြစ်ပါ၍ စီးပွားရေးတွက်ချေ ကိုက်စေရန်

(သို့မဟုတ်) မြန်မာ့သစ်လုပ်ငန်း ရေရှည်ရပ်တည်မှု ရစေရန် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ထုတ်လုပ်မှု ပမာဏလျော့ချပြီး တန်ဖိုးမြှင့်သစ်အချောထည်များ ပိုမိုထုတ်လုပ်ခြင်းဖြင့် ဝင်ငွေပိုမိုရရှိ စေရေး ဆောင်ရွက်ရာတွင် သက်တမ်းကြာနေပြီဖြစ်သော ယာဥ်၊ ယန္တရား၊ စက်ရုံ၊ လုပ်ရုံတို့မှာ ဈေးကွက် စီးပွားရေးစနစ်၏ အားပြိုင်မှုကို ကြီးမားသောအဟန့်အတား ဖြစ်စေပါသည်။

(နောက်ဆက်တွဲ (၃.၁၂) တွင် ရှင်းလင်းတင်ပြခဲ့သည့် PowerPoint များအား ပူးတွဲ ဖော်ပြထားသည်။)

ရှင်းလင်းတင်ပြမှုအပြီးတွင် တက်ရောက်သူများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ ထိုအမေးအဖြေများအား အောက်ပါအတိုင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

မြေပြင်တွင် ကိုင်းဖျားကိုင်းနားအနေဖြင့် သစ်ခုတ်နေမှုများ တွေ့ရကြောင်းသဖြင့် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် စံနှုန်းအပြောင်းအလဲ ရှိခဲ့ပါသနည်း၊ ရင့်စို့ထုတ်လုပ်မှုနှင့် သစ်တောလျော့နည်းမှုဆက်စပ်မှု မရှိဟုမြင်မိသဖြင့် မည်သို့ထိန်းကျောင်းနေပါသနည်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဖမ်းဆီးသစ်များအား နိုင်ငံတော်ပိုင်သိမ်းသလား သို့ ပုဂ္ဂလိကလုပ်ငန်းများအား လေလံပစ်ပါသလား၊ မည်ကဲ့သို့ လေလံပစ်ပါသနည်း၊ မည်သည့်အချိန်ကာလကြာလျှင် လေလံပစ်ပါသနည်း၊ နိုင်ငံခြားသို့ ရောင်းသည့်အခါ ကုဗတန်စံနှုန်းမည်ကဲ့သို့ ရောင်းချပါသနည်း၊ သစ်တောဌာနအနေဖြင့် ဆောင်ပုဒ်များစွာ ထွက်ရှိခဲ့ပြီး အများစုမှာ ဥပဒေဆက်စပ်မရှိပဲ ဘာသာရေးအခြေခံဖြစ်နေသဖြင့် အမှန်တကယ် တိုင်းပြည်နှင့် သင့်တော်ပါသလား ပြန်လည်သုံးသပ်စေချင်ကြောင်း စသည်ဖြင့် မေးမြန်းဆွေးနွေးချက်အပေါ် မြန်မာ့သစ်လုပ်ငန်းသည် သစ်များထုတ်လုပ်ရောင်းချသည့်ဌာနဖြစ်ကြောင်း၊ သစ်တောအား ပြုစုစောင့်ရှောက်သည့်ဌာနသည် သစ်တောဦးစီးဌာနဖြစ်ကြောင်း၊ ဆောင်ပုဒ်များသည် သစ်တောဦးစီးဌာနမှ ထုတ်သည့် ဆောင်ပုဒ်များ ဖြစ်ကြောင်း၊ မိမိတို့ မြန်မာ့သစ်လုပ်ငန်း၏ ဆောင်ပုဒ်မှာ "Myanma Timber Our Treasure Sustainable Forever" ဖြစ်ကြောင်း၊ ဖမ်းဆီးခြင်းသည် သစ်တောဦးစီးဌာန၏ လုပ်ငန်းတာဝန်ဖြစ်ပြီး သစ်တောဦးစီးဌာနမှ လွှဲပြောင်းလာသောသစ်များအား ရောင်းချခြင်းသည် မြန်မာ့သစ်လုပ်ငန်း၏ လုပ်ငန်းတာဝန်ဖြစ်ကြောင်း၊ တရားရင်ဆိုင်သည့်အမှု မပြီးပြတ်သေးသည့်သစ်များကိုမူ လွှဲပြောင်းယူရန်မရကြောင်း၊ လွှဲပြီးသစ်များအား နှစ်ချင်း ကြန့်ကြာမှုမရှိအောင် Open Tender စနစ်ဖြင့် ရောင်းချကြောင်း၊ Tender ကြော်ငြာသည့်အခါ သတင်းစာမှ တစ်ဆင့် (၂) ပတ်ကြိုတင် ကြော်ငြာ ကြောင်း၊ ရောင်းချသည့်အခါ ပြည်တွင်းတွင် Hoppus Ton စနစ်အား အသုံးပြုကြောင်း၊ ပြည်ပဈေးကွက်တွင်မူ ကုဗမီတာ ဖြင့်ရောင်းချကြောင်း၊ သစ်တောဦးစီးဌာနမှ ပင်တောင်ရိုက်ထားသည့်အပင်များသာ ခုတ်လှဲခွင့်ရှိကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။

သစ်တောကဏ္ဍတွင် Operation Ratio အရ မည်သို့ကိုက်အောင် လုပ်သင့်သနည်းဆိုသည်ကို စဥ်းစားစေချင်ကြောင်း၊ ကျွန်းတစ်တန်အတွက် ပေးဆောင်ရသည့် အခွန်ငွေ၊ မြန်မာ့သစ်လုပ်ငန်း

လုပ်ကိုင်သည့်နှစ် (၇၀) အတွင်း ထုတ်ယူခဲ့သော သစ်တန်၊ ကုန်ကျစရိတ်များ၊ Operation Ratio များ သုံးသပ်ချိန်ရှိခဲ့လျှင် သိရှိလိုကြောင်း အကြံပြုဆွေးနွေးချက်အပေါ် မိမိတို့ တင်ပြထားသော စာရင်းဇယားသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးထားသည့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စာရင်းဖြစ်ကြောင်း၊ ကျွန်းတစ်တန်လျှင် အခွန်ငွေ သုံးသောင်းပေးဆောင်ရကြောင်း၊ (၁၀) နှစ်စာ Statistical Data စာအုပ်ထုတ်ကြောင်း၊ Operation Ratio သည် မည်သည့်အခါမှ ၇၀% ကျော်လွန်ခဲ့ခြင်းမရှိကြောင်း ဖြေကြားခဲ့ပါသည်။

ပင်ထောင်ရိုက်၍ အလုံးလိုက်ရောင်းချသည့် ကျွန်းတစ်တန်လျှင် မည်သည့် ဈေးရောင်းချသနည်း၊ ထုတ်လုပ်လိုက်သည့်တန်ဖိုးနှင့် ရောင်းချလိုက်သည့်အကျိုးအမြတ်သည် မြန်မာ့သစ်လုပ်ငန်း အတွက် မျှညီရှိပါသလားဟု မေးမြန်းချက်အပေါ် ကျွန်း၊ ပိတောက်၏ တစ်တန်လျှင် အခွန်ငွေသုံးသောင်း၊ ပျဉ်းကတိုးနှင့် အုပ်စု (၂) တစ်တန်လျှင် အခွန်ငွေနှစ်သောင်း၊ အခြားသစ်များအတွက် ခြောက်ထောင်ရှိကြောင်းတင်ပြပြီး သစ်တောဦးစီးဌာနမှလည်း ကျွန်းသစ်လုံး အတန်းအစားခွဲခြားရာတွင် သစ်ပါးလွှာ အတန်းအစား (၅) မျိုးရှိကြောင်း၊ အမြင့်ဆုံးအတန်းအစား Special Quality ဆိုလျှင် အမေရိကန်ဒေါ်လာ လေးထောင့်ငါးရာမှ ငါးထောင်အထိ ရှိကြောင်း၊ ထိုအောက်တွင် စက်ခွဲတန်းစား (၇) မျိုးခွဲထားကြောင်း၊ အနိမ့်ဆုံး (၇) အဆင့်သည် ဒေါ်လာ နှစ်ထောင်မှ နှစ်ထောင့်နှစ်ရာကြား ရှိကြောင်း၊ လက်ရှိထုတ်လုပ်သည့် ပမာဏလျော့ကာ တောအတန်းအစားနိမ့်သွားသဖြင့် ကျွန်းသစ်အတန်းအစား နိမ့်သွားကြောင်း၊ စက်ခွဲတန်းစား (၄၊ ၅၊ ၆) အဆင့်များ အများဆုံးထွက်ရှိကြောင်း ဖြည့်စွက်ရှင်းလင်းခဲ့ပါသည်။

## ၇.၁၂။ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ ဆွေးနွေးချက်များအား ခြုံငုံတင်ပြခြင်း

NRGI မှ Country Manager ဦးမော်ထွန်းအောင်မှ ခြုံငုံသုံးသပ်ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သယံဇာတနှင့် ပတ်သက်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ ထိန်းကျောင်းပုံ၊ မြန်မာနိုင်ငံ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် ချိတ်ဆက်နေသည့် ကွင်းဆက်များ၊ NRGI မှ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ကဏ္ဍ၏ အရေးကြီးပုံ၊ ငြိမ်းချမ်းရေး အခန်းကဏ္ဍနှင့် ဆက်စပ်ပုံ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့အကြောင်း အသေးစိတ်တင်ပြပုံ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ မူဝါဒများ၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းများမှ လက်ရှိ စီမံကိန်းများ အကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှလည်း လက်ရှိလည်ပတ်နေပုံ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ ထူးခြားသည့်သမိုင်းကြောင်းနှင့် မြန်မာ့သစ်လုပ်ငန်းမှ လုပ်ဆောင်ချက်များအား သိရှိခဲ့ရကြောင်း၊ Operation ပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ များအား ပြည့်စုံစွာ ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြကြောင်း၊ ဤအလုပ်ရုံဆွေးနွေးပွဲသည် Upstream

Ministries နှင့် Downstream Ministries များ ပထမဆုံးအကြိမ် ပွင့်လင်းစွာဆွေးနွေးနိုင်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ဖြစ်ကြောင်းလည်း သုံးသပ်မိ ကြောင်း၊

ဒုတိယနေ့တွင် မြန်မာ့အမျိုးသားလေကြောင်းလိုင်းသည် ငါးနှစ်ကာလအတွင်း ပြောင်းလဲမှုမှ သယံဇာတနှင့် ပတ်သက်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ အနေဖြင့် သင်ယူရရှိနိုင်မည် ဖြစ်ကြောင်း၊ အဖွဲ့လိုက် ဆွေးနွေးခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ကိုယ်တိုင်ပါဝင်ဆွေးနွေးကြမည့် Facilitator (၆) ဦး ရှိမည်ဖြစ်ကြောင်း၊ ဤဆွေးနွေးပွဲသည် ပထမဆုံးအကြိမ် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ တွေ့ဆုံရခြင်း ဖြစ်ကြောင်း အကျဉ်းချုပ် တင်ပြခဲ့ပါသည်။

## ၈။ အလုပ်ရုံဆွေးနွေးပွဲဒုတိယနေ့ (၂၂-၂-၂၀၁၉ ရက်နေ့)

### ၈.၁။ မြန်မာအမျိုးသားလေကြောင်း (Myanmar National Airline - MNA) မှ ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲမှု အတွေ့အကြုံအားရှင်းလင်းတင်ပြခြင်း

မြန်မာအမျိုးသားလေကြောင်း (Myanmar National Airline-MNA) မှ ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲမှု အတွေ့အကြုံအားရှင်းလင်းတင်ပြရာတွင် မြန်မာအမျိုးသားလေကြောင်းကုမ္ပဏီလီမိတက်ကို ၁၉၄၈ ခုနှစ်တွင် UBA အဖြစ် စတင် ဖွဲ့စည်းခဲ့ကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာ့လေကြောင်းအား နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု (Economic Reform) အရ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ငန်း ဆောင်ရွက်မှုကို စီးပွားရေးဆန်ဆန် ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး နိုင်ငံဘဏ္ဍာရန်ပုံငွေ ပြင်ပမှ မိမိဝင်ငွေဖြင့် ရပ်တည်သည့် စီးပွားရေး အဖွဲ့အစည်း အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် တာဝန်နှင့်လုပ်ပိုင်ခွင့် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၂) ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်နေ့တွင် ထုတ်ပြန်ပေးခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့တွင် မြန်မာအမျိုးသားလေကြောင်းဥပဒေကို ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၅၂) အား ထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး သဘောတူညီချက်အရ မြန်မာအမျိုးသား လေကြောင်းနည်းဥပဒေအား ပို့ဆောင်ရေးဝန်ကြီးဌာန၏ (၁၂-၁၁-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၁၅) ဖြင့် ထုတ်ပြန်ပြီးဖြစ်ကြောင်း၊




CEO ဖြစ်သူ Captain သန်းထွန်းမှ မြန်မာအမျိုးသားလေကြောင်း၏ ပြောင်းလဲမှု အတွေ့အကြုံများအား ရှင်းလင်းတင်ပြစဉ်

မြန်မာအမျိုးသားလေကြောင်းဥပဒေနှင့်အညီ ယခင် လေကြောင်းအမည်အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် မြန်မာအမျိုးသားလေကြောင်းအမည် ပြောင်းလဲခဲ့ကြောင်း၊ မြန်မာအမျိုးသား လေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ၏ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၅) ဖြင့် မြန်မာ့လေကြောင်းပိုင်ပစ္စည်းများအားလုံးနှင့် လုပ်ငန်း တာဝန်များကို မြန်မာအမျိုးသားလေကြောင်းသို့ လွှဲပြောင်းဆက်ခံခွင့်ပြုခဲ့ကြောင်း၊ မြန်မာ အမျိုးသားလေကြောင်းကုမ္ပဏီလီမိတက်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်တွင်းပြည်ပလေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြု မိန့်ထုတ် ပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ရင်ဆိုင်ဖြတ်သန်းရပုံများနှင့် လက်ရှိဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုအပြီးတွင် တက်ရောက်သူများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ ထိုအမေးအဖြေများ အား အောက်ပါအတိုင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

မြန်မာအမျိုးသားလေကြောင်းကုမ္ပဏီလီမိတက်တွင် ရှယ်ယာထည့်ဝင်မှုနှင့်ပတ်သက်၍ သိလိုကြောင်း၊ Assets များအား Balance Sheet တွင် မည်သို့ပြသနည်းဟု မေးမြန်းချက်အပေါ် မြန်မာအမျိုးသား လေကြောင်းကုမ္ပဏီလီမိတက် အား Assets များလွှဲပြောင်းခဲ့ကြောင်း၊ ယင်းတန်ဖိုးအတိုင်း နိုင်ငံတော်ပိုင် အဖြစ် ရှယ်ယာရှိနေမည် ဖြစ်ကြောင်း ဖြေကြားခဲ့သည်။ စိန်ခေါ်မှုများစွာအနက် မည်သည့်စိန်ခေါ်မှုသည် အကြီးဆုံးစိန်ခေါ်မှုဖြစ်သနည်းဟု မေးမြန်းချက်အား အဓိကသည် ဝန်ထမ်းများ၏ Mindset ပင် ဖြစ်ကြောင်း၊ နေရာတိုင်းတွင် Mindset သည်အရေးအကြီးဆုံးဖြစ်ကြောင်း ဖြေကြားခဲ့သည်။ ထိုဖြေကြားချက်အပေါ်တွင် အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်သူများသည် ပထမနေ့တွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြောင်း၊ ညွှန်ကြားရေးမှူးချုပ်အဆင့် အထက်ရှိ ပုဂ္ဂိုလ်များ၏ Mindset ပြောင်းလဲရန် အရေးကြီးကြောင်း၊ မြန်မာအမျိုးသားလေကြောင်းကုမ္ပဏီလီမိတက်၏ ဝန်ထမ်းများ Mindset ပြောင်းလဲမှုတွင် CEO ၏ Mindset ကြောင့်လည်း ဖြစ်သည်ဟု သုံးသပ်လျှင် မှားနိုင်သလားဟု ပြန်လည်ဆွေးနွေးချက် အား Cost-cutting အတွက်လည်း အသေးစိတ် ထည့်သွင်းစဉ်းစားရပုံများအား ရှင်းလင်းကာ စုစုစည်းစည်း၊ ညီညီညွတ်ညွတ်လုပ်လျှင် မဖြစ်နိုင်စရာမရှိကြောင်း ဖြေကြားခဲ့ပါသည်။

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းမှ ဘတ်ဂျက်ပြင်ပအဖွဲ့အစည်းအဖြစ် ရပ်တည်သောအခါ ကြွေးမြီများ အား မည်ကဲ့သို့ ဆောင်ရွက်ပုံ၊ Regulator ဖြစ်သည့် လေကြောင်းဦးစီးဌာနနှင့် ဆက်နွယ်ပုံ၊ လေကြောင်းဦးစီးဌာန၏ နည်းဗျူဟာများအား မည်ကဲ့သို့ထည့်သွင်းရေးဆွဲပုံများ သိလိုကြောင်း မေးမြန်းချက်အပေါ် ကြွေးမြီများအား သုညအနေဖြင့် ပြောင်းလဲခဲ့ရကြောင်း၊ သုံးနှစ်စာ ရင်းနှီးမြှုပ်နှံမှု

ထုတ်ပေးရကြောင်း၊ ပြောင်းလဲစဉ်က အဆင်သင့်မဖြစ်ပဲ ကူးပြောင်းခဲ့ကြောင်း၊ ဘတ်ဂျက်ပြင်ပ အဖွဲ့အစည်းအဖြစ် ရပ်တည်သောအခါ ပထမနှစ်နှင့် ဒုတိယနှစ်များတွင် တရုတ်ကြွေးမြီများအား ပေးနိုင်ခဲ့သော်လည်း နိုင်ငံတော်အစိုးရ အားတင်ပြခဲ့ရာ နိုင်ငံတော်အစိုးရမှ ထိုတရုတ်ကြွေးမြီများအား ပြန်လည်ဆပ်ပေးခဲ့ကြောင်း၊ မိမိတို့သည် ရင်းနှီးမြှုပ်နှံမှုမရှိပဲ ပြောင်းလဲခဲ့ရသဖြင့် ကြွေးမြီဆပ်နိုင်ခြင်း မရှိခဲ့ကြောင်း၊ ကျန်ကြွေးမြီများအား မိမိတို့ဘာသာ ဆက်လက် ဆပ်နေကြောင်း ဖြေကြားခဲ့ပါသည်။

**မြန်မာအမျိုးသားလေကြောင်းကုမ္ပဏီလီမိတက် အစီရင်ခံစာများအား IFRS စံနှုန်းများအတိုင်း ထုတ်ဝေထားကြောင်း သိရှိရကြောင်း၊ ပထမဆုံးအစီရင်ခံစာထုတ်ဝေစဉ်က မည်ကဲ့သို့ အခက်အခဲများ ကြုံတွေ့ခဲ့ရသနည်းဟု မေးမြန်းချက်အပေါ် ယခုအချိန်ထိ ရာခိုင်နှုန်းပြည့် မဖြစ်သေးကြောင်း၊ ပထမအကြိမ်ထုတ်ဝေစဉ်က ပေါင်းစပ်ညှိနှိုင်းရန် ခက်ခဲမှုများရှိခဲ့ကြောင်း၊ တတိယနှစ်တွင် များစွာ တိုးတက်မှုရှိလာကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။**

ပြုပြင်ပြောင်းလဲရေးစတင်သည့်အခါ ဦးဆောင်မှုပေးသည့်အစုအဖွဲ့တွင် မည်သူပါဝင်ကာ မည်သို့လုပ်ဆောင်ခဲ့သနည်း၊ မည်သို့သောအကူအညီရရှိခဲ့သနည်း၊ ဥပဒေပိုင်းသည် မည်မျှအရေးပါသနည်းဟု မေးမြန်းချက်အပေါ် ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတရုံးမှ လမ်းပြမြေပုံ (Roadmap) ပေးခဲ့ကြောင်း၊ တစ်ပတ်လျှင်တစ်ခါ ယခင်ဝန်ကြီးဟောင်းနှင့် အစိုးရအဖွဲ့၊ မြန်မာအမျိုးသားလေကြောင်းကုမ္ပဏီလီမိတက် အပါအဝင် အခြားဘတ်ဂျက်ပြင်ပ အဖွဲ့အစည်းအဖြစ် ကူးပြောင်းမည့်လုပ်ငန်းဌာနများ တွေ့ဆုံကာ ဆွေးနွေးခဲ့ကြောင်း၊ ဥပဒေကြမ်းအား (၂) နှစ်ခန့် အချိန်ယူပြင်ဆင်ခဲ့ရကြောင်း ဖြေကြားခဲ့ပါသည်။

## ၈.၂။ နိုင်ငံတကာမှအတွေ့အကြုံများနှင့် အသွင်ကူးပြောင်းရေးနည်းလမ်းများအားရှင်းလင်းတင်ပြခြင်း

နိုင်ငံ၏ စီးပွားရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတော်ပိုင်လုပ်ငန်းများ၏ အခန်းကဏ္ဍ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အသွင်ကူးပြောင်းရေးနည်းလမ်းများအတွက် အကြံပြုချက်များနှင့် နိုင်ငံတကာမှ အတွေ့အကြုံများကို NRGI မှ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတကာတွင် ၎င်းတို့သည် စီးပွားရေးအခန်းကဏ္ဍ (Commercial)၊ လုပ်ငန်းဆောင်ရွက်သည့်အခန်းကဏ္ဍ (Operational)၊ ထိန်းသိမ်း စောင့်ကြပ်သည့် အခန်းကဏ္ဍ (Regulatory) နှင့် ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍ (Development) တို့တွင် ပါဝင်ဆောင်ရွက်နေကြကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးနိုင်ခြေ (၅) မျိုးအနေဖြင့် စီမံကိန်းများ ဖွံ့ဖြိုးမှုနောက်ကျခြင်း (Slow Project Development)၊ ကုန်ကျစရိတ်မြင့်မားခြင်း (High Costs)၊ အခွန်ဘဏ္ဍာရရှိမှုနည်းပါးခြင်း (Low revenues)၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ နှင့် အခြား Public Entities များအကြား လုံလောက်မှုမရှိသည့်အခွန်ဘဏ္ဍာငွေများ ခွဲဝေပေးရခြင်းနှင့် အခွန်ထမ်းများ

အပေါ် ငွေကြေးဆိုင်ရာ ပေးဆပ်ရန် တာဝန်ရှိခြင်း နှင့် ၎င်းတို့ကို ဖြစ်စေသော အကြောင်းရင်းများ အကြောင်းကို ဥပမာနိုင်ငံများနှင့်တကွ ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက် အခြားနိုင်ငံများမှ အောင်မြင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပြုပြင်ပြောင်းလဲရေးအတွေ့အကြုံများ အနေဖြင့် မှန်ကန်သော ဥပဒေရေးရာ နှင့် ပိုင်ဆိုင်မှုဆိုင်ရာ မူဘောင်များ ထားရှိရန် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ မူဝါဒကိုချမှတ်ရန်နှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကို ကြီးကြပ်ကွပ်ကဲ ရန်အတွက် အာဏာအပ်နှင်းထားသော အဖွဲ့တစ်ဖွဲ့ ထားရှိရန်၊ Performance management နှင့် Incentives များထားရှိရန်၊ ဘဏ္ဍာရေးဆိုင်ရာနှင့် ဘဏ္ဍာရေးမဟုတ်သော သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်းနှင့် နစ်နာကြေးများပေးရန်တို့လိုအပ်ကြောင်းကို ဥပမာများနှင့်တကွ ရှင်းလင်းခဲ့ပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြီးကြပ်ရေးတာဝန်များ (SOE Oversight) အနေဖြင့် လွတ်လပ်သော ဘုတ်အဖွဲ့များ (Independent Boards) ထားရှိရန်၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ၏ Commercial နှင့် Regulatory Role ကို ခွဲခြားထားရန်၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်အပေါ်မူတည်၍ ရှင်းလင်းသောစံများထားရှိရန်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စာရင်းစစ်ချုပ် နှင့် လွှတ်တော်များ၏ အားကောင်းစွာကြီးကြပ်ရန်၊ လွတ်လပ်သော စာရင်းစစ်များနှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ စာရင်းစစ်ရန်၊ နှစ်စဉ်အစီရင်ခံစာများ အပါအဝင် အများပြည်သူသို့ ပွင့်လင်းမြင်သာမှုရှိစွာ ချပြရန် တို့လိုအပ်ကြောင်း၊

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ဘဏ္ဍာရေးအနေဖြင့်

၁။ အခွန်ရငွေချန်ထားထိန်းသိမ်းမှုစည်းမျဉ်းများ

- ရငွေအားလုံးသည် အထွေထွေရန်ပုံငွေသို့ဝင်သွားပြီး ဘတ်ဂျက်ကို ဥပဒေပြုအဖွဲ့က သတ်မှတ်ပြဌာန်းပေးခြင်း၊
- ပစ်မှတ်များကိုအောင်မြင်ခြင်းသို့မဟုတ် အခွန်ရငွေ၏ ရာခိုင်နှုန်းတစ်ရပ်အဖြစ်အပေါ်တွင်မူတည်သည့်အထူးဖော်မြူလာ၊
- မဟာဗျူဟာလိုအပ်ချက်များအားဈေးကွက်အကဲဖြတ်ဆန်းစစ်ချက်အပေါ် အခြေခံသည့်နှုန်းထားများ၊

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ပြီးမြောက်မှုနှင့် ချိတ်ဆက်ထားသည့် ဝင်ငွေခံစားမှုတို့ ဖြစ်ကြောင်း

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ စီမံအုပ်ချုပ်မှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များ) အတွက် နိုင်ငံရေးရွေးချယ်စရာများအနေဖြင့် ရှင်းလင်းပြတ်သားသည့် ဥပဒေ၊ မူဝါဒ၊ ရည်မှန်းချက်များနှင့် ပစ်မှတ်များ၊ ဘုတ်အဖွဲ့/ စီမံခန့်ခွဲမှုကော်မတီများ၏ ဆုံးဖြတ်ချက်များအားအများပြည်သူတို့သို့ ထုတ်ပြန်အသိပေးခြင်း၊

မိတ်ဖက်ဆောင်ရွက်မှုအတွက် ကုန်ကျသည့်အသုံးစရိတ်များအား စာရင်းစစ်ဆေးခြင်း (Audits of Partner Costs) တို့ လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

လွတ်လပ်သောစာရင်းစစ်များနှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ စာရင်းစစ်ရန်ဟူသည့်အချက်နှင့် ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ စာရင်းများကို ဌာနတွင်းစာရင်းစစ်များအပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဒေသဆိုင်ရာစာရင်းစစ်ရုံးများမှလည်း စာရင်းများ စစ်ဆေးမှုခံယူလျက်ရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ မှတ်ချက်ပြုခဲ့ပါသည်။

## ၈.၃။ တက်ရောက်လာသူများမှ အဖွဲ့လိုက်ဆွေးနွေးခြင်း

သယံဇာတတူးဖော်ရေးကဏ္ဍတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို တိုးတက်ဆောင်ရွက်နိုင်ရန် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ မဟာဗျူဟာဆိုင်ရာရည်မှန်းချက် နှင့် လုပ်ငန်းဆောင်ရွက်မှု - လျာထားချက် အစရှိသည့် နည်းလမ်းများ ခေါင်းစဉ်အကြောင်းအရာအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ အောင်မြတ်ကျော်နှင့် NRGI မှ ဒေါ်ခင်စောဌေးတို့ ဦးဆောင်ဆွေးနွေးသူအဖြစ် တာဝန်ယူသည့် အဖွဲ့ (၂) ဖွဲ့မှလည်းကောင်း၊ ဘဏ္ဍာရေး၊ စီမံအုပ်ချုပ်မှုအစီရင်ခံခြင်း၊ လုပ်ငန်းဆောင်ရွက်မှုသုံးသပ်ခြင်း အစရှိသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ် ခေါင်းစဉ်အကြောင်းအရာအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သက် နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အထွေထွေ မန်နေဂျာ ဦးဝင်းနိုင်တို့ ဦးဆောင်ဆွေးနွေးသူအဖြစ် တာဝန်ယူသည့်အဖွဲ့ (၂) ဖွဲ့မှလည်းကောင်း၊ လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ အရပ်ဘက်အဖွဲ့အစည်းများ အစရှိသဖြင့် ထိန်းကျောင်းစောင့်ကြည့်သည့်အဖွဲ့အစည်းများ အားကောင်းစေရန် ဆောင်ရွက်ခြင်း ခေါင်းစဉ်အကြောင်းအရာအား မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ စီမံကိန်းနှင့် နည်းပညာအကြံပေး ဒေါ်ဇင်မာမြိုင်နှင့် Renaissance Institute မှ ဦးအာကာဟိန်းတို့မှ ဦးဆောင်ဆွေးနွေးသူအဖြစ် တာဝန်ယူသည့် အဖွဲ့(၂) ဖွဲ့မှလည်းကောင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများအား ကဏ္ဍစုံပါဝင်သည့် အဖွဲ့များ စုစုပေါင်း (၆) ဖွဲ့ခွဲကာ အဖွဲ့လိုက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

## ၈.၄။ အဖွဲ့လိုက်ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း

### ခေါင်းစဉ် (၁) - သယံဇာတတူးဖော်ရေးကဏ္ဍတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို တိုးတက်ဆောင်ရွက်နိုင်ရန် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ မဟာဗျူဟာဆိုင်ရာ ရည်မှန်းချက်နှင့် လုပ်ငန်း ဆောင်ရွက်မှုလျာထားချက်အစရှိသည့် နည်းလမ်းများနှင့်ပတ်သက်သည့် ဆွေးနွေးချက်များ





ခေါင်းစဉ် (၁) အား (ဝဲ) အဖွဲ့ (၁) နှင့် (ယာ) အဖွဲ့ (၂) မှ အဖွဲ့အတွင်းဆွေးနွေးနေစဉ်။

<u>အဖွဲ့ (၁)</u>

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ အောင်မြတ်ကျော်မှ အဖွဲ့အတွင်း ဆွေးနွေးချက်များအား တင်ပြရာတွင် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ မဟာဗျူဟာဆိုင်ရာရည်မှန်းချက် ချမှတ်နိုင်ရန်အတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် မူဘောင်ထားရှိရန် လိုအပ်ကြောင်း၊ ထိုမူဘောင်အောက်တွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ မူဝါဒနှင့် ဆက်စပ်ဥပဒေများကို သုံးသပ်ရန်နှင့် ကော်ပိုရေးရှင်းသို့ကူးပြောင်းရေးဥပဒေကဲ့သို့ အလားအလာရှိသည့် ဥပဒေများကိုလည်း ဆက်စပ်သုံးသပ်ရန် လိုအပ်ကြောင်း၊ Commercial Role နှင့် Operational Role ခွဲခြားမည့်နည်းအား အဖွဲ့အတွင်း ဆွေးနွေးအဖြေရှာကြရာ ကောင်းမွန်စွာ လုပ်ငန်းများ စီမံအုပ်ချုပ်မှုဖြစ်စေရန်၊ အားကောင်း စေရန်နှင့် Supply-based ဖြစ်ရန် စီးပွားရေးလုပ်ငန်းစဉ်အား အဆင့်မြှင့်ရန်လိုအပ်ကြောင်း၊ ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသည့် Operational Process ရှိရန်လိုအပ်ကြောင်း၊ Regulatory Process ရှိရန်လိုအပ်သည့်အပြင် Development Process အတွက် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ပြုလုပ်ခြင်း၊ ဘုတ်အဖွဲ့ ဖွဲ့စည်းခြင်းများလည်း လုပ်ဆောင်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြောင်း၊

ထို့အပြင် ယင်းမူဘောင်ထားရှိရန် လိုအပ်ချက်များအား အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် Leading Authority ထားရှိပေးရန် နှင့် ၎င်း၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများကို တိတိကျကျ သတ်မှတ်ပေးရန်လိုအပ်ကြောင်း၊ လက်ရှိအဖွဲ့အစည်းများတွင် Regulatory Body များရှိကြောင်း

ဆွေးနွေးကြသည့်အခါ ယင်းအဖွဲ့များအနေဖြင့် Leading Authority ၏ အောက်မှ လုပ်ငန်းများအား ကြီးကြပ်ခြင်းကို ဆောင်ရွက်ရန်၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုများအား စုစည်းသုံးသပ်ပြီး ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် အချုပ်အားဖြင့် ယင်းမူဘောင်ကို ချမှတ်ရန် လိုအပ်သကဲ့သို့ လိုက်ပါဆောင်ရွက်မည့် Implementation Body ရှိရန်လိုအပ်ကြောင်း စသည်ဖြင့် အဖွဲ့ (၁) အတွင်း ဆွေးနွေးအဖြေရှာခဲ့ကြသည့် ဆွေးနွေးချက်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

<u>အဖွဲ့ (၂)</u>

NRGI မှ ဒေါ်ခင်စောဌေးမှ အဖွဲ့အတွင်း ဆွေးနွေးချက်များအား တင်ပြရာတွင် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် Leading Authority တစ်ခုအနေဖြင့် ကော်မတီ တစ်ခုဖွဲ့စည်းမည့်အား ဦးဆောင်သင့်သူအား ဆွေးနွေးကြသည့်အခါ ဒုတိယသမ္မတမှ ဦးဆောင်သင့်ကြောင်း၊ ယင်းကော်မတီဝင်များသည် နည်းပညာ ကျွမ်းကျင်ပြီး သက်ဆိုင်ရာ နယ်မြေအား နားလည်သူနှင့် စီမံခန့်ခွဲမှုကောင်းသူများ ဖြစ်ရန် လိုအပ်ကြောင်း၊ ၎င်းလက်အောက်တွင် လုပ်ငန်းခွဲ ကော်မတီများ (Sub-committee) ထပ်မံဖွဲ့စည်းသင့်ကြောင်း၊ ယင်းကဲ့သို့ ဖွဲ့စည်းနိုင်ရန် အမိန့်ကြော်ငြာစာ ထွက်ရှိရမည်ဖြစ်ပြီး ထိုအမိန့်ကြော်ငြာစာတွင် ၎င်းအဖွဲ့၏ တာဝန်ဝတ္တရားအနေဖြင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အတွက် ဥပဒေရေးဆွဲရန်နှင့် နည်းဗျူဟာ နှင့် လုပ်ငန်းစဉ်များ ရေးဆွဲရန် လိုအပ်ကြောင်း၊ ထို့အပြင် ပါရှိသင့်သည့်အချက်များ ဆွေးနွေးနိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မှဦးဆောင်၍ အခြားသော ဝန်ကြီးဌာနများနှင့် ဆွေးနွေး၍ ပြင်ဆင်ရမည်ဖြစ်ကြောင်း၊

ယင်းအမိန့်ကြော်ငြာစာအား ၂၀၁၉ ခုနှစ်၊ မေလတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးမှ အစိုးရအဖွဲ့သို့ တင်သွင်းရန် လိုအပ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဇွန်လနောက်ဆုံးထား၍ အနီးဆုံးအစိုးရအဖွဲ့အစည်းအဝေးတွင် ဖွဲ့စည်းခွင့်ပြုရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးမှ ကြိုးပမ်းပေးရန် လိုအပ်ကြောင်း၊ ယင်းအမိန့်ကြော်ငြာစာ ထုတ်ပြန်လိုက်ပြီးနောက် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် Leading Committee နှင့်ဆပ်ကော်မတီများ ဖွဲ့စည်းကာ ၎င်းတို့၏ တာဝန်ဝတ္တရားအတိုင်း ဆက်လက် လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေး ဥပဒေထွက်ရှိရန် စသည်ဖြင့် အဖွဲ့ (၂) ၏ ဆွေးနွေးချက်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

## ခေါင်းစဉ် (၂) - နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ် (ဘဏ္ဍာရေး၊ စီမံအုပ်ချုပ်မှုအစီရင်ခံခြင်း၊ လုပ်ငန်းဆောင်ရွက်မှုသုံးသပ်ခြင်း) နှင့်ပတ်သက်သည့် ဆွေးနွေးချက်များ





ခေါင်းစဉ် (၂) အား (ဝဲ) အဖွဲ့ (၃) နှင့် (ယာ) အဖွဲ့ (၄) မှ အဖွဲ့အတွင်းဆွေးနွေးနေစဉ်။

<u>အဖွဲ့ (၃)</u>

မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့မှ နိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးရဲလင်းမြင့်မှ အဖွဲ့အတွင်း ဆွေးနွေးချက်များအား တင်ပြရာတွင် ၎င်းတို့အုပ်စုအတွင်း ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ လက်ရှိအခြေအနေများဆွေးနွေးခဲ့ကြောင်း၊ လက်ရှိတွင် သယံဇာတ တူးဖော်ထုတ်လုပ်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် အခြေအနေအရ ပွင့်လင်းမြင်သာ၍ မရနိုင်သော အခြေအနေရှိကြောင်း၊ ဥပမာ - လုံခြုံရေးအရ အဖွဲ့တစ်ဖွဲ့၏ ဘဏ္ဍာရေးနှင့်ပတ်သက်သည့် အချက်အလက်များအား ပြောဆိုသည့်အခါ အခြားတစ်ဘက်ရှိ အုပ်စုများနှင့် လုပ်ငန်းရှင်များ အပေါ် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများအား ကြည့်ရှု၍ ပွင့်လင်းမြင်သာစွာ မလုပ်ဆောင်နိုင်သည့် အချက်များရှိနေကြောင်း၊ အချို့ကိစ္စများတွင် စီးပွားရေးအရ မမျှတမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် ပွင့်လင်းမြင်သာစွာ မဆောင်ရွက်နိုင်ခြင်း လည်းဖြစ်ကြောင်း၊ နောက်တစ်ချက်သည် စာရင်းဇယား၊ မှတ်တမ်းများအား လက်ဖြင့်ရေးရသည့် manual စနစ်ဖြစ်ကြောင်း၊ လက်ရှိတွင် အွန်လိုင်းစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ရန် အဆင်သင့်မဖြစ်နေသေး ကြောင်း၊ နည်းပညာအခက်အခဲရှိနေကြောင်း၊ E-Governance စနစ်အရ ကွန်ပျူတာဖြင့်မှတ်တမ်း တင်မှုများလည်း လုပ်ဆောင်နေဆဲဖြစ်ကြောင်း၊

ထို့အပြင် မူဝါဒအားဖြင့် အကန့်အသတ်ရှိနေခြင်းပင်ဖြစ်ကြောင်း၊ အမှန်တကယ် ဟုတ်၊ မဟုတ် မသေချာနိုင်သည့် အခြေအနေမျိုးတွင် လိုက်ပါလုပ်ဆောင်ရန် အခက်အခဲရှိကြောင်း၊ လက်ရှိတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနကဲ့သို့ ဘတ်ဂျက်ဥပဒေနှင့် လုပ်ဆောင်နေသည်များရှိနေပြီး အချို့ကဏ္ဍများမှာမူ ကျန်ရှိနေနိုင်သေးသော်လည်း အစိတ်အပိုင်း အများစုအား ပွင်းလင့်မြင်သာစွာ လုပ်ဆောင်ထားပြီးဖြစ်ကြောင်း၊ သတ္တုကဏ္ဍတွင် Mining Cadastre

ကဲ့သို့ လိုင်စင်ချထားပေးခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် စတင်လုပ်ဆောင်လျက် ရှိကြောင်း၊ ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ် စတင်အကောင်အထည်ဖော်ဆောင်ရန် မူဝါဒလိုအပ်ပြီး မူဝါဒပိုင်းဆိုင်ရာ နိုင်ငံရေးအရ ဦးဆောင်မှုပေးနိုင်မည့်သူလည်း လိုအပ်ကြောင်း၊ အချိန်ကာလနှင့် လုပ်ငန်းများ ချမှတ်ရေးဆွဲထားသည့် လုပ်ငန်းစဉ် လိုအပ်ကြောင်း၊ ကျွမ်းကျင်ရာနှင့် လုပ်ကိုင်ရမည့်လုပ်ငန်းတာဝန်ကိုက်ညီသည့် ဝန်ထမ်းအင်အား လိုအပ်ကြောင်း၊ လက်ရှိလူအင်အားဖြင့် ပွင့်လင်းမြင်သာရန် လုပ်ဆောင်မည် ဆိုပါက မိမိတို့၏ ကျွမ်းကျင်ရာ မတူညီနိုင်ကြောင်း၊ ဘတ်ဂျက်၊ ပစ္စည်းနှင့် နည်းပညာများ စသည့်အရင်းအမြစ်များ လိုအပ်ကြောင်း၊

မတူညီသည့်ဌာနများ၊ မတူညီသည့် လုပ်ဆောင်ချက်များ ရှိနေနိုင်သောကြောင့် ဌာနတစ်ခုနှင့်တစ်ခု ချိတ်ဆက်ရာတွင် ဌာနတွင်းချိတ်ဆက်မှုနှင့် ဌာနပြင်ပချိတ်ဆက်မှုများ ရှိကြောင်း၊ ဥပမာအားဖြင့် လိုင်စင်ချထားပေးသည့်အဆင့်မှ အခွန်ကောက်သည့်အဆင့်အထိ လုပ်ငန်းစင်တစ်ခုလုံးအား အချိန်နှင့် တပြေးညီ သိရှိရန် ဝန်ကြီးဌာနတစ်ခုတည်းတင်မဟုတ်ဘဲ ကျန်ရှိသောဝန်ကြီးဌာနများနှင့်ပါ ချိတ်ဆက်ပြီး စောင့်ကြည့်နိုင်မည့်စနစ် တစ်ခုလိုအပ်ကြောင်း၊ ဝန်ကြီးဌာနတိုင်း၏ မည်သည့်အဆင့်တွင် မည်မျှတာဝန်ရှိပြီး မည်မျှလုပ်ပိုင်ခွင့်ရှိကြောင်း ရှင်းလင်းစွာ သိရှိရန် လိုအပ်ပါကြောင်း၊ အဓိကအချက်အနေဖြင့် နိုင်ငံရေးအရ ဆန္ဒရှိမှုဖြစ်ကြောင်း၊ ယခုလက်ရှိ အာဏာရအစိုးရ၏ ဆုံးဖြတ်ချက်သာလျှင် အဓိက ဖြစ်ကြောင်း၊ ထို့အတွက် မူဝါဒလိုအပ်ကြောင်း၊ ထိုမူဝါဒတွင် ပွင့်လင်းမြင်သာမှုရှိရန်အတွက် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအလိုက် သို့မဟုတ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ရှိသည့် ဌာနများသာ သို့မဟုတ် ဌာနအားလုံး တပြေးညီပြုလုပ်ရန် စဉ်းစားဖို့လိုအပ်ကြောင်း၊ မည်မျှအတိုင်းအတာအထိလုပ်မည်ဟူသည့် ရှင်းလင်းသော နိုင်ငံရေးဆုံးဖြတ်ချက်တစ်ခုလည်း လိုအပ်ကြောင်း၊

ရေတိုအတွက် လက်ရှိစာချုပ်စာတမ်းများ၊ အများပြည်သူ၏ အကျိုးစီးပွားနှင့် ပတ်သက်သည်များအား ပွင့်လင်းမြင်သာစွာ ချပြရန်လိုအပ်ပါသော်လည်း အချို့ဌာနများတွင် အခက်အခဲ ရှိနေနိုင်ကြောင်း၊ အဓိက အားဖြင့် ဌာနနှင့် ကုမ္ပဏီအကြား စာချုပ်တွင်ပါရှိသည့် Confidential Clause များပင် ဖြစ်ကြောင်း၊ စာချုပ်များ ချုပ်ဆိုသည့်အခါ ဌာနတစ်ခုတည်းအနေဖြင့်မဟုတ်ပဲ ဆက်စပ်နေသည့် အခြားသောဌာနများ၊ ပညာရှင်များနှင့်ပါ ကြည့်ရှုစစ်ဆေးပြီးမှသာ ချုပ်ဆိုသင့်ကြောင်း၊ ယခုလက်ရှိစာချုပ်များတွင် ပါသင့်သည်များ မပါသလို ၊ မပါသင့်သည်များ ပါဝင်နေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ စာချုပ်ချုပ်ဆိုသည့် အခါ လိုအပ်လျှင် ပညာရှင် ငှားရမ်းအသုံးပြုခွင့် လိုအပ်ကြောင်း၊ ဥပမာ - သတ္တုတွင်းဝန်ကြီးဌာနသည် သတ္တုတူးဖော်ခြင်းနှင့် ပတ်သတ်သည့် လုပ်ငန်းစဉ်အားလုံး ကျွမ်းကျင်သော်လည်း စီးပွားရေးအရ တွက်ခြေကိုက်မှုအား တွက်ချက်သည့် လိုအပ်ချက်ရှိနိုင်ကြောင်း စသည်ဖြင့် အဖွဲ့ (၃) ၏ ဆွေးနွေးချက်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

အဖွဲ့ (၄)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အထွေထွေမန်နေဂျာ ဦးဝင်းနိုင် မှ အဖွဲ့အတွင်း ဆွေးနွေးချက်များအား တင်ပြရာတွင် Organization Structure Reform ဆိုသည်မှာ အထက်အောက်အဆင့်များ ပိုမိုဆင့်ကဲပွားများမှုအား တပြေးညီအဆင့်သို့ ပြန်လည်ရောက်ရှိလာရန် သက်ဆိုင်ရာဌာန အဖွဲ့အစည်းအလိုက် ခံယူချက်များ၊ မျှော်မှန်းချက်များ ပြန်လည်သုံးသပ်ကာ ထိရောက်မှုရှိအောင် ဆောင်ရွက်ခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စာချုပ်များအပေါ် ဥပဒေအာဏာ ပိုမိုတည်တံ့စေရန် သယံဇာတနှင့် ပတ်သက်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသာမက အခြား နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည်လည်း အရောင်းအဝယ်စာချုပ်များ၊ Production Sharing Contract များ မဖြစ်မနေ လုပ်ဆောင်ကြရကြောင်း၊ လက်ရှိပဋိညာဉ်ဥပဒေအရ စာချုပ်ချုပ်ဆိုသည့်အခါ သာမာန်အားဖြင့် ပေးချေမှုများ သတ်မှတ်ခြင်း၊ တာဝန်ဝတ္တရားများ ပါရှိပြီး ထိုအချက်များအား ဖောက်ဖျက်ပါက မည်သို့အရေးယူမည်ဆိုသည့် ဥပဒေအာဏာအား ပိုမိုခိုင်မာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊

နောက်တစ်ချက်သည် မည်သူက မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် မည့်သည့်အချက် လုပ်ဆောင်မည်ဆိုသည့် လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများအား ပြန်လည်သုံးသပ်ရေးဆွဲရမည်ဖြစ်ကြောင်း၊ ထိုမှသာ ပွင့်လင်းမြင်သာမှုရှိလာနိုင်ကြောင်း၊ ထို့အပြင် ဌာနတိုင်းနီးပါးတွင် Internal Audit ရှိကြောင်း၊ ယင်း Internal Audit ၏ လုပ်ငန်းများ၊ စနစ်များအား သုံးသပ်ကာ ပိုမိုထိရောက်စေမည့် နည်းလမ်းရှာရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာအစုအဖွဲ့ ဌာနအလိုက် Pre-auditing System လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ယခုကျင်းပသည့်အလုပ်ရုံဆွေးနွေးပွဲကဲ့သို့ အသိအမြင်ဗဟုသုတ မျှဝေဖလှယ်သည့် ဆွေးနွေးပွဲ များစွာ လိုအပ်ကြောင်း၊ ထိုမှတဆင့် သက်ဆိုင်ရာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ လုပ်ငန်းစဉ်များအား သိရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းသည်လည်း ပွင့်လင်းမြင်သာမှုအား တစ်နည်းအားဖြင့် အကောင်အထည် ဖော်ဆောင်ခြင်းပင် ဖြစ်ကြောင်း၊ လုပ်ငန်းများ ချိတ်ဆက်ရန် Industry Clustering တည်ထောင်ရန် လိုအပ်ကြောင်း၊ အားလုံးသည် supply chain အနေဖြင့်သွားနေစဉ် အဖွဲ့အစည်းအချင်းချင်း၊ လုပ်ငန်းအချင်းချင်း ဆက်စပ်မှုများလာသည်နှင့်အမျှ ပွင့်လင်းမြင်သာမှု ပိုမိုမြင့်တက်လာနိုင်ကြောင်း၊

သဘာဝသယံဇာတအား အခြေခံသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဖြစ်သည့်အလျောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုများ မဖြစ်မနေဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများတွင် တိကျသည့် လမ်းညွှန်များ၊ မူများ ရှိပြီးဖြစ်သည့်အတွက် အများပြည်သူများ၊ တခြားအဖွဲ့အစည်းများပါ အမြဲထိတွေ့သိရှိရန် လိုအပ်ကြောင်း၊ အများပြည်သူအနေ ဖြင့် ယင်းမူများအတိုင်း ဆောင်ရွက်မှုရှိ၊ မရှိ သိရှိလာနိုင်ခြင်းသည် ပွင့်လင်းမြင်သာမှုရှိလာခြင်း ဖြစ်ကြောင်း၊ Monitoring and Evaluation လုပ်ရန်

လိုအပ်ကြောင်း၊ ယင်းရလဒ်များ၊ အခြေအနေများ အားလည်း အများပြည်သူ သိရှိစေရန် ထုတ်ပြန်ပေးနေရမည်ဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် အားသာချက်၊ အားနည်းချက်။ ပြင်ဆင်ချက်၊ တိုးတက်မှုစသည့် Corrective Action Review အားလည်း အချိန်နှင့် တစ်ပြေးညီထုတ်ပြန်ရန် လိုအပ်ကြောင်း၊ လက်ရှိအနေအထားနှင့် ကိုက်ညီမှုမရှိသည့် ဥပဒေများအား ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ယင်းပြုပြင်ချက်များအား အများပြည်သူ သိရှိကာ Evaluate လုပ်နိုင်ခြင်းဖြင့် ပွင့်လင်းမြင်သာမှု ပိုမိုကောင်းလာမည်ဖြစ်ကြောင်း၊

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် လက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အခြေအနေများအပေါ် လေ့လာကာ နိုင်ငံတော်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမူဝါဒ ချမှတ်ရန် လျာထားပြီးဖြစ်ကြောင်း၊ ယင်းမူဝါဒအပေါ် မူတည်၍ ပြင်ဆင်ရမည့်အချက်များသည် လည်း အရေးကြီးပါကြောင်း၊ ထိုမှသာ မူဝါဒနှင့်အညီ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများပြုပြင်ပြောင်းလဲရေး လုပ်ဆောင်သည့်အခါ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းစေရန် မည်သို့ပြင်ဆင်ရမည့်အချက်များသည်လည်း အရေးကြီးပါ ကြောင်း၊

Environmental Impact ရှိသကဲ့သို့ Social Impact လည်းရှိကြောင်း၊ ထိုသက်ရောက်မှုများကို လေ့လာကာ CSR ထူထောင်ရန် လိုအပ်ကြောင်း၊ Free, Prior and Informed Consent (FPIC) လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ထိုအချက်များသည် ရေရှည်အတွက် ပွင့်လင်းမြင်သာမှုတွင် အရေးကြီး ပါကြောင်း၊ ထို့အပြင် နည်းပညာအသုံးချမှုသည်လည်း ပွင့်လင်းမြင်သာမှုအတွက် အရေးပါကြောင်း၊ ပွင့်လင်းမြင်သာမှု (Transparency) နှင့် ဖွင့်ဟဖော်ထုတ်ခြင်း (Disclosure) မတူညီကြောင်း၊ ပွင့်လင်းမြင်သာမှုရှိတိုင်း ဖွင့်ဟဖော်ထုတ်ရမည်မဟုတ်ကြောင်း စသည်ဖြင့် အဖွဲ့ (၄) အတွင်း ဆွေးနွေးမှု အား ရှင်းလင်းတင်ပြ သွားခဲ့ပါသည်။

## ခေါင်းစဉ် (၃) - ထိန်းကျောင်းစောင့်ကြည့်သည့်အဖွဲ့အစည်းများ အားကောင်းစေရန် ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့် ဆွေးနွေးချက်များ





ခေါင်းစဉ် (၃) အား (ဝဲ) အဖွဲ့ (၅) နှင့် (ယာ) အဖွဲ့ (၆) မှ အဖွဲ့အတွင်းဆွေးနွေးနေစဉ်။

<u>အဖွဲ့ (၅)</u>

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ စီမံကိန်းနှင့် နည်းပညာအကြံပေး ဒေါ်ဇင်မာမြိုင်မှ အဖွဲ့အတွင်း ဆွေးနွေးချက်များအား တင်ပြရာတွင် စောင့်ကြည့်ထိန်းကြောင်းမည်ဆိုပါက မည်ကဲ့သို့ ထိန်းကျောင်းရမည်ကို ဆွေးနွေးရာတွင် အစိုးရဌာနများမှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ယခင်က Integrated Amount မှ ယခုနောက်ပိုင်းတွင် Disintegrated amount များသို့ ခွဲခြားလာနိုင်၍ တိုးတက်မှုများရှိလာကြောင်း၊ အဆိုပါတိုးတက်မှုသည် ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍနှင့်ပတ်သက်နေကြောင်း၊ EITI တွင်လည်း အကြီးဆုံး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းသည် ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်း ဖြစ်ကြောင်း၊ နမူနာအနေဖြင့် ဆွေးနွေးရာတွင် အဆိုပါ ရေနံနှင့်သဘာဝဓါတ်ငွေ့ လုပ်ငန်းတွင် ထုတ်လုပ် သည့်ဓါတ်ငွေ့များ၏ ခန့်မှန်းတန်ဖိုး၊ ပမာဏများ စသဖြင့် ခန့်မှန်းချက်များ ပါရှိပြီး ထုတ်လုပ်မှုတွင် ပြည်တွင်းအတွက်ရှိသလို ပြည်ပတင်ပို့မှုအတွက်လည်း ပါဝင်ကြောင်း၊ သာမန် အသုံးစရိတ် ငွေလုံးငွေရင်းလည်း ပါဝင်လာကြောင်း၊ ကြွေးမြီနှင့်ပတ်သက်၍လည်း ပြည်တွင်း ကြွေးမြီ၊ ပြည်ပကြွေးမြီ ဟူ၍ ၎င်းတို့၏ ဘတ်ဂျက်ဆိုင်ရာရှင်းလင်းမှုများတွင် ဖော်ပြပါရှိကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်များတွင် ဆောက်လုပ်ရေးနှင့်ပတ်သက်၍ အသုံးစရိတ် များ ဖော်ပြပါရှိကြောင်း၊ စီမံကိန်းအသုံးစရိတ်များအတွက် ကမ္ဘာဘဏ်တွင် စစ်ဆေးပြီး ကျန်အသုံးစရိတ်များကို ဌာနတွင် စစ်ဆေးကြောင်း၊ အဆိုပါစာရင်း အချက်အလက်များအားလုံးအား နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ (Union Budget Law) အတိုင်း သုံးစွဲကြောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အဆိုပါဘတ်ဂျက်ရှင်းတမ်း (Budget Sheet) အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြည်ထောင်စု ဝန်ကြီးမှ လွှတ်တော်တွင် ဆက်လက်ရှင်းလင်းတင်ပြကြောင်း၊

စောင့်ကြည့်ထိန်းကြောင်းရန်အတွက် တွေ့ရှိချက်များအား ခွဲခြမ်းသုံးသပ်ရာတွင် EITI တွင် Project Level Reporting ၊ Contract Disclosure နှင့် Systematic Disclosure များနှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြရာတွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်၊ သာမန်အသုံးစရိတ်များနှင့် ချိတ်ဆက်တင်ပြ ရမည်ဆိုပါက နိုင်ငံတော်၏ ယခုလက်ရှိအခြေအနေများနှင့်မတူဘဲ မြန်မာနိုင်ငံ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအား နိုင်ငံတော်မှ National Plan အဖြစ်တည်ထောင်လိုက်ပြီဖြစ်ကြောင်း၊ အဆိုပါအစီအစဉ် အား ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ မှ အတည်ပြုထားကြောင်း၊ အဆိုပါအစီအစဉ်၏ နောက်တွင် စီမံကိန်းဘဏ် (Project Bank) အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် အမိန့်ကြော်ငြာစာထွက်၍ ညွှန်ကြားထားကြောင်း၊ အဆိုပါထုတ်ပြန်ထားမှုတွင် ဌာနများအနေဖြင့် အသစ်ပုံစံဖြင့် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် အဆိုပါအစီအစဉ်အား လက်ရှိပြောင်းလဲတိုးတက်မှုအစီအစဉ်အောက်တွင် ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း၊ သက်ဆိုင်ရာဌာနများတွင်လည်း reporting ပုံစံများ နားလည်စေရန် သင်တန်းများပေး၍ ဆောင်ရွက်နေကြသည်ဟု သိရှိရကြောင်း၊ရှေ့လာမည့်ဘတ်ဂျက်နှစ် များတွင် ခွဲဝေမည့်ပုံစံဟု သိထားကြောင်း၊ ဘတ်ဂျက်ရှင်းတမ်း (Budget Sheet) တွင် Citizen Budget များ ပါဝင်လာပြီး တိုင်းနှင့်ပြည်နယ်များတွင်လည်း Citizen Budget များပါဝင်လာကြောင်း၊ သယံဇာတမှရရှိသည့် ဝင်ငွေများကို ခွဲဝေသုံးစွဲရာတွင်လည်း Citizen Budget တွင် Indicator (၆) မျိုးဖြင့် ဖော်ပြပါရှိပြီး ခွဲဝေနေပါကြောင်း၊ ထိုကဲ့သို့နည်းဖြင့် ပြည်နယ်နှင့်တိုင်းဘတ်ဂျက်များကို ခွဲဝေစိစစ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပကြွေးမြီများနှင့် ပတ်သက်၍လည်း ချေးထားသည့်ကြွေးမြီများတွင် မြန်မာငွေကျပ်များနှင့် ပါဝင်သလို နိုင်ငံခြားငွေများ ပါဝင်သည့်အတွက် နေ့စဉ်ငွေလဲနှုန်းအပေါ်မူတည်၍ တွက်ချက်ကြောင်း၊ အရှုံးအမြတ်များအား Budget Deposit အပေါ်မူတည်၍ နိုင်ငံတော်မှကျခံသုံးစွဲကြောင်း၊

စိန်ခေါ်မှုများနှင့်အခက်အခဲများအား တင်ပြရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ၎င်းတို့ထံ တင်ပြလာသည့်စာရင်းများအား စစ်ဆေး၍ ထူးခြားချက်များ၊ တွေ့ရှိချက်များအား နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့အား အစီရင်ခံရကြောင်း၊ ရသုံးမှန်းခြေငွေစာရင်းတွေ့ရှိချက်များအား ထုတ်ပြန်ကြောင်း၊ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးမှုရန်ပုံငွေသိန်းတစ်ထောင်ကိုလည်း ထုတ်ပြန်အစီရင်ခံကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် EITI နှင့် ကွာခြားသည်မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ပြည်သူကိုတိုက်ရိုက်ဖွင့်ချပြ၍ မရကြောင်း၊

လက်ရှိစနစ်ဖြင့်ဆောင်ရွက်သည့်အခါ စိန်ခေါ်မှုအနေဖြင့် International Financial Reporting System (IFRS) စနစ်ဖြင့်ဆောင်ရွက်သည့်အခါ ဝန်ကြီးဌာနများအနေဖြင့် အဆိုပါ IFRS အတိုင်းဆောင်ရွက်နိုင်ရန် အတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း၊ အသိအမြင်ဖွင့်သင်တန်းများစွာလိုအပ်သည်ဆိုသည့်အချက်ကို စိန်ခေါ်မှုအနေဖြင့်ထည့်သွင်းထားကြောင်း၊

ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ (Central Statistical Organization) နှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးရာတွင် ဗဟိုစာရင်းအင်းအဖွဲ့တွင် Statistical Year Book ဟူ၍ နှစ်စဉ်ထုတ်ပြန်လေ့ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ သယံဇာတကဏ္ဍနှင့်ပတ်သက်သည့်အညွှန်းကိန်းများ ထုတ်ပြန်လေ့ရှိကြောင်း၊ မိမိတို့ EITI ကလည်း သယံဇာတနှင့်ပတ်သက်သည့် ကိန်းဂဏန်းများထုတ်ပြန်ကြောင်း၊ အဆိုပါ ကိန်းဂဏန်း ထုတ်ပြန်သည့်အခါ အစိုးရမှရသည့်ဒေတာများနှင့်ကုမ္ပဏီများမှရသည့်ဒေတာများအား တိုက်ဆိုင်စစ်ဆေးကြောင်း၊ ထို့နောက် ကွာဟချက် (Discrepancies) ကိုထုတ်ပြန်ဖော်ပြကြောင်း၊ အဆိုပါအစီရင်ခံစာသည်လည်း နိုင်ငံတော်မှ ထုတ်ပြန်သည့်အစီရင်ခံစာဖြစ်ကြောင်း၊ ထို့အပြင် ဗဟိုစာရင်းအင်းအဖွဲ့သည်လည်း အစီရင်ခံစာထုတ်ပြန် သည့်အတွက် အဆိုပါအစီရင်ခံစာ (၂) ခုအကြား ကွာဟချက်များလည်း ရှိနေကြောင်း၊ နိုင်ငံ၏ သယံဇာတ အချက်အလက်များအား နိုင်ငံကိုယ်စားပြုဖော်ပြခြင်းသည် တစ်မျိုးတည်းသာဖြစ်သင့်ကြောင်း၊ အချိန်အပိုင်းအခြားကြောင့်ကွာဟချက်ဖြစ်သည်ဆိုပါက ဘဏ္ဍာရေးနှစ်နှင့် ပြက္ခဒိန်နှစ်မတူညီခြင်းကြောင့်ကွာခြားသည် သည်ကို ဆွေးနွေးရာတွင် မြန်မာနိုင်ငံ EITI အနေဖြင့်လည်း EITI စံနှုန်းများအရ အကောင်အထည် ဖော်ဆောင်ရခြင်းဖြစ်ပြီး မဖြစ်မနေ အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်အဖြစ် ပါဝင်လာသည်မှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှစတင်ပြီး Systematic Disclosure နှင့် Integrated Reporting များဖြစ်ကြောင်း၊ မိမိတို့ EITI အနေဖြင့် မဖြစ်မနေ အစီရင်ခံစာ ထုတ်ပြန်ခြင်း၊ ဌာနဆိုင်ရာများနှင့်ကုမ္ပဏီများထံမှ အချက်အလက်များတောင်းခံခြင်းများ၊ ဝက်ဆိုဒ်များပေါ်တွင် အချက်အလက်များထုတ်ပြန်ခြင်းနှင့် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများပြုလုပ်၍ အချိန်များစွာယူနေရခြင်းထက် ပွင့်လင်းမြင်သာစေရန် ဖော်ပြသည့် ကိန်းဂဏန်းများကို စုစည်း၍ မည်ကဲ့သို့ ဝေဖန်ပိုင်းခြား၍ တွေ့ရှိချက်များကို မည်ကဲ့သို့ အသုံးပြုရန် ဆိုသည်မှာ EITI ၏ အကောင်အထည်ဖော်ရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက် ခြင်းအားဖြင့် အစီရင်ခံစာ ထုတ်ပြန်ရန်အတွက် ကုန်ကျရမည့် လွတ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးသူ (Independent Administrator) ငှားရမ်းခြင်းကိစ္စရပ်များ၊ ညှိနှိုင်းရသည့်ကိစ္စ ရပ်များ သက်သာစေရန်အလို့ငှာ EITI နှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့ ကိန်းဂဏန်းများပူးပေါင်း၍ မည်ကဲ့သို့ ဆောင်ရွက်နိုင်သည်ကို ညှိနှိုင်းရန် လိုအပ်သည်ဟု အဖြေထွက်ရှိခဲ့ကြောင်း၊

နိုင်ငံတကာ EITI အပိုင်းကလည်း Integrated Reporting ဆောင်ရွက်ရန်အတွက် ၃-၅ နှစ်အထိ အချိန်ပေးထားကြောင်း၊ အဆိုပါ ၃-၅ နှစ်အတွင်းတွင် Feasibility Study ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ရာတွင် EITI နိုင်ငံများမှ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နောက်ခံ အချက်အလက်နှင့် အကြောင်းအရာများ မတူကွဲပြားသည့်အတွက် ရလဒ်များလည်း ကွဲပြားနိုင်ကြောင်း၊ နိုင်ငံအလိုက် ဆောင်ရွက်နိုင်သည့်အချိန် (timeline) နှင့် လမ်းကြောင်းများ ရေးဆွဲနိုင်ကြောင်း၊ စူးစမ်းလေ့လာမှုပြုလုပ်ခြင်းမှ ရရှိလာသည့်ရလဒ်အရ လုပ်ငန်းအစီအစဉ် (Work plan) ရေးဆွဲရမည်ဖြစ်ကြောင်း၊ ထိုအတွက်ကြောင့် လုပ်ငန်းအစီအစဉ်နှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့်ပတ်သက်၍ သုံးပွင့်ဆိုင်

ညွှန့်ပေါင်းအဖွဲ့ထံသို့ ဆက်လက်တင်ပြမည်ဖြစ်ကြောင်း၊ ထို့နောက် EITI လုပ်ငန်းကော်မတီနှင့် ဦးဆောင်ကော်မတီထံသို့ ဆက်လက်တင်ပြ၍ စူးစမ်းလေ့လာခြင်းလုပ်ငန်းနှင့် Integrated Reporting များကို မည်ကဲ့သို့ဆောင်ရွက်မည်ဆိုသည့် သဘောထားမှတ်ချက်နှင့် လမ်းညွှန်ချက်များ တောင်းခံမည် ဖြစ်ပါကြောင်း အဖွဲ့ (၅) အတွင်း ဆွေးနွေးချက်များအား တင်ပြဆွေးနွေးခဲ့သည်။

ရှင်းလင်းတင်ပြမှုအပြီးတွင် တက်ရောက်သူများမှ အောက်ပါအတိုင်း အကြံပြုဆွေးနွေးခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲအချက်အလက်များအား သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၊ EITI လုပ်ငန်း ကော်မတီ၊ EITI ဦးဆောင်ကော်မတီ များထံသို့ မတင်ပြမီ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများထံမှ သဘောထား မှတ်ချက်များ ကြိုတင်တောင်းခံသင့်ကြောင်း အကြံပြုဆွေးနွေးချက်အပေါ် စူးစမ်းလေ့လာခြင်း လုပ်ငန်း၊ Systematic Disclosure နှင့် Integrated Reporting များကို မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ရှင်းလင်းမှုမရှိသေးသည့်အတွက် အားလုံးထံမှ သဘောထား မှတ်ချက်များ ရယူမည်ဖြစ်ကြောင်း၊ EITI အဖွဲ့ဝင်နိုင်ငံဖြစ်ပါက EITI စံနှုန်းများကို လိုက်နာရ မည်ဖြစ်သည့်အတွက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်၍ လိုက်နာရပါမည်ဟု သတ်မှတ်ထားသည့်အတွက် ထိုကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများ ထံသို့ အသိပေးမှုများ၊ ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များ ရယူမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖော်ပြပါလုပ်ငန်းစဉ်များအား အသစ်အနေဖြင့်မဟုတ်ဘဲ ရှိရင်းစွဲလုပ်ငန်းစဉ်များနှင့်အချက်အလက်များအပေါ်အခြေခံ၍ Integrated Reporting မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ရေးဆွဲအကောင်အထည်ရမည်ဖြစ်ကြောင်း၊ ထို့နောက် Open Data Policy နှင့်လည်း ချိတ်ဆက်မည်ဖြစ်သောကြောင့် ဌာနဆိုင်ရာတာဝန်ရှိသူများထံမှ အကြံပြုချက်မြန်မာ့သစ်လုပ်ငန်း စွာလိုအပ်မည် ဖြစ်ကြောင်း၊ ထို့အပြင် စူးစမ်းလေ့လာခြင်းလုပ်ငန်းလည်း ဆောင်ရွက်မည်ဖြစ်သဖြင့် မည်သည့်ဌာနများ နှင့် မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်ရမည်ကိုလည်း ညှိနှိုင်းတိုင်ပင်ရမည်ဖြစ်ပြီး အားနည်းချက်၊ အားသာချက်များလည်း တွေ့ရှိလာမည်ဖြစ်ကြောင်း၊ ယခုအခြေအနေသည် အစဦးအခြေအနေသာ ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသူတစ်ဦးမှလည်း သတ္တုကဏ္ဍဆိုင်ရာတွင် Investment နှင့် Financial ကိစ္စရပ်များ ဆောင်ရွက်မည်ဆိုပါက မိမိတို့၏ ငွေရေးကြေးစုအတွက် တည်ငြိမ်လာမည်ဖြစ်ကြောင်း၊ သို့သော် သတ္တုကဏ္ဍတွင်အလိုအပ်ဆုံးမှာ သယံဇာတဈေးကွက်ရပ်ဝန်း ပေါ်ထွက်လာသင့်ကြောင်း၊ အဆိုပါကိစ္စသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ဦးဆောင်သင့်ကြောင်း၊ သယံဇာတ ဈေးကွက်ရပ်ဝန်းပေါ်လာပါက မိမိတို့နိုင်ငံတွင် သယံဇာတဆိုင်ရာ ငွေရေးကြေးရေးစင်တာများ ပေါ်လာမည် ဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင်လည်း ရှိပြီး သတ္တုဈေးကွက်ပေါ်ထွက်လာမှသာ ရင်းနှီးမြှုပ်နှံ မှုမြန်မာ့သစ်လုပ်ငန်း ပြားလာမည်ဖြစ်ကြောင်း၊ ဘဏ်ဆိုင်ရာစနစ်များမတည်ငြိမ်၊ မသေချာခြင်းကြောင်း ရင်းနှီးမြှုပ်နှံမှုများသည်လည်း မတည်ငြိမ်ကြကြောင်း၊ အချို့သောစီးပွားလုပ်ငန်းရှင်များအနေဖြင့်

မြေကွက်များဝယ်၍ ထိုမြေကွက်များအပေါ်တွင်သာ ရင်းနှီးမြှုပ်နှံကြသောကြောင့် လွဲမှားသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်သည်ဟု ယူဆမိကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ တာဝန်တစ်ခုဖြစ်သည့် မြန်မာနိုင်ငံမှထုတ် လုပ်သည့် သတ္တုထုတ်ကုန်များကို ယှဉ်ပြိုင်နိုင်စွမ်းရှိသော အနေအထားဖြစ်အောင် ပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း Standardization သည်အရေးကြီးပြီး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ က ဦးဆောင်ပေးရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကအနေဖြင့် ထုတ်ကုန်စံနှုန်းများအတွက် အသိအမှတ်ပြုလက်မှတ်များထုတ်ပေး၍ မရကြောင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများသာ ထုတ်ပေး၍ ရပြီး တစ်နိုင်ငံလုံးတွင်လည်း စံနှုန်း Accreditation ပေးနိုင်သည့် ထုတ်ကုန်တွင် သတ္တုထုတ်ကုန်မပါဝင်သေးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်းပါဝင် လာစေချင်ကြောင်း၊ သို့မှသာ ပေါက်ဈေးမှန်သည့် နိုင်ငံတကာ ဈေးကွက်သို့ တင်ရောင်းနိုင်မည် ဖြစ်ကြောင်း၊ သတ္တုတွင်းဦးစီးဌာနကိုယ်တိုင် Accreditation certificate ပေးပိုင်ခွင့်မရှိဟုသိရကြောင်း၊ မြန်မာနိုင်ငံတွင် Accreditation ပေးနိုင်သည့်ဝန်ကြီးဌာနသည် ပညာရေး ဝန်ကြီးဌာနတစ်ခုသာရှိသည်ဟု သိထားကြောင်း၊ သတ္တုထုတ်ကုန်များဖြစ်သည့် ရွှေ၊ ကြေးနီနှင့် အခြား ထုတ်ကုန်များအတွက် ထောက်ခံချက်များမရှိကြောင်း၊ ထို့အတွက်လည်း သတ္တုပစ္စည်းအမျိုးအစား အလိုက် Methodology များဖြင့်စံနှုန်းများသတ်မှတ်သင့်ကြောင်း ဆွေးနွေးအကြံပြုခဲ့သည်။

<u>အဖွဲ့ (၆)</u>

မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့မှ စီမံကိန်း ညှိနှိုင်းရေးမှူး ဦးထူးအောင်မှ အဖွဲ့အတွင်း ဆွေးနွေးချက်များအား တင်ပြင်ရာတွင် ဥပဒေမူဘောင်များ အားကောင်းလာမည်ဆိုပါက စောင့်ကြည့်ထိန်းကြောင်းခြင်းလုပ်ငန်းစဉ်လည်း ကောင်းမွန်လာမည်ဖြစ် ကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ အား Corporation မပြုလုပ်ခင်နှင့် Corporation ပြုလုပ်ရာတွင် စောင့်ကြည့် ထိန်းကြောင်းနိုင်ရန်အတွက် ဥပဒေမူဘောင်တွင် ထည့်သွင်းထားသင့်ကြောင်း၊ အစိုးရဌာနအချင်းချင်း တွင်လည်း လုပ်ငန်းတာဝန်ဝတ္တရားများကွဲပြားစွာရှိရန်သတ်မှတ်ထားသင့်ကြောင်း၊

သတင်းအချက်အလက်များရရှိနိုင်မှုအပေါ် အခြေခံ၍ စောင့်ကြည့်ထိန်းကြောင်းခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အတွက် သတင်းအချက်အလက်သည်လည်း အရေးကြီးကြောင်း၊ ထို့အပြင် ဥပဒေ၊ နည်းဥပဒေများကို မြန်မာနိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီသည့် ဥပဒေများကို ထုတ်ပြန်ရန်လည်း အရေးကြီးကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်အစီရင်ခံစာများကို လွှတ်တော်နှင့်သမ္မတရုံးထံသို့သာ တင်ပြသောကြောင့် ပြည်သူများလက်လှမ်းမီရန်အတွက်မှု အခက်အခဲ ဖြစ်နေသေးကြောင်း၊ ထို့နောက် စောင့်ကြည့်စစ်ဆေးမည့်အဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်ကိစ္စရပ် ကိုလည်း စဉ်းစားထားရမည်ဖြစ်ကြောင်း၊ Regulatory အခန်းကဏ္ဍအား တာဝန်ယူထားသည့်ဌာနများ အနေဖြင့် အကောင်အထည်ဖော်သည့်တာဝန်များရောမထွေးစေရန် စီစဉ်သင့်ပြီး Regulatory အခန်း

ကဏ္ဍကိုလည်း မြှင့်တင်ရန်လိုအပ်ကြောင်း၊ ထို့နောက် စောင့်ကြည့်ထိန်းကြောင်းရာတွင် လွတ်လပ်သောတတိယအဖွဲ့အစည်းဖြစ်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ကို စောင့်ကြည့်ထိန်းကြောင်း နိုင်ရန်အတွက် သတင်းအချက်များစုစည်းဖော်ပြနိုင်မည့် Data Portal လိုအပ်မည်ဖြစ်ကြောင်း၊

အစီရင်ခံသည့် လမ်းကြောင်း (Reporting Line) သည်လည်း ရှင်းလင်းမှုရှိရန်နှင့် အစီရင်ခံမည့် ပုဂ္ဂိုလ်သည်လည်း ရှင်းလင်းရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် စာရင်းများအပြင် Performance Audit များပါ ပြုလုပ်လာမည်ဖြစ်သဖြင့် အဆိုပါကိစ္စရပ်သည်လည်း စောင့်ကြည့်ထိန်းကြောင်းရာတွင် အထောက်အကူဖြစ်မည်ဟု ဆွေးနွေးခဲ့ကြောင်း၊ ထို့နောက် အစိုးရဌာနများအတွင်း၌ Reporting ပုံစံများသည် တစ်သမတ်တည်းဖြစ်ပါက အချက်အလက်များ စုစည်းရာတွင် အထောက်အကူဖြစ်မည်ဟု ဆွေးနွေးခဲ့ကြကြောင်း၊ Independent Audit များဖြင့် စစ်ဆေးခြင်း၊ ဥပဒေအပိုင်းမှ တွန်းအားပေး မှုများဖြင့် ထိန်းကြောင်းခြင်း၊ နည်းပညာများ ပံ့ပိုးကူညီခြင်း၊ စာရင်းစစ်ထားသည့်အစီရင်ခံများနှင့်အချက် အလက်များအပေါ် အစိုးရမှ သီးခြားထောက်ခံချက်များပေးခြင်းဖြင့် စောင့်ကြည့်ထိန်းကြောင်းခြင်း လုပ်ငန်းအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် အဖွဲ့ (၆) အတွင်း ဆွေးနွေးချက်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

## ၈.၅။ အလုပ်ရုံဆွေးနွေးပွဲအား ပြန်လည်ခြုံငုံသုံးသပ်ခြင်း

အဖွဲ့အလိုက်ဆွေးနွေးခြင်းနှင့် ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်းပြီးနောက် NRGI မှ Country Manager ဦးမော်ထွန်းအောင်မှ ခြုံငုံသုံးသပ်တင်ပြရာတွင် ရှေ့လုပ်ငန်းစဉ်များအတွက် ချက်ချင်းလုပ်ဆောင်၍ ရသည်များ ရှိကြောင်း၊ အချို့မှာ EITI နှင့်စပ်နွယ်၍ လုပ်ဆောင်ရမည်ဖြစ်ပြီး အချို့မှာ ဥပဒေပိုင်းနှင့်စပ်နွယ်သဖြင့် လုပ်ဆောင်ရန် အချိန်ပိုကြန့်ကြာနိုင်ကြောင်း၊

ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ မဟာဗျူဟာဆိုင်ရာ ရည်မှန်းချက်နှင့် လုပ်ငန်းဆောင်ရွက်မှု လျာထားချက် အစရှိသည့် သယံဇာတတူးဖော်ရေး ကဏ္ဍတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ကို တိုးတက်ဆောင်ရွက်နိုင်ရန် နည်းလမ်းများအတွက် မူဘောင်ဖြင့် လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ထိုမူဘောင်ထွက်ရှိစေရန် လုပ်ငန်းစဉ် များအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ဦးစီးကာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အချိန် ဇယားအရ ၂၀၂၀ ခုနှစ်တွင် မူဘောင်တစ်ခု ထွက်ရှိလာမည်ဖြစ်ကြောင်း၊

ဘဏ္ဍာရေး၊ စီမံ အုပ်ချုပ်မှုအစီရင်ခံခြင်း၊ လုပ်ငန်းဆောင်ရွက်မှုသုံးသပ်ခြင်း စသည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ်များအတွက် ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍

ဆွေးနွေးချက်များတွင် ပွင့်လင်းမြင်သာသည့်အခါ နေ့စဉ်ဆောင်ရွက်နေ သည်များထက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ Operation နှင့်သက်ဆိုင်သည်များ၊ Revenue နှင့်သက်ဆိုင်သည်များ၊ လိုင်စင်နှင့်သက်ဆိုင်သည်များ အစရှိသည့်များအား ပြည်သူများက ပိုမိုသိရှိလိုကြကြောင်း၊ လိုင်စင် ပွင့်လင်းမြင်သာမှု (Contract Transparency) အား လုပ်ဆောင်ရန် လိုအပ်လာကြောင်း၊ ပွင့်လင်း မြင်သာမှုဆိုသည်မှာ မူဝါဒအနေဖြင့် တည်ရှိနေ၍ မရကြောင်း၊ အကောင်အထည်ဖော်ရန် ၎င်းအတွက် ရည်ရွယ်သည့် ဝန်ထမ်းအင်အား၊ ငွေကြေး၊ နည်းပညာ အစရှိသည်တို့ တစ်ပါတည်းတွဲပါလာရန် လိုအပ်ကြောင်း၊ ယခုလက်ရှိတွင် မည်သည့်ဌာနမှ ပွင့်လင်းမြင်သာမှုအတွက် ဌာနတွင်း လုပ်ထုံးလုပ်နည်း ရှိသည်ကို မတွေ့ရကြောင်း၊ ဌာနများတွင် ပြောရေးဆိုခွင့်ရှိသူတစ်ဦးစီ ရှိသည်ကို သိရှိရသော်လည်း EITI နှင့်သက်ဆိုင်သည့်ဒေတာများ တောင်းခံသည့်အခါ ဝိုင်းဝန်းလုပ်ဆောင်လိုက်ကြသည့် အခြေအနေဖြစ်နေ ကြောင်း၊ ထိုအခြေအနေအား ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ Level အလိုက် လုပ်ပိုင်ခွင့်များ ရှင်းလင်းမှသာလည်း ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ် ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ စာချုပ်များ ချုပ်ဆိုသည့်အခါ တတိယအဖွဲ့အစည်းအား အသုံးပြုခွင့်ရရန် လိုအပ်ကြောင်း၊ Confidential Clause များအား နောက်ပိုင်းတွင် မူအရ မည်သို့ လုပ်ဆောင်သင့်သည်များကို ဆွေးနွေးခဲ့ကြကြောင်း၊

စာချုပ်ပါ စာတမ်းများအတိုင်း သက်ရောက်မှုရှိရန် ကြီးကြပ်မှုလိုအပ်ကြောင်း၊ Functional Procedure Reform နှင့်စပ်လျဉ်း၍ အစိုးရမှထုတ်ပြန်နေသည့် နည်းဥပဒေများသာမက အမိန့်ကြော်ငြာစာများ၊ ဌာနတွင်း Circular များကိုပါ သိရှိရန်လိုအပ်ကြောင်း၊ ထိုသို့မဟုတ်ပါက ပဋိပက္ခဖြစ်ပွားနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ မည်သို့ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ရမည်ကို စဉ်းစားရန် လိုအပ်ကြောင်း၊ ဤအလုပ်ရုံဆွေးနွေးပွဲကဲ့သို့ ဌာနများ စုံစုံညီညီ အပြန်အလှန်ဆွေးနွေးခွင့်ရခြင်းအား ကောင်းမွန်ကြောင်း၊ ဆွေးနွေးပွဲဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများအား အစဉ်မပြတ်ကျင်းပနိုင်ရန်လည်း ဆွေးနွေးခဲ့ကြောင်း၊ Industrial Clustering နှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြောင်း၊

ပွင့်လင်းမြင်သာမှုဆိုသည်မှာ ကောင်းမွန်သော စီမံအုပ်ချုပ်မှု (Good Governance) ၏အခြေခံဖြစ်ကြောင်း၊ လက်ရှိတည်ဆဲစနစ်များ၊ စီမံကိန်းများနှင့်ချိတ်ဆက်ရန်၊ မြန်မာနိုင်ငံ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း တွင်ပါဝင်သော ပန်းတိုင် ၂.၅ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေး နှင့် ချိတ်ဆက်ရန်နှင့် EITI အနေဖြင့် ရှေ့ဆက်ဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ကြကြောင်း၊ ပွင့်လင်းမြင်သာမှုပတ်သက်၍ Responsible Business Framework လုပ်ဆောင်သင့်ကြောင်း၊ လက်ရှိ ရှိနေသည့် နည်းပညာ (IT) အား ကောင်းစွာ အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ နည်းပညာနှင့် ပိုမိုအကျွမ်းဝင်ပါလာက Oversight Mechanism ရှိလာမည်ဖြစ်ပြီး စောင့်ကြည့်သူများအတွက်လည်း အကျိုးရှိနိုင်ကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ပြုပြင်ပြောင်းလဲရေးတွင် E-Governance နှင့်လည်း ချိတ်ဆက်ရမည်ဖြစ်ကြောင်း၊ Transparency နှင့် Disclosure မတူညီကြောင်း၊

လွှတ်တော်ပြည်သူ့ငွေစာရင်း ကော်မတီ၊ သယံဇာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အရပ်ဘက်အဖွဲ့အစည်းများ အစရှိသည့် ထိန်းကျောင်းစောင့်ကြည့်သည့် အဖွဲ့အစည်း များ အားကောင်းစေရန် ဆောင်ရွက်ခြင်း နှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ဘတ်ဂျက် Disclosure ပိုင်းတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာကြောင်း၊ Dedicated Extractive Section များရှိလာကြောင်း၊ EITI အကောင်အထည်ဖော်ဆောင်ပြီး နောက်ပိုင်းတွင် Citizen's Budget တွင် သယံဇာကဏ္ဍ အတွက် သီးသန့်ပါရှိလာကြောင်း၊ Oversight အတွက် ဒေတာများသည် လုံးပေါင်း မဟုတ်ပဲ Project-level Reporting အဆင့်ရှိ Disaggregated Data များဖြစ်ရန် လိုအပ်ကြောင်း၊ သို့မှသာ Transparency Mechanism ၏ အကျိုးအမြတ်အား ခံစားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ သည် ကြီးမားသည့် အဖွဲ့အစည်းများဖြစ်သဖြင့် အောက်ခြေအချက်အလက် အထိ ဒေတာများ ကွဲကွဲပြားပြား မသိပါက သတိပြုမိသင့်သည့် အချက်များအား မသိရှိနိုင်ကြောင်း၊

မြန်မာနိုင်ငံ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း အရ Reporting Template၊ Budget Request Template ပုံစံများ ပြောင်းလဲမှုဖြစ်သဖြင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ Budget Reporting ပိုမိုအားကောင်းလာစေရန် အခွင့်အရေး ရှိနိုင်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစီရင်ခံစာသည် အများပြည်သူများထံသို့ တိုက်ရိုက်တင်ပြခြင်းနှင့် ပတ်သက်၍ တစ်ခုနှင့်တစ်ခု မတူညီကြောင်း၊ စာရင်းစစ်ချုပ်ဥပဒေအရ တစ်နှစ်တစ်ခါသော် လည်းကောင်း၊ ထူးခြားသည့် ကိစ္စရပ်များ ရှိပါက အခါအားလျော်စွာလည်းကောင်း ပြည်ထောင်စု လွှတ်တော်နှင့် နိုင်ငံတော်သမ္မတအား တစ်ပြိုင်တည်း တင်ပြကြောင်း၊ လွှတ်တော်မှ အများပြည်သူများ အား ချပြနိုင်ကြောင်း အကျဉ်းချုပ် တင်ပြခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးကလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တာဝန်သည် နိုင်ငံတော်ဘတ်ဂျက်သို့ စာရင်းဝင်သောငွေရေးကြေးရေးများကို စစ်ဆေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်ထဲသို့ စာရင်း မဝင်သည်များအား External Audit Firm များမှ တာဝန်ယူစစ်ဆေးကြောင်း၊ နိုင်ငံတော်ဘတ်ဂျက် ပြင်ပရှိစာရင်းများအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးခြင်းမရှိကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ သည် နိုင်ငံတော် ဘတ်ဂျက်ပြင်ပရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဥပမာ - မြန်မာအမျိုးသားလေကြောင်းကုမ္ပဏီလီမိတက် လေကြောင်းလိုင်း) အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အနေဖြင့် စစ်ဆေးရန် တာဝန်မရှိကြောင်း၊ ယခုအစိုးရလက်ထက်တွင် Internal Audit ဖွဲ့ရန်နှင့် ဖွဲ့ပြီးပါက Monitoring ပြုလုပ်ရန်

စာရင်းစစ်ကော်မတီအား မဖြစ်မနေဖွဲ့စည်းရန် အမိန့်ကြော်ငြာစာအမှတ် ၃၅/ ၂၀၁၇ ဖြင့် ပြဌာန်းထား ကြောင်းလည်း ဖြည့်စွက်တင်ပြခဲ့သည်။

NRGI မှ ဆက်လက်သုံးသပ်တင်ပြရာတွင် စီမံကြီးကြပ်မှု ပိုမိုကောင်းမွန်စေရန် International Financial Reporting System ဖြင့် လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် EITI အနေဖြင့် ဗဟိုစာရင်းအင်း အဖွဲ့နှင့် ပိုမိုပူးပေါင်းရန်လိုအပ်ကြောင်း၊ Systematic Disclosure အား တစ်နှစ်တစ်ခါမဟုတ်ပဲ နိုင်ငံတော် လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အပြင် ဓါတ်သတ္တုဈေးကွက်တစ်ခု ပေါ်ပေါက်လာစေရန် စံချိန်စံနှုန်းများ လိုအပ်ကြောင်း၊ ကျောက်မျက်ကဏ္ဍအတွက် National Lab နှင့် စိတ်ချယုံကြည်မှုရှိစေရန် စံချိန်စံနှုန်းများလည်း လိုအပ်ကြောင်း၊

ဥပဒေပိုမိုအားကောင်းရန် လိုအပ်ကြောင်း၊ ကော်ပိုရေးရှင်းသို့ကူးပြောင်းပါက ဥပဒေနှင့် လုပ်ငန်း တာဝန်များအား တိကျစွာ ချမှတ်ရန်လိုအပ်ကြောင်း၊ ဥပမာ မြန်မာလေကြောင်းအား ကြည့်ရှုလေ့လာပါက စနစ်တကျဖြင့် ဦးဆောင်နိုင်သူကြောင့်သာ ထိုကဲ့သို့ရှုန်းကန်နိုင်ကြောင်းကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ နှင့် ကိုက်ညီသည့် ဥပဒေ၊ နည်းဥဒေများလည်း ဖြစ်ပေါ်ရန် လိုအပ်ကြောင်း၊ Regulator များ၏ အခန်း ကဏ္ဍအား မြှင့်တင်လိုပါက Regulator များသည် မိမိ၏ သက်ဆိုင်ရာကဏ္ဍအတွက် အသိပညာ၊ ဗဟုသုတရှိသင့်ကြောင်း စသည်ဖြင့် အကျဉ်းချုံးသုံးသပ်တင်ပြခဲ့ပါသည်။

ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင် သတ္တုကဏ္ဍကိုယ်စားပြု ပုဂ္ဂလိကကိုယ်စားလှယ်တစ်ဦးက မည်သူမဆိုတိုင်တမ်းလိုပါက တိုင်ကြားစာလက်ခံနိုင်မည့် လုပ်ငန်းစဉ် တစ်ခုအား နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ အောက်တွင် ထည့်သွင်းစေလိုကြောင်း၊ ယင်းအချက် သည် Free, Prior and Informed Consent (FPIC) ဆိုသည့် UN Protocol Article ၏ Grievance Policy အရဖြစ်ကြောင်း၊ ထိုသို့ချမှတ်ထားခြင်းကြောင့် အခက်အခဲများ ဖြေရှင်းရာတွင် ပိုမို အထောက်အကူ ဖြစ်နိုင်ကြောင်း၊ လုပ်ငန်းမစတင်မီ Public Consultation လုပ်ခြင်းသည် Social License ဖြစ်ကြောင်း၊ Social License သဘောတူညီချက်ရမှသာ လုပ်ငန်းစတင်နိုင်ကြောင်း၊ သို့ဖြစ်ပါ၍ Social License to Operate ဟူသည့်အချက်အား ထည့်သွင်းစေလိုကြောင်း တင်ပြခဲ့ပါသည်။

NRGI မှ ရှေ့လုပ်ငန်းစဉ်များအတွက် သုံးသပ်ဆွေးနွေးရာတွင် အဖွဲ့များ၏ ဆွေးနွေးချက်များတွင် ရှေ့လုပ်ဆောင်ရမည့်အချက်များနှင့် အချိန်ဇယားပါရှိကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ EITI Work Plan အတွင်း ပါဝင်သည့်အတွက်သော်လည်းကောင်း၊ လိုအပ်သည့်အတွက် သော်လည်းကောင်း လုပ်ဆောင်ဖြစ်ခဲ့ကြောင်း၊ အရေးကြီးသည့်အချက်မှာ နောက်တစ်ကြိမ် တွေ့ဆုံမည့် အချိန် ဖြစ်ကြောင်း၊ ပထမအဆင့်သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ တင်ပြခဲ့သည့်စိန်ခေါ်မှု၊ အခက်အခဲများ၊ အလုပ်ရုံဆွေးနွေးပွဲအတွင်း ဆွေးနွေးချက်များအား ထင်ဟပ်သည့် ယင်းအလုပ်ရုံ ဆွေးနွေးပွဲအတွက် အစီရင်ခံစာတစ်စောင် ရေးသားရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ EITI မှစတင်သည့်

လုပ်ငန်းစဉ်ဖြစ်သည့်အလျောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ထံ တင်ပြမည်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များ၊ စိန်ခေါ်မှုများအား ခေါင်းစဉ် ခွဲခြမ်းရမည်ဖြစ်ကြောင်း၊ အစီရင်ခံစာမှ ရလဒ်များအား သက်ဆိုင်ရာသို့ အသိပေး အကြံပြုရမည် ဖြစ်ကြောင်း၊ ထို့နောက် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့မှ အသေးစိတ်ဆွေးနွေးပြီး လုပ်ငန်းစဉ် အရေးပါမှုအလိုက် စိစစ်ဆုံးဖြတ်ချက် ချမှတ်ရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ EITI တစ်ခုတည်းမဟုတ်ပဲ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာ နိုင်ငံစီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးရာကော်မတီ (NECC) အားလည်း ဆက်သွယ် ဆောင်ရွက် ရမည့်ကိစ္စရပ် များ ရှိနိုင်ကြောင်း၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ဆုံးဖြတ်ချက်ချမှတ်ပြီးပါက မြန်မာနိုင်ငံဦးဆောင်ကော်မတီသို့ ဆက်လက်အစီရင်ခံရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ Taskforce ဖွဲ့စည်းရန်ကိစ္စအားလည်း သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့တွင် ဆက်လက် ဆွေးနွေးသင့်ကြောင်း၊

တက်ရောက်လာသူ အစိုးရကဏ္ဍကိုယ်စားလှယ်တစ်ဦးကလည်း အစီရင်ခံစာအား ဆက်လက်မတင်ပြမီ သက်ဆိုင်ရာပတ်သက်ဆက်စပ်သူများအား ဦးစွာ တင်ပြစေလိုကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင် သတ္တုအစိုးရကိုယ်စားလှယ်တစ်ဦးမှ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ အတွက် တင်ပြချက်တွင် ၎င်းတို့သည် နိုင်ငံတကာအဆင့်မီ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ဖြစ်စေလိုကြောင်း ပြောကြားသွားသော်လည်း မိမိတို့တွင်မူ Regulator နှင့် Commercial Role များရောထွေးနေကြောင်း၊ မိမိတို့ဝန်ကြီးဌာနတွင် ပုလဲကဏ္ဍမှလွှဲ၍ အရင်းအနှီးစိုက်ထုတ်ခြင်းမရှိကြောင်းနှင့် အခွန်ကောက်ယူခြင်း သက်သက်သာ လုပ်ဆောင်ရကြောင်း၊ သို့ဖြစ်ပါ၍ Regulator Role ဖြင့်ဆက်လက်လုပ်ဆောင်မလား၊ Commercial Role ဖြင့် လုပ်ဆောင်မလားဆိုသည့်ကိစ္စရပ်သည် ဝန်ကြီးဌာနရှိ Higher-Level တွင် ဆွေးနွေးရမည်ဖြစ်ကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲမှ ရရှိချက်အနှစ်ချုပ်များအား EITI လုပ်ငန်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်စေလိုကြောင်း တင်ပြခဲ့ပါသည်။

## ၈.၆။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ နိဂုံးချုပ်အမှာ စကား ပြောကြား ခြင်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌမှ နိဂုံးချုပ်အမှာ စကား ပြောကြားရာတွင် အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား ကျေးဇူးတင် ရှိပါ ကြောင်း၊ သယံဇာတတူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ရှိစေရန် ဌာနများ၊ ကုမ္ပဏီများ၊ အရပ်ဘက် အဖွဲ့အစည်းများ လက်တွဲပြီး အပြုသဘောဆောင်သည့် ဆွေးနွေး အကြံပြုပေးခြင်း၊ NRGI မှ နိုင်ငံတကာ




အတွေ့အကြုံများအား မျှဝေပေးခြင်းအတွက်လည်း များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေသည် စုစုပေါင်း နိုင်ငံတော် ရငွေ၏ ၄၅% ခန့်ရှိသဖြင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်အတွက် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်လျက် ရှိကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေတိုးမြှင့်ရရှိရန်နှင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်ပြီး တက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးကြသည့် အတွက်လည်း များစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့်

တွင်းထွက်သယံဇာတထုတ်ယူ သုံးစွဲမှုနှင့် သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲမှ ရရှိလာသည့် အချက်အလက်များအား သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးပြီးနောက် ပြည်ထောင်စုဝန်ကြီးများ ပါဝင်သည့် ဦးဆောင်ကော်မတီထံသို့ လမ်းညွှန်မှုပြုနိုင်ပါရန် ဆက်လက်တင်ပြမည်ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ ပါသည်။

## ၉။ အလုပ်ရုံဆွေးနွေးပွဲမှ တွေ့ရှိချက်များ

ဤနှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲမှ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လိုအပ်ချက်များ၊ ၎င်းတို့အား ပြုပြင်ပြောင်းလဲရန် အကောင်အထည်ဖော်ဆောင်ရမည့် အချက်များအား အောက်ပါအတိုင်း တွေ့ရှိခဲ့ သည်။

**(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆွေးနွေးတင်ပြချက်များအပေါ် တွေ့ရှိချက်များ**

- နိုင်ငံ၏ သယံဇာတအရင်းအမြစ်များအား တူးဖော်ရောင်းချကာ ဝင်ငွေရရှိသည့် အဖွဲ့အစည်းများ နှင့် လျှပ်စစ်ဓါတ်အားထုတ်လုပ်သည့်အဖွဲ့အစည်းကဲ့သို့ အခြေခံစီးပွားရေး အဆောက်အဦးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား
    - နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် ဆက်လက်ထားရှိရေးအတွက် သင့်၊ မသင့်၊
    - စွမ်းဆောင်လုပ်နိုင်ရည် အားနည်းသောဝန်းကျင်တွင်သာ ဆက်လက်အကောင်အထည် ဖော်ရန် သင့်၊ မသင့်၊
    - ပုဂ္ဂလိကကဏ္ဍတွင် တန်းတူရည်တူ ယှဉ်ပြိုင်နိုင်မည့် ကော်ပိုရေးရှင်း/ ကုမ္ပဏီအဖြစ် ပြောင်းလဲနိုင်ရန် အချိန်ပေးသင့်၊ မသင့် စသဖြင့် စဉ်းစားရန် တိုက်တွန်းထားသည်။
- အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများ၊ ကော်ပိုရေးရှင်း အသွင်ကူးပြောင်းနိုင်မည့် အဖွဲ့အစည်းများ၊ နှစ်စဉ်အရှုံးပေါ်ပေါက်နေသည့် စက်ရုံ၊ အလုပ်ရုံများ နှင့် ဈေးကွက် အတွင်း ယှဉ်ပြိုင်နိုင်စွမ်းမရှိသည့် အဖွဲ့အစည်းများအား နိုင်ငံတော်ပိုင်အနေဖြင့် ဆက်လက် ထားရှိရန် သင့်၊ မသင့် ပြန်လည်စဉ်းစားသုံးသပ်ရမည် ဖြစ်သည်။
- နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား အောက်ပါတို့အတိုင်း ခွဲခြားသတ်မှတ်နိုင်မည့် မူဘောင်တစ်ခု ချမှတ်ရန် လိုအပ်သည်။
    - ထောက်ပံ့ကြေးမလိုအပ်ဘဲ စီးပွားရေးအရ အလားအလာရှိသည့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း၊
    - ထောက်ပံ့ကြေးဖြင့် စီးပွားရေးအရ အလားအလာရှိသည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း နှင့်
    - အလားအလာမရှိတော့သည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း
- ငွေတိုက်ဦးစီးဌာနမှ ပြည်ပငွေချေးယူခြင်းအား ကြွေးမြီခံနိုင်ရည်ရှိမှုဆန်းစစ်ချက် (Debt Sustainability Analysis - DSA) ပါ ညွှန်းကိန်းအလိုက် သတ်မှတ်ချက်အောက်တွင်ရှိရန်နှင့် ပိုမိုပြည့်စုံသော ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ (Mid-term Debt Management Strategy - MTDS) ရေးဆွဲဆောင်ရွက်ရန် ရှိသည်။
- အမျိုးသားညွှန်းကိန်းမူဘောင် (National Indicators Framework) ထုတ်ထောင်ရာတွင် လိုအပ် သောညွှန်းကိန်းတစ်ခုဖြစ်သည့် Level of Progress in Meeting the EITI စံနှုန်းပြည့်မီသည့်

လုပ်ငန်းစဉ်အဆင့်ရောက်ရှိရန် မြန်မာနိုင်ငံ EITI ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့တို့မှ ပါဝင်ရန်နှင့် ကူညီဆောင်ရွက်ရန် လိုအပ်သည်။

- နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ထုတ်ပြန်သည့် International Financial Reporting Standards (IFRS) နှင့်အညီ နိုင်ငံတကာအဆင့်မီ အစီရင်ခံဖြစ်ရန် လိုအပ်သည်။

  မှတ်ချက် - ယင်းစံသတ်မှတ်ချက်များသည် ရင်းနှီးမြှုပ်နှံသူများအား ကုမ္ပဏီလုပ်ဆောင်မှုအား ဆန်းစစ်ရာတွင် လိုအပ်သည့် သတင်းအချက်အလက်များ ထောက်ပံ့ပေးရန် ရည်ရွယ်ချမှတ်ထားသည်။ IFRS သည် ကုမ္ပဏီအား အများပြည်သူသို့ ချမှတ်၍ မရနိုင်သော လိုအပ်ချက်များနှင့် သတင်းအချက်အလက်ဖြင့် ပံ့ပိုးပေးသည်။ တစ်နည်းအားဖြင့် ဝန်ထမ်းများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ကုမ္ပဏီတွင်း လုပ်ဆောင်ချက်များနှင့် ဘဏ္ဍာရေးအား စောင့်ကြည့်နိုင်သည့် နည်းလမ်းတစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် IFRS အား ပြင်ပသို့ အစီရင်ခံသည့်စံနှုန်းမဟုတ်ဘဲ ကုမ္ပဏီ (သို့မဟုတ်) ဌာနတွင်း အစီရင်ခံသည့် စံနှုန်းအနေဖြင့် သတ်မှတ်ကြသည်။ အချို့နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်သူများအသုံးချနိုင်ရန် အစီရင်ခံစာများအား အများပြည်သူများထံ ထုတ်ပြန်ရာတွင် ယင်း IFRS စံနှုန်းများအတိုင်း လိုက်နာကြသည်။ NRGI မှမကြာမီထုတ်ပြန်ထားသည့် National Oil Companies (NOC) Database အရ နိုင်ငံပိုင်ရေနံနှင့် သဘာဝဓါတ်ငွေ့ ကုမ္ပဏီ (၆၃) ခုအနက် (၂၇) ခု၏ ကုမ္ပဏီခွဲများအား အချက်အလက်များ ကောက်ခံသောအခါ ၎င်းတို့၏ ဘဏ္ဍာရေးအစီရင်ခံစာများအား IFRS နှင့်အညီထုတ်ပြန်ထားကြောင်း တွေ့ရှိရသည်။ ယင်းကုမ္ပဏီများတွင် အဘူဒါဘီမြို့၏ IPIC ကုမ္ပဏီ၊ အန်ဂိုလာနိုင်ငံ၏ Sonangol ကုမ္ပဏီ၊ တရုတ်နိုင်ငံ၏ CNOOC ကုမ္ပဏီလီမိတက်၊ ဒိန်းမတ်နိုင်ငံ၏ Ørsted A/S ကုမ္ပဏီ၊ ဂါနာနိုင်ငံ၏ GNPC ကုမ္ပဏီ၊ အင်ဒိုနီးရှားနိုင်ငံ၏ Pertamina ကုမ္ပဏီ၊ ဂျမေကာနိုင်ငံ၏ PCJ ကုမ္ပဏီ၊ ကာဇက်စတန်နိုင်ငံ၏ Kazmunaigaz ကုမ္ပဏီ၊ နမီးဘီးယားနိုင်ငံ၏ NAMCOR ကုမ္ပဏီ၊ ရုရှားနိုင်ငံ၏ Rosneft ကုမ္ပဏီ၊ ဗင်နီဇွဲလားနိုင်ငံ၏ PDVSA ကုမ္ပဏီတို့ ပါဝင်သည်။

- နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ပမှ တင်သွင်းလာသည့် ပစ္စည်းများနှင့် အရည်အသွေး၊ ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ရန် တီထွင်ဖန်တီးလိုစိတ်နှင့် နည်းပညာ ဆန်းသစ်မှုရှိပြီး အင်တိုက်အားတိုက် အစွမ်းကုန် ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။
- နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ဘုတ်အဖွဲ့နှင့် စီမံအုပ်ချုပ်သူများအကြား ပိုမိုရှင်းလင်းမှုရှိစေရန်၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍအကြား တန်းတူရည်တူရှိစေရန် ခိုင်မာသည့် ဥပဒေဆိုင်ရာနှင့် ထိန်းကျောင်းစောင့်ကြည့်ခြင်းဆိုင်ရာမူဘောင်များ ချမှတ်နိုင်ရန် အရေးကြီးပါသည်။

- အသွင်ကူးပြောင်းသည့်အခါ ဝန်ထမ်း ပြန်လည်ခန့်အပ် ရေးအား စနစ်တကျ နည်းဗျူဟာများ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရန်နှင့် ဝန်ထမ်း အင်အား၊ လစာနှင့် ပင်စင်စရိတ်တို့အား မျှတစဉ်းစားရန်လည်း လိုအပ်ပါသည်။
- ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအား နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့အား အစီရင်ခံရကာ ယင်းအစီရင်ခံစာများအား ပြည်ထောင်စုလွှတ်တော်၏ တရားဝင်အင်တာနက်စာမျက်နှာရှိ www.pyidaungsu.hluttaw.mm/reports တွင် အများပြည်သူ ဝင်ရောက်လေ့လာနိုင်သည်။

## (ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဆွေးနွေးတင်ပြချက်များအပေါ် တွေ့ရှိချက်များ

- လုပ်ငန်းအကောင်အထည်ဖော်ဆိုင်သည့်ကဏ္ဍနှင့် ထိန်းကျောင်းစောင့်ကြည့်သည့်ကဏ္ဍများ ရှင်းလင်းစွာ ခွဲခြားရန် လိုအပ်သည်။ ပုဂ္ဂလိကကုမ္ပဏီများနှင့် ဘဏ္ဍာရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအား ညှိနှိုင်းရာတွင် အကျိုးစီးပွားပဋိပက္ခများမှ ရှောင်လွှဲနိုင်ရန် ထိန်းကျောင်းစောင့်ကြည့်သည့် ကဏ္ဍများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနများနှင့် အခြားကဏ္ဍအလိုက် အသင်းအဖွဲ့ဆိုင်ရာများမှ ဖယ်ရှားရန် အလွန်အရေးပါပါသည်။

<u>ရေနံသဘာဝဓာတ်ငွေ့ကဏ္ဍ (လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)</u>

- မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းအား နိုင်ငံတော်ပိုင်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ တစ်ခုအဖြစ်သို့ ရောက်ရှိစေရန် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဖွဲ့စည်းမှု မူဘောင်၊ ဖွံ့ဖြိုးတိုးတက်မှုနည်းဗျူဟာ၊ နည်းပညာနှင့် ဘဏ္ဍာရေးအရ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်သည်။
- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်လုပ်မှုအပေါ် မျှဝေခံစားသည့်စာချုပ်အရ ကုမ္ပဏီများမှ နှစ်စဉ် Training Fund ထည့်သွင်းရကြောင်း၊ ယင်း Training Fund အား ထိန်းသိမ်းသည့် အဖွဲ့အစည်းတစ်ခုရှိကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် Training အတွက်နှင့် Training နှင့်ပတ်သက်သည့် ပစ္စည်းများဝယ်ယူရာတွင် သုံးစွဲခွင့်ရှိ ပြီး သုံးစွဲလိုပါက နိုင်ငံတော်အစိုးရအဖွဲ့သို့ အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ သုံးစွဲနိုင်သည်။
- Research and Development Fund ကိုမူ စာချုပ်အရ ကုမ္ပဏီများတွင် ထားရှိကာ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် တိုက်ရိုက်မသက်ဆိုင်ပါ။

ဓာတ်သတ္တုကဏ္ဍ (သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)

- ဝန်ကြီးဌာနအတွင်း ဝန်ထမ်းအင်အား (၂၄၀၀) ကျော်ရှိနေသော်လည်း ကျွမ်းကျင်ပညာရှင်မှာမူ လုံလောက်စွာ မရှိကြောင်း၊ နည်းပညာတက္ကသိုလ်မှ Mining Engineering ဘာသာရပ်ဖြင့် ကျောင်းဆင်းနည်းပါး သဖြင့် သတ္တုတွင်းများတွင် ခန့်အပ်ရန် Mining Engineer များအား Industry မှ မွေးထုတ်ပေးနိုင်မှု မရှိခြင်းများ ကြုံတွေ့နေရသည်။
- သတ္တုတွင်းဥပဒေတွင် Profit-Sharing သို့မဟုတ် Production-Sharing သို့မဟုတ် Equity ဖြင့် ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဌာန်းထားသည့်အတွက် Resource Rental Tax ဖြင့် လုပ်ဆောင်ရန် ခက်ခဲကြောင်းနှင့် Tax Regime အားလည်း သုံးသပ်စဉ်းစားရန်လည်း လိုအပ်သည်။
- သတ္တုလုပ်ကွက်များအတွက် ချုပ်ဆိုမည့် အကျိုးအမြတ်ခွဲဝေမှုစနစ်ကိုလည်း နှစ်ဦးနှစ်ဘက် ရေရှည်လုပ်ကိုင်ဆောင်ရွက်သွားနိုင်သည့်၊ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အချိုးခွဲဝေမှုစနစ် သို့ ပြောင်းလဲပေးရန် လိုအပ်သည်။
- သတ္တုကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သယံဇာတအခွန်အခရရှိရေးအား ဦးစားပေးလုပ်ဆောင်ကာ လက်ရှိနိုင်ငံတော်မှ ကျင့်သုံးနေသည့် အမျိုးသားသယံဇာတမူဝါဒ အား ခေတ်နှင့် လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင်ဆောင်ရွက် ပေးသင့်သည်။
- ဈေးကွက်တည်ငြိမ်ရန်၊ မျှတသောယှဉ်ပြိုင်နိုင်မှုဖြစ်စေရန်၊ နိုင်ငံတကာနှင့်အညီ စံဝင်စေရန် အတွက် International Financial Centre တည်ထောင်ရန်နှင့် ခွင့်ပြုချက်ရပြီး ဖြစ်သဖြင့် ဝန်ကြီးဌာနမှ တွန်းတွန်းတိုက်တိုက်ဆောင်ရွက်ရမည် ဖြစ်သည်။
- သတ္တုကဏ္ဍအတွက် One Stop Service (OSS) လုပ်ဆောင်ရန် ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှု ဥပဒေဖြင့် အကောင်အထည်ဖော်နိုင်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် များနှင့် ပေါင်းစပ်လုပ်ဆောင်ရမည်။
- ဓာတ်သတ္တုဈေးကွက်တစ်ခု ပေါ်ပေါက်ရန် စံချိန်စံနှုန်းများ လိုအပ်သည်။

ကျောက်မျက်ကျောက်စိမ်းကဏ္ဍ (သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)

- ကျောက်မျက်ကဏ္ဍအတွက် National Lab နှင့် စိတ်ချယုံကြည်မှုရှိစေရန် စံချိန်စံနှုန်းများ လည်း လိုအပ်သည်။
- ကျောက်မျက်ကဏ္ဍတွင် အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာများနှင့် ပတ်သက်၍ တွင်းဝခွန်ကောက်ခံပြီး နောက်ကြောင်းပြန်လိုက်ရန် အခက်အခဲရှိသည်။

<u>သစ်တောကဏ္ဍ (သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)</u>

- မြန်မာ့သစ်လုပ်ငန်းတွင်လည်း နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာကိစ္စရပ်များသည် ၁၉၄၈ ခုနှစ်ကတည်းကစတင်ခဲ့ကာ ရေရှည်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။
- သစ်ထုတ်လုပ်မှုမြင့်တက်စဉ်ကာလက အသုံးပြုခဲ့သော အိမ်မွေးဆင်ကောင်ရေ (၃၀၀၀) ကျော် အား ယခုသစ်ထုတ်လုပ်မှုလျှော့ချသည့်ကာလတွင် ခရီးသွားဆင်စခန်းများ ဖွင့်လှစ်ထားကာ အသုံးချနေသော်လည်း ရေရှည်အတိုင်းအတာအရ လုံလောက်မှု ရှိ၊ မရှိ ကျယ်ပြန့်စွာ စဉ်းစားသင့်သည်။
- သစ်ထုတ်လုပ်မှုတွင် သက်တမ်းကြာရှည်နေသော ယာဉ်၊ ယန္တရား၊ စက်ရုံ၊ အလုပ်ရုံများသည် ဈေးကွက်စီးပွားရေးစနစ်၏ အားပြိုင်မှုအတွက် ကြီးမားသည့်အဟန့်အတားဖြစ်စေသည်။
- နှစ်စဉ်တောထွက်အား လျှော့ချသည့်အခါ လက်ရှိပြည်တွင်းသစ်လိုအပ်ချက်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ၏ အခြေအနေများပါ တွက်ချက်သုံးသပ်ရန် လိုအပ်သည်။

## ၁၀။ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် အကြံပြုတိုက်တွန်းချက်များ

ဤအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများနှင့် ဆက်နွယ်ပတ်သက်သူများ၏ ဆွေးနွေးချက်များမှ အောက်ပါအကြံပြုတိုက်တွန်းချက်များ ထွက်ပေါ်လာခဲ့ပါသည်။

- နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ စီမံကြီးကြပ်နေသည့် ဝန်ကြီးဌာနများအတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအုပ်ချုပ်မှုလမ်းညွှန်အား ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လမ်းပြမြေပုံအဖြစ် ရေးဆွဲရမည်။ ။
- နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများရှိ ဝန်ထမ်းများအတွက် ခိုင်မာရှင်းလင်းသည့် မူဝါဒချမှတ်ရန်နှင့် လုပ်ငန်းခွင်စွမ်းဆောင်ရည်များ ချမှတ်ရမည်။
- စာရင်းဇယားများ၊ မှတ်တမ်းများအား လက်ဖြင့်ရေးရသည့် Manual စနစ်သည် ပွင့်လင်းမြင်သာမှုအား ပိုမိုထင်ဟပ်စေရန် ကွန်ပျူတာစနစ်ကို အသုံးချသည့် Computerized စနစ်သို့ကူးပြောင်းရန်နှင့် ယင်းလုပ်ငန်းစဉ်သည် E-Governance စနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သည်။
- နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား ပြုပြင်ပြောင်းလဲရေးအတွက် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် နည်းဗျူဟာများ ရေးဆွဲချမှတ်အတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အား ဦးဆောင်အကောင်အထည်ဖော်မည့် လုပ်ငန်းကော်မတီ သတ်မှတ်ရမည်။
- International Financial Reporting System (IFRS) ဖြင့် အစီရင်ခံစာများ ထုတ်ဝေနိုင်ရန် စွမ်းရည်မြှင့်သင်တန်းများ ပို့ချရန် လိုအပ်သည်။
- EITI စံနှုန်းလိုအပ်ချက်များဖြစ်သည့် Open Data Policy နှင့် Systematic Disclosure အား အကောင်အထည်ဖော်ရန်နှင့် သယံဇာတဆိုင်ရာ အချက်အလက်၊ စကားလုံးအသုံးအနှုန်းများ တစ်သမတ်တည်းရှိရန် ဗဟိုစာရင်းအင်း အဖွဲ့နှင့် မြန်မာနိုင်ငံ EITI နှင့် ချိတ်ဆက်ဆောင်ရွက်သင့်သည်။
- သတ္တုကဏ္ဍအတွက် One Stop Service (OSS) လုပ်ဆောင်ရန် ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဥပဒေဖြင့် အကောင်အထည်ဖော်နိုင်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပေါင်းစပ် လုပ်ဆောင်ရန် လိုအပ်ပါသည်။
- သတ္တု၊ ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲတို့နှင့် သက်ဆိုင်သော လက်ရှိလိုင်စင်ထုတ်ပေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအား သင့်တော်၍ လွယ်ကူရှင်းလင်းအောင် ပြုပြင်ရေးဆွဲရန်၊ အချိန်ကာလ ကြန့်ကြာခြင်းကို မြန်ဆန်အောင် ဆောင်ရွက်ရန် နှင့် ဓါတ်သတ္တုစမ်းသပ်ရှာဖွေခွင့်နှင့် တူးဖော်ခွင့်တို့အတွက် ကွဲပြားခြားနားသည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရန်လိုအပ်ပါသည်။
- Regulator များ၏အခန်းကဏ္ဍ မြှင့်တက်စေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာဗဟုသုတမြှင့်တင်ခြင်းများ ဆောင်ရွက်ရမည် ဖြစ်သည်။

- အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုသည် EITI စံနှုန်းလိုအပ်ချက်များအနက်မှ အရေးပါသည့် လိုအပ်ချက်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် ပါရှိသည့် ကုမ္ပဏီ (၁၅၄) ခု၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များအား ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မတိုင်မီ အများပြည်သူ သိရှိအောင် ထုတ်ပြန်ကြေညာရမည်ဖြစ်ပါသည်။ ထို့အပြင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အချက်အလက်များကောက်ယူရန်အတွက် BO Online Form သင်တန်းများအား ၂၀၁၉ခုနှစ် ဩဂုတ်လ (၁၉-၂၀) ရက်နေ့များတွင် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ကုမ္ပဏီများအတွက် အသီးသီး ကျင်းပခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များ ဖော်ထုတ်ရာ၌ ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်သော အစိုးရ အဖွဲ့အစည်း အရေအတွက် (မိခင်ဝန်ကြီးဌာန) နှင့် လုပ်ငန်းလည်ပတ်သည့်နိုင်ငံအား ဖော်ပြပေးရမည်။
- ဤအလုပ်ရုံဆွေးနွေးပွဲကဲ့သို့ ဗဟုသုတအသိအမြင်များ ဖလှယ်နိုင်သည့် ဆွေးနွေးပွဲများ ကျင်းပခြင်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအတွက် အထောက်အကူကောင်းဖြစ်သဖြင့် နောင်တွင်လည်း ဆွေးနွေးပွဲများစွာ ကျင်းပရန် လိုအပ်သည်။

## ၁၁။ ရှေ့လုပ်ငန်းစဉ်များ

ထို့နောက် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား အောက်ပါအတိုင်း သဘောတူခဲ့ကြပါသည်။

- အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာအား ပြုစုရန်
- အစီရင်ခံစာမူကြမ်းအား သက်ဆိုင်ရာဌာနများသို့ဖြန့်ဝေ၍ သဘောထားမှတ်ချက်တောင်းခံရန်
- သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ထံသို့ တင်ပြဆွေးနွေးရန်
- EITI လုပ်ငန်းကော်မတီနှင့် ဦးဆောင်ကော်မတီများထံသို့ ဆက်လက်တင်ပြရန်
- ညှိနှိုင်းအစည်းအဝေးများ ဆက်လက်ကျင်းပရန်

တွင်းထွက်သယံဇာတထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုဆိုင်ရာလုပ်ငန်းစဉ်များအား မြန်မာနိုင်ငံ EITI တစ်ခုတည်းမဟုတ်ဘဲ အခြားဌာနများ၊ မြန်မာနိုင်ငံစီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးရာကော်မတီကဲ့သို့ ကော်မတီများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ တစ်ဟုန်ထိုးဆက်လက်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်သွားရမည် ဖြစ်သည်။

## ၁၂။ နိဂုံး

ယင်းနှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အကြား၊ တွင်းထွက်သယံဇာတထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအကြား နှင့် ပတ်သက်ဆက်နွယ်နေသူများအကြား ပွင့်လင်းမြင်သာစွာ အတွေ့အကြုံများ၊ စိန်ခေါ်မှုများ၊ သတင်းအချက်အလက်များ ဖလှယ်နိုင်သည့် ဝန်းကျင်တစ်ခုအား လမ်းဖွင့်ပေးခဲ့ပြီး ယင်းမှအစပြု၍ နိုင်ငံတော်အဆင့်စီမံကိန်းများအား နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်နိုင်စေရန် ဖန်တီးပေးခဲ့ပါသည်။

ထို့အတွက် တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲမှုနှင့်သက်ဆိုင်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိသည့် ကောင်းမွန်သော သယံဇာတစီမံအုပ်ချုပ်မှုစနစ်သို့ ဦးတည်နိုင်မည့် ဆွေးနွေးချက်များ၊ အကြံပြုတိုက်တွန်းချက်များ နှင့် ရလဒ်ကောင်းများ ရရှိခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုပင် ဖြစ်သည်။

## နောက်ဆက်တွဲ (၁) တက်ရောက်သူစာရင်းအသေးစိတ်

| စဉ် | အမည် | တာဝန်/ရာထူး | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| | | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** | |
| ၁ | ဒေါ်မင်းမင်းခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်တွင်းအခွန်များဦးစီးဌာန |
| ၂ | ဒေါ်မြတ်သိင်္ဂ | ဦးစီးအရာရှိ | ပြည်တွင်းအခွန်များဦးစီးဌာန |
| ၃ | ဦးကို | ညွှန်ကြားရေးမှူး | စီမံကိန်းဦးစီးဌာန |
| ၄ | ဒေါ်ကြည်ကြည်ခိုင် | ဒုတိယညွှန်ကြားရေးမှူး | စီမံကိန်းဦးစီးဌာန |
| ၅ | ဒေါ်ခင်မို့မို့ | ညွှန်ကြားရေးမှူး | ဗဟိုစာရင်းအင်းအဖွဲ့ |
| ၆ | ဒေါ်ဖြူပြာထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | ဗဟိုစာရင်းအင်းအဖွဲ့ |
| ၇ | ဒေါ်ရီရီခိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | ငွေတိုက်ဦးစီးဌာန |
| ၈ | ဒေါ်မိုးသူဇာဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | ငွေတိုက်ဦးစီးဌာန |
| ၉ | ဒေါ်စီစီပြုး | ညွှန်ကြားရေးမှူးချုပ် | ငွေတိုက်ဦးစီးဌာန |
| ၁၀ | ဦးဇော်နိုင် | ညွှန်ကြားရေးမှူးချုပ် | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| ၁၁ | ဒေါ်သီတာထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| ၁၂ | ဦးအောင်မြတ်ကျော် | ညွှန်ကြားရေးမှူး | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| ၁၃ | ဒေါ်ချောစုခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| ၁၄ | ဒေါ်ဆွေဇင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| ၁၅ | ဒေါ်ဝါဝါထွန်း | ဒုတိယညွှန်ကြားရေးမှူး | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| ၁၆ | ဒေါ်နီနီလွင် | ညွှန်ကြားရေးမှူး | စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန |
| ၁၇ | ဒေါ်ယုယုခိုင် | ဒုတိယညွှန်ကြားရေးမှူး | စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန |
| ၁၈ | ဦးပိုင်ငြိမ်းဦး | | စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန |
| | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** | |
| ၁၉ | ဦးဝင်းနိုင် | အထွေထွေမန်နေဂျာ | မြန်မာ့သစ်လုပ်ငန်း |
| ၂၀ | ဦးညီညီထွန်း | အထွေထွေမန်နေဂျာ | မြန်မာ့သစ်လုပ်ငန်း |
| ၂၁ | ဦးအုံ့မှူးနိုင်ကျော် | ကိုယ်ရေးအရာရှိ | မြန်မာ့သစ်လုပ်ငန်း |
| ၂၂ | ဦးကျော်ဇောထွန်း | လက်ထောက်ဘူမိဗေဒအရာရှိ | သတ္တုတွင်းဦးစီးဌာန |
| ၂၃ | ဦးမြင့်သူ | အထွေထွေမန်နေဂျာ | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း |
| ၂၄ | ဦးတင်ဝင်းကို | လက်ထောက်အထွေထွေ မန်နေဂျာ | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း |
| ၂၅ | ဒေါ်ပန်ပပလင်း | လက်ထောက်မန်နေဂျာ | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း |
| ၂၆ | ဦးထွန်းထွန်းလွင် | အထွေထွေမန်နေဂျာ | အမှတ်(၁) သတ္တုတွင်းလုပ်ငန်း |

| | | | |
|---|---|---|---|
| ၂၇ | ဒေါ်လွင်အေး | Electronic Technician | အမှတ်(၁) သတ္တုတွင်းလုပ်ငန်း |
| ၂၈ | ဦးဇော်လင်းအောင် | ညွှန်ကြားရေးမှူး | ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာန |
| ၂၉ | ဦးစိုးဝင်း | ဘူမိဗေဒအရာရှိ | ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာန |
➢ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေ ရယူသုံးစွဲမှုနှင့် အကျိုးအမြတ် ခွဲဝေမှုပုံစံများမှာ ကျင့်သုံးနေသော စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်အောင် နိုင်ငံတော်မှ ဥပဒေ၊ နည်းဥပဒေများ ပြဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။

- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ - ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေစနစ်များ ကိုစတင် ကျင့်သုံးခဲ့ ရာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကို
  - ❑ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သည့် စီးပွားရေးအဖွဲ့အစည်းများ
  - ❑ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သည့် စီးပွားရေးအဖွဲ့အစည်းများ ဟူ၍ဖွဲ့စည်းပြီးဆောင်ရွက်ခဲ့ပါသည်။
- ထို့အပြင်စီးပွားရေးစွမ်းဆောင်မှုမြှင့်တင်ရန်အစီအစဉ်တစ်ရပ်အနေဖြင့်
  - ❑ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော အဖွဲ့အစည်းများ ဟူ၍ ဖွဲ့စည်းခဲ့ပါသည်။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ

- ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့်ဝန်ကြီးဌာန (၆) ခု အောက်ရှိ နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်း (၂၆) ခုရှိပါသည်။
- ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော အဖွဲ့အစည်း
  - ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်မှ (၃)ခု
  - လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနမှ (၂) ခု ရှိပါသည်။

| စဉ် | ဝန်ကြီးဌာန | စီးပွားရေးအဖွဲ့အစည်းများ |
|---|---|---|
| ၁ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ |
| ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၅ |
| ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၅ |
| ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၅ |
| ၅ | စက်မှုဝန်ကြီးဌာန | ၄ |
| ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၆ |

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏လက်ရှိအခြေအနေ

- ➢ မြန်မာ့စီးပွားရေးတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းအနေဖြင့် ၁၀ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိပါသည်။
- ➢ နိုင်ငံတော်ရငွေစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့် ဖြစ်ပါသည်။
- အမြတ်ရသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက နိုင်ငံတော်သို့ ထည့်ဝင်ငွေ နှင့် ဝင်ငွေခွန်ကို ပေးဆောင်လျက်ရှိပါသည်။
- ဝင်ငွေခွန်ပေးဆောင်ရာတွင်
  - ထုတ်လုပ်မှုအရပေးဆောင်ရခြင်း(Product Sharing)
  - တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းအတွက် ပေးဆောင်ရခြင်း(Royalty)

ထုတ်ပြန်ထားသည့်ဥပဒေ၊စည်းမျဉ်းများကိုနည်းလမ်းတကျ ဖြစ်စေရန် ပြန်လည်သုံးသပ်ရမည်ဖြစ်ပါသည်။

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏လက်ရှိအခြေအနေ


- အမြတ်ရသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက နိုင်ငံတော်သို့ ထည့်ဝင်ငွေ နှင့် ဝင်ငွေခွန်ကို ပေးဆောင်လျက်ရှိပါသည်။
- ဝင်ငွေခွန်ပေးဆောင်ရာတွင်
  - ထုတ်လုပ်မှုအရပေးဆောင်ရခြင်း(Product Sharing)
  - တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းအတွက် ပေးဆောင်ရခြင်း(Royalty)

ထုတ်ပြန်ထားသည့်ဥပဒေ၊စည်းမျဉ်းများကိုနည်းလမ်းတကျ ဖြစ်စေရန် ပြန်လည်သုံးသပ်ရမည်ဖြစ်ပါသည်။

## ပြည်ထောင်စု၏သာမန်ရငွေနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ထည့်ဝင်ငွေ

- ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုဘတ်ဂျက်တွင် နိုင်ငံတော် စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်ကောင်စီ နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နိုင်ငံတော်ဘဏ္ဍာငွေအစီအစဉ်ပြင်ပ အဖွဲ့အစည်းများ၏ စုစုပေါင်း သာမန်ရငွေနှင့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်း များ၏ ထည့်ဝင်ငွေကို ပုံပြဂရပ်ဖြင့် တင်ပြအပ်ပါသည်။

## Recurrent revenue and SEE contribution





ဇာစ်မြစ်။ ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းအကျဉ်းချုပ်စာအုပ်

# ကုန်သွယ်မှုစာရင်းအရ ဝင်ငွေ

- ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စု ဘတ်ဂျက်တွင် ကုန်သွယ်မှုစာရင်းအရ စုစုပေါင်း ဝင်ငွေနှင့် ဝန်ကြီးဌာနအလိုက် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ ကုန်သွယ်မှုဝင်ငွေစာရင်းကို ပါဝင်မှုရာခိုင်နှုန်း အလိုက် ပုံပြဂရပ်ဖြင့် တင်ပြအပ်ပါသည်။

# ကုန်သွယ်မှုစာရင်းအရ ဝင်ငွေ




ဇာစ်မြစ်။ ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းအကျဉ်းချုပ်စာအုပ်

## နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏လက်ရှိအခြေအနေ သုံးသပ်ချက်

- အချို့နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှာအစိုးရ၏ စီမံခန့်ခွဲမှုအောက်မှ ပြည်သူလူထု အဆင်ပြေ ချောမွေ့စေရန် အဓိကထား ဆောင်ရွက်နေရခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှုများတွင် အရှုံးအမြတ်ထက် ဝန်ဆောင်မှုလုပ်ငန်းအတွက် ဆောင်ရွက်နေကြရကြောင်း တွေ့ရှိပါသည်။
- စီးပွားရေးတွက်ခြေကိုက်မှုအရဆိုလျှင် အရှုံးပေါ်မည် ဖြစ်သော်လည်း တစ်ဖက်တွင် ကုန်စည် စီးဆင်းမှုနှင့် ခရီးသွားလာပို့ဆောင်ရေးလုပ်ငန်းများ ချောမွေ့စေရန်အတွက် နိုင်ငံခြားချေးငွေ ထောက်ပံ့ငွေများ ရယူဆောင်ရွက်နေရခြင်း ဖြစ်ပါသည်။

**နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏လက်ရှိအခြေအနေ သုံးသပ်ချက် (အဆက်)**

❖ အရှုံးဖြစ်ပေါ်နေသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအနက် အများပြည်သူ အကျိုးရှိစေမည့် Public Utility လုပ်ငန်းများ ဖြစ်ပါက အဆိုပါ အဖွဲ့များ၏ ရငွေကို တိုးတက်ရှာဖွေစေပြီး အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်းများနှင့် အညီထိန်းချုပ် ဆောင် ရွက်ရမည်ဖြစ်ပါသည်။

- စီမံခန့်ခွဲမှု၊ နည်းပညာပိုင်း၊ Human Resource ကိုပြန်လည်သုံးသပ်ပြီး အားနည်းချက်များကို ပြုပြင်သွားရန်လိုအပ်ပါသည်။

**နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏လက်ရှိအခြေအနေ သုံးသပ်ချက် (အဆက်)**

- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ပြုပြင်ပြောင်းလဲရေးစီမံချက်နှင့် မဟာဗျူဟာတစ်ရပ် ချမှတ် အကောင် အထည်ဖော်ပေးပါရန် လွှတ်တော်မှ တိုက်တွန်းကြောင်း အဆိုကို အတည်ပြုထားပြီး ဖြစ်ပါသည်။
- နိုင်ငံတော်အနေဖြင့် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရာတွင် အခြားနိုင်ငံများ၏အတွေ့အကြုံများကိုလေ့လာ၍ သင့်လျော်သည့် ဥပဒေစည်းမျဉ်းမူဝါဒများချမှတ်လုပ်ဆောင်ရန် လိုပါသည်။

## Myanmar Sustainable Development Plan(MSDP) အရ ရှေ့လုပ်ငန်းစဉ်များ

- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း MSDP ၏မဏ္ဍိုင်၊ ပန်းတိုင်၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်များနှင့်အညီ ချိတ်ဆက် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။
- ပန်းတိုင်(၂) စီးပွားရေး တည်ငြိမ်မှုနှင့် မေခရိုစီးပွားရေးစီးပွားရေးစီမံခန့်ခွဲမှု အောက်ရှိ မဟာဗျူဟာ ၂.၅ မှာ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း လုပ်ငန်းစဉ် (၅) ခု ပါဝင်ပြီး
  - ✓ မျှော်မှန်းရလဒ်အနေဖြင့်-
    - ▪ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အမှီအခိုကင်းပြီးပွင့်လင်းမြင်သာ၍ တာဝန်ခံမှုရှိသည့် စီးပွားရေးစည်းမျဉ်းများဖြင့် တာဝန်ခံလုပ်ဆောင်နိုင်ခြင်း

### နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများကို ပုဂ္ဂလိကသို့ ရှယ်ယာလွှဲပြောင်းရောင်းချသည့် နည်း လမ်း(Equitization)ဖြင့်သော်လည်းကောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်း ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရာတွင် စိစစ်မည့်အချက်များ

(က) အနည်းဆုံးလွန်ခဲ့သည့် ငါးနှစ်အတွင်းဝင်ငွေထွက်ငွေစာရင်း

(ခ) ဝန်ထမ်းအင်အားဆိုင်ရာ အချက်အလက်အပြည့်အစုံ

(ဂ) ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ အချက်အလက်များ

(ဃ) လာမည့်ငါးနှစ်အတွက်ကြိုတင်တွက်ချက်ထား သည့်ငွေကြေး စီးဆင်းမှု ခန့်မှန်းချက်များ

(င) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များ နှင့် အညီ ယနေ့အချိန်အထိရေးဆွဲထားသော စီးပွားရေးလုပ်ငန်းဆိုင်ရာ မှတ်တမ်းများနှင့် စာရင်းဇယားများ

(စ) ရှေ့လာမည့် ၂ နှစ်စာအတွက် ကြိုတင် ရေးဆွဲထားသော ရင်းနှီးမြှုပ်နှံမှု နှင့် ငွေကြေး အစီအစဉ်၊ လူ့စွမ်းအား အရင်း အမြစ် ဖွံ့ဖြိုးရေး အစီအစဉ်

(ဆ) ဘဏ္ဍာရေးနှစ်တစ်နှစ် ကုန်ဆုံးတိုင်းလေးလထက် နောက်မကျဘဲ စာရင်း စစ်ဆေး ခြင်း ခံယူထားသောနှစ်စဉ်ဘဏ္ဍာရေး စာရင်းရှင်း တမ်းများ

16

**ရှယ်ယာလွှဲပြောင်းရောင်းချသည့် နည်း လမ်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်း ဖြင့် ဆောင်ရွက်ရာတွင်သက်ဆိုင်ရာ ဌာနက ဆောင်ရွက်ပေးရမည့်အချက်များ**

(က) မရွှေ့ပြောင်းနိုင်သောပစ္စည်းများစာရင်းပြုလုပ်ထိန်းသိမ်းခြင်း၊ယင်း စာရင်း နှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ခြင်း

(ခ) သက်ဆိုင်ရာစီးပွားရေးအဖွဲ့အစည်းက ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများ ပျောက်ဆုံး ပျက်စီးခြင်းနှင့် အလေအလွင့်များ ဖြစ်ပေါ်စေမည့် မည်သည့် လုပ်ရပ်မျိုးကိုမဆို ဆောင်ရွက်မှု မရှိစေရေး

(ဂ) မတည်ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြုလုပ်မှုမရှိစေရေး

(ဃ) ပုံမှန်လုပ်ဆောင်နေသည့်စီးပွားရေးလုပ်ငန်းစဉ်များအရ ကျန်ရှိ သည့် ကြွေးကျန်များမှအပ အခြားကြွေးမြီများ မရှိစေရေး

(င) အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ပုဂ္ဂိုလ် မည်သူမဆို အတွက် အကျိုး ဖြစ်ထွန်းစေမည့် သတင်းအချက်အလက်များကို မည်သူ တစ်ဦးတစ်ယောက်ကိုမှ ပေးအပ်ခြင်း မရှိစေရေး

17

# နိဂုံး

- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုကို ဆက်လက်ဆောင်ရွက်သင့်ပါသည်။
- ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ စည်းမျဉ်း စည်းကမ်းများဖြင့် ထိန်းကျောင်းနိုင်ရေး စဉ်းစားဆောင်ရွက်သင့်ပါသည်။

## (၃.၅) စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း

# နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဌာန ၏အခန်းကဏ္ဍ

ဒေါ် နီနီလွင် (ညွှန်ကြားရေးမှူး)
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု
အစီရင်ခံရေးဦးစီးဌာန

## မာတိကာ

- စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၏ရည်မှန်းချက်
- နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍လက်ရှိ စီ.စစ်.တိုး ( PAPRD) ၏ဆောင်ရွက်နေမှုအခြေအနေ၊
- စိစစ်တင်ပြသည့် လုပ်ငန်းစဉ်၊
    - စိစစ်မှုများ
    - တွေ့ရှိချက်
    - အားနည်းချက်
- ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊
- စိန်ခေါ်မှုများ
- အကြံပြုချက်။

2

## စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၏ ရည်မှန်းချက်

❖ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများစွမ်းဆောင်ရည်ပြည့်ဝစွာဆောင်ရွက်နိုင်ရန်အတွက် စိစစ်သုံးသပ်တင်ပြရန်

❖ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသောစီမံကိန်းများကို စိစစ်သုံးသပ်တင်ပြရန်

❖ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုကို အထောက်အကူပြုသည့် ဝန်ထမ်းဖွဲ့စည်းမှုပုံစံများစိစစ်တင်ပြရန်

❖ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်

3

## နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍လက်ရှိ PAPRD ၏ဆောင်ရွက်နေမှုအခြေအနေ

❖ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်နေသော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း(၂၆)ခု နှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၅)ခု၊ စုစုပေါင်း(၃၁)ခု တို့၏ သာမန်ဝင်ငွေ/ သုံးငွေ၊ ငွေလုံးငွေရင်း ရငွေ/သုံးငွေ အခြေအနေနှင့် ကုန်ပစ္စည်းထုတ်လုပ်မှုအခြေအနေကို လစဉ် စိစစ်တင်ပြ ခြင်း၊

4

- ❖ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့၏ ကြီးကြပ်မှုအောက်ရှိစက်ရုံ/အလုပ်ရုံ/လုပ်ငန်းများ၏ကုန်ထုတ်လုပ်မှု၊ရောင်းချမှုနှင့်ကုန်ချောလက်ကျန်အခြေအနေများကိုသုံးလတစ်ကြိမ်စိစစ်တင်ပြ ခြင်း၊
- ❖ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဝန်ကြီး ဌာန (၉)ခုတို့၏ ကြီးကြပ်မှုအောက်ရှိ စက်ရုံ/အလုပ်ရုံ/ လုပ်ငန်းများ၏ကုန်ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် ကုန်ချော လက်ကျန် အခြေအနေများကို သုံးလတစ်ကြိမ် စိစစ် တင်ပြခြင်း၊

5

## စိစစ်မှုများ

- ❖ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ **လအလိုက်၊** သာမန် ဝင်ငွေ/သုံးငွေ နှင့် ငွေလုံး ငွေရင်း ရငွေ/သုံးငွေ အခြေအနေ၊
- ❖ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ **နှစ်အလိုက်** သာမန်ဝင်ငွေ/သုံးငွေ နှင့် ငွေ လုံး ငွေရင်း ရငွေ/သုံးငွေ အခြေအနေ၊
- ❖ ကုန်ပစ္စည်းများ ထုတ်လုပ်မှု လျာထားချက်အတွင်း အကောင် အထည်ဖော်နိုင်မှု အခြေအနေ၊
- ❖ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ရောင်းချမှု၊ ကုန်ချောလက်ကျန် အခြေအနေ၊


6

## တွေ့ရှိချက်များ

- ❖ ဝင်ငွေမှာသုံးငွေထက် ပိုမိုရရှိသည့် အဖွဲ့အစည်း၊
- ❖ ဝင်ငွေထက် ပိုမိုသုံးစွဲသည့် အဖွဲ့အစည်း၊
- ❖ မူလရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုရှိ- မရှိ၊
- ❖ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ထုတ်လုပ်မှု၊ရောင်းချမှုနှင့်ကုန်ပစ္စည်း လက်ကျန်အခြေအနေများ၊
- ❖ အမှန်ထုတ်လုပ်မှုနှင့်လက်ကျန်အခြေအနေ၊
- ❖ ကုန်စည်စီးဆင်းမှုအခြေအနေ၊
- ❖ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မှုအခြေအနေ၊

7

## အစီရင်ခံစာတင်ပြခြင်းလုပ်ငန်းစဉ်




8

## အားနည်းချက်များ

- ❖ SEEs လုပ်ငန်းများမှ ပေးပို့လာသော အချက်အလက်အများ အပေါ်ပြုစုရခြင်း၊
- ❖ ပေးပို့လာသော အချက်အလက် ပြည့်စုံခိုင်မာမှု အားနည်းခြင်း၊
- ❖ SEEs လုပ်ငန်းများ၏အဖွဲ့အစည်းဆိုင်ရာ စီမံဆောင်ရွက်မှု ရှုပ်ထွေးခြင်း၊
- ❖ နိုင်ငံတကာအဆင့်မီ အစီရင်ခံစာဖြစ်ရန်လိုအပ်ခြင်း၊

9

## ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်

- ❖ **PAPRD** အတွက် Data Analyzing Report, Corporate Governance, SEE Reform စသည့် သင်တန်းများပေး၍ Capacity Building ပြုလုပ်ရန်၊
- ❖ **Line ministries** များနှင့် အသေးစိတ် တိကျမှန်ကန် သည့် Data ရရှိနိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ (ဥပမာ – Financial Statement, Income Statement, Balance Sheet ရရှိရန်လိုအပ်ခြင်း)

10

## SEEs လုပ်ငန်းများအတွက် စိန်ခေါ်မှုများ (Challenges)

- ❖ အရည်အသွေးအဆင့်မမီခြင်း၊
- ❖ တီထွင်ဖန်တီးလိုစိတ် မရှိခြင်း၊
- ❖ နည်းပညာ ဆန်းသစ်မှု မရှိခြင်း၊
- ❖ အင်တိုက်အားတိုက် အစွမ်းကုန်ဆောင်ရွက်မှု မရှိခြင်း၊
- ❖ မိမိ ကုန်အမှတ်တံဆိပ် လူသိများအောင် ဆောင်ရွက်နိုင်မှု မရှိခြင်း၊
- ❖ ပြင်ပမှတင်သွင်းလာသည့်ပစ္စည်းများနှင့်အရည်အသွေး၊ဈေးနှုန်းများ ယှဉ်ပြိုင်နိုင်မှု မရှိခြင်း၊
- ❖ ဈေးကွက်မရှိခြင်း၊
- ❖ လိုအပ်သည်ထက်ပိုလျှံနေသော ဝန်ထမ်းအင်အားလစာနှင့်ပင်စင်စရိတ်၊
- ❖ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥပဒေ၊ မူဘောင်များ အားနည်းခြင်း၊
- ❖ စီးပွားဖြစ်လုပ်ကိုင်နိုင်ရန်အတွက်လိုအပ်သည့် ဥပဒေ၊လုပ်ထုံးလုပ်နည်းများအားနည်းခြင်း၊

11

## အကြံပြုချက်

ဝင်ငွေကပိုမိုသော လုပ်ငန်းများကို ပိုမိုတိုးတက် လာစေ ရန် အတွက်

- ❖ လုပ်ငန်းခွင် စွမ်းဆောင်ရည်များ၊ စိတ်ဓါတ်ခွန်အား များ မြှင့်တင်ပေးခြင်း၊
- ❖ နည်းပညာပိုမိုတိုးတက်လာစေရန်နှင့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ပိုမိုကောင်းမွန်စေရန် တွန်းအားပေးခြင်း၊
- ❖ ဝန်ထမ်းများ လုပ်ငန်းခွင်ပျော်ရွှင်စေရန် ဆောင်ရွက်ခြင်း၊

12

## အကြံပြုချက်

ကုန်ကျစရိတ်က ပိုမိုသောလုပ်ငန်းများ အတွက်

❖ ပုဂ္ဂလိကပိုင်ပြုလုပ်သင့်သည့် လုပ်ငန်းများ၊

❖ ငှားရမ်းခြင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊

❖ Coporatization, JV, PPPတို့ဖြင့် ဆောင်ရွက် သင့် သည့် လုပ်ငန်းများ၊

❖ ဖျက်သိမ်းသင့်သည့် လုပ်ငန်းများကို ဖျက်သိမ်းခြင်း၊

13

## အကြံပြုချက်

❖ ခိုင်မာတိကျ ရှင်းလင်းသော ဥပဒေများ ပြဋ္ဌာန်း၍ ဥပဒေကို လိုက်နာဆောင်ရွက်ခြင်း၊

❖ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရှိ ဝန်ထမ်းများနှင့် စပ်လျဉ်း၍ ခိုင်မာ ရှင်းလင်းသည့် မူဝါဒ ရှိရန် လိုအပ်ခြင်း၊

❖ လုပ်သာကိုင်သာရှိသည့် ဝန်းကျင်ဖြစ်အောင် ဖန်တီးပေး ခြင်း၊

❖ အစိုးရဘက်မှ ပေးနိုင်သည့် အာမခံချက်များ၊ အထောက်အပံ့များကို ရှင်းလင်းမြင်သာစွာ ချပြခြင်း၊

14

## (၃.၆) မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းမှ ရှင်းလင်းတင်ပြခြင်း

**Workshop on Reformation of State-Owned Enterprise in Extraction Industries in Myanmar**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

MOEE


M.O.G.E.

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ**
**လက်ရှိဆောင်ရွက်နေသောအခြေအနေနှင့်ဆက်လက်ဆောင်ရွက်မည့်**
**အစီအမံများ**


၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်　　　　နေပြည်တော်

### (၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများလက်ရှိအခြေအနေ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံ**




## စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့်ပုံစံ




ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနသည် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများ ရေးဆွဲခြင်း၊ လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်းတို့တွင်လည်းကောင်း၊ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ပူးပေါင်းရေးဆိုင်ရာ ဦးဆောင်ဌာနအဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။

## Organization Chart of Myanmar Oil and Gas Enterprise




- **Managing Director, Deputy Managing Director and 10 Departments**

| | | |
|---|---|---|
| ➢ Employees | - | over 10,000 |
| ➢ Daily average production (onshore) | - | about 6,400 barrels of oil<br>about 55 million cubic feet of gas |
| ➢ Drilling rigs | - | Deep rig – 4 Nos<br>Medium rig - 7 Nos.<br>Shallow rig - 16 Nos |
| ➢ Natural gas pipeline length | - | 2000 miles |
| ➢ CNG stations | - | 45 No. |
| ➢ CNG vehicles | - | 27500 No. |
| ➢ Domestic natural gas supply | - | Daily average of 400 million cubic feet |

## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ အဓိကတာဝန်များ

### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည်

- မြန်မာနိုင်ငံရှိ ကုန်းတွင်းနှင့် ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။
- နိုင်ငံတော်၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခြင်းလုပ်ငန်းများ၌ တင်ဒါလုပ်ငန်းစဉ်များနှင့်အညီ တာဝန်ယူ ဆောင်ရွက်ရပါသည်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် Operator အဖြစ် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး၊ အချို့အပိုင်းများတွင် Regulator အဖြစ် လုပ်ငန်းကြီးကြပ်သူ၏ တာဝန်များကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။
- အိမ်နီးချင်းနိုင်ငံများနှင့် ပြည်တွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့် ဌာနဖြစ်ပါသည်။
- နိုင်ငံတော်အတွက် နိုင်ငံခြားငွေအများဆုံးရှာဖွေပေးနေရသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (State-Owned Economic Enterprise) အဖြစ် ရပ်တည်လျက်ရှိပါသည်။

## နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘတ်ဂျက်တောင်းခံမှုပုံစံ




Source: MOPF

## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဘတ်ဂျက် အစီအစဉ်

ရေနံမြေဒေသအသီးသီးရှိ Oil & Gas Fields၊ Field Parties၊ ပိုက်လိုင်းစခန်းများနှင့် Oil & Gas Control Station များမှ လိုအပ်သည့် ရင်းနှီးမြှုပ်နှံရန်ပစ္စည်းများ၊ တည်ဆောက်ပြုပြင်ခြင်း အစရှိသည့်လုပ်ငန်းများအား ရုံးချုပ်သို့တင်ပြလာခြင်း

⇩

ရုံးချုပ်တွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော သက်ဆိုင်ရာဌာနကြီးမှူးများမှ ဘတ်ဂျတ်ခွဲဝေရရှိမှုပေါ်မူတည်ပြီး အရေးကြီးအဆင့်အလိုက် ဦးစားပေးအစီအစဉ်ပြုစုပြီး တင်ပြတောင်းခံခြင်း

## တွင်းတူးဖော်ခဲ့မှုအခြေအနေ

| အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် | ၂၀၁၈ (Mini) ဘဏ္ဍာရေးနှစ် |
|---|---|---|---|
| တူးဖော်ခဲ့သည့်တွင်းပေါင်း | ၂၇ | ၂၀ | ၁၀ |
| အောင်မြင်ခဲ့သည့်တွင်းပေါင်း | ၁၆ | ၁၄ | ၈ |
| စုစုပေါင်းတူးဖော်ခဲ့သည့်အနက်ပေ | ၉၉,၉၈၈ | ၈၇,၇၅၇ | ၅၂,၁၀၂ |

## ထုတ်လုပ်မှုလျာထားချက်အပေါ် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | | | ၂၀၁၈ ဘဏ္ဍာရေးနှစ် (Mini) | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | လျာထားချက် | အမှန် | ပြီးစီးမှု % | လျာထားချက် | အမှန် | ပြီးစီးမှု % | လျာထားချက် | အမှန် | ပြီးစီးမှု % |
| ၁ | ရေနံစိမ်း | | | | | | | | | | |
| | ကုန်းတွင်း | ဧည်သန်းပေါင်း | ၂.၇၇၄ | ၂.၅၀၆ | 90% | ၂.၄၁၂ | ၂.၃၆၃ | 98% | ၁.၁၈၀၆ | ၁.၁၅၂၇ | 98% |
| | ကမ်းလွန် | ဧည်သန်းပေါင်း | ၁.၅၆၀၂ | ၁.၇၉၃၈ | 115% | ၁.၂၄၁ | ၁.၆၀၄ | 129% | ၀.၄၉၇၈ | ၀.၅၆၅၅ | 114% |
| | စုစုပေါင်း | | ၄.၃၃၄၃ | ၄.၂၉၉၈ | 99% | ၃.၆၅၃ | ၃.၉၆၇ | 109% | ၁.၆၇၈၄ | ၁.၇၁၈၂ | 102% |
| ၂ | သဘာဝဓာတ်ငွေ့ | | | | | | | | | | |
| | ကုန်းတွင်း | ကုဗပေသန်း | ၁၈,၉၈၀.၀၃၀ | ၁၇,၂၀၀.၄၃၉၆ | 91% | ၁၉,၅၁၈.၂၇၄ | ၁၇,၈၇၉.၁၁၇ | 92% | ၁၀,၀၄၃.၇၃၃၀ | ၉,၃၄၂.၅၈၉၅ | 93% |
| | ကမ်းလွန် (ပြည်ပ ) | | | | | | | | | | |
| | ရတနာ | ကုဗပေသန်း | ၂၀၀,၅၇၅.၀၀၀ | ၂၁၁,၀၉၀.၈၈၃၀ | 105% | ၂၀၆,၂၅၅.၀၀၀ | ၂၁၀,၉၂၅.၅၆၈ | 102% | ၁၀၃,၃၉၅.၀၀၀၀ | ၁၁၄,၈၇၀.၇၆၀ | 111% |
| | ရဲတံခွန် | ကုဗပေသန်း | ၇၀,၃၅၅.၀၀၀ | ၈၀,၄၅၂.၅၉၃၅ | 114% | ၇၃,၀၀၀.၀၀၀ | ၇၄,၄၄၆.၉၃၈ | 102% | ၂၉,၂၈၀.၀၀၀၀ | ၂၆,၈၅၁.၉၉၀၃ | 92% |
| | ရွှေ | ကုဗပေသန်း | ၁၄၂,၀၀၀.၀၀၀ | ၁၄၄,၀၅၃.၅၃၇၅ | 101% | ၁၄၆,၀၀၀.၀၀၀ | ၁၄၂,၃၃၉.၁၉၂ | 97% | ၇၃,၂၀၀.၀၀၀၀ | ၄၀,၈၅၁.၉၂၇ | 56% |
| | ဇော်တိက | ကုဗပေသန်း | ၈၆,၉၇၅.၀၀၀ | ၈၅,၅၈၁.၅၅၀၂ | 98% | ၈၉,၄၅၅.၀၀၀ | ၈၇,၁၇၆.၆၆၀ | 97% | ၄၄,၈၃၅.၀၀၀၀ | ၄၆,၀၈၉.၆၄၁၉ | 103% |
| | ကမ်းလွန် (ပြည်တွင်းသုံး ) | | | | | | | | | | |
| | ရတနာ | ကုဗပေသန်း | ၈၈,၇၅၀.၀၀၀ | ၆၀,၂၆၄.၇၃၉၀ | 68% | ၈၂,၁၂၅.၀၀၀ | ၆၄,၈၈၈.၅၇၄ | 79% | ၄၀,၁၇၅.၀၀၀၀ | ၃၃,၀၅၃.၀၈၆၆ | 83% |
| | ရွှေ | ကုဗပေသန်း | ၃၅,၅၀၀.၀၀၀ | ၂၇,၉၃၅.၄၉၆၀ | 79% | ၃၆,၅၀၀.၀၀၀ | ၂၆,၁၅၈.၅၉၄ | 72% | ၁၈,၃၀၀.၀၀၀၀ | ၁၃,၉၇၉.၇၃၆၃ | 76% |
| | ဇော်တိက | ကုဗပေသန်း | ၃၅,၅၀၀.၀၀၀ | ၂၅,၁၃၈.၈၀၃၀ | 71% | ၃၆,၅၀၀.၀၀၀ | ၂၃,၅၇၀.၄၁၉ | 65% | ၁၈,၃၀၀.၀၀၀၀ | ၁၀,၉၀၄.၁၀၆၇ | 60% |
| | စုစုပေါင်း | | ၆၇၈,၆၃၅.၀၃၀ | ၆၅၂,၉၅၀.၁၆၀ | 96% | ၆၈၉,၂၉၃.၂၇၄ | ၆၄၇,၃၈၆.၀၆၃ | 94% | ၃၃၈,၅၂၈.၇၃၃ | ၂၉၆,၉၄၄.၀၀၀ | 88% |

## ဝင်ငွေနှင့်အသုံးစရိတ်

ကျပ်သန်းပေါင်း

| အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် | ၂၀၁၈ (Mini) ဘဏ္ဍာရေးနှစ် |
|---|---|---|---|
| ဝင်ငွေ | ၁,၆၇၀,၀၉၂.၉၄၁ | ၂,၀၃၀,၇၃၂.၂၀၅ | ၁,၀၄၂,၆၆၉.၈၈၆ |
| ကုန်းတွင်းဝင်ငွေ | ၄၈၁,၆၁၈.၆၅၃ | ၄၄၇,၈၉၇.၆၀၈ | ၂၀၃,၅၇၀.၃၂၇ |
| ကမ်းလွန်ဝင်ငွေ | ၁,၁၈၈,၄၇၄.၂၈၈ | ၁,၅၈၂,၈၃၄.၅၉၇ | ၈၃၉,၀၉၉.၅၅၉ |
| အသုံးစရိတ် | ၁,၀၅၀,၄၂၅.၆၆၉ | ၁,၁၇၄,၆၆၀.၁၃၂ | ၇၀၃,၉၂၈.၃၃၅ |
| အကြမ်းအမြတ် | ၆၁၉,၆၆၇.၂၇၂ | ၈၅၆,၀၇၂.၀၇၃ | ၃၃၈,၇၄၁.၅၅၁ |
| Operating Ratio (%) | ၆၂.၈၉% | ၅၇.၈၄% | ၆၇.၅၁% |

## ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ

- ဝန်ကြီးဌာနတွင်း
  မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသို့ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့အားလည်းကောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသို့ သဘာဝဓာတ်ငွေ့အား လည်းကောင်း ရောင်းချပေးလျက်ရှိပါသည်။

- ဝန်ကြီးဌာနအချင်းချင်း
  လုပ်ငန်းလိုအပ်ချက်အရနှင့် လုပ်ငန်းဆောင်ရွက်မှုအပေါ်မူတည်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆက်သွယ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

## အကြွေးနှင့် အစိုးရအာမခံချက်


**Loan Position as at 31.3.2018**

| Sr; No | Contract No/ Purchase | Agreement Date | Loan | Particulars | Currency | Loan Amount | Paid up to 31.3.2018 | | Balance to be Paid | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | Principal | Interest | Principal | Interest |
| 1 | PBC NO (2007)10,11,12 TOTAL NO. (031),(032), (033) | 27.9.07 | China Soft Loan | Four Drilling Rigs and Oil Field Equipment and Materials Project | USD | 80,510,584.83 | 44,280,809.24 | 19,143,482.67 | 36,229,775.59 | 2,754,132.24 |
| 2 | 18 01 01-00 16 01(MY-C1) | 15.1.13 | JACA Loan | Offshore Petroleum Exploration Project | J¥ | 11,629,727,985.00 | 5,847,495.00 | 5,783,358.34 | 11,623,880,490.00 | 23,252,346.44 |
| 3 | 5300942322009591489 | 20.12.09 | CDB (24") | Yadana-Yangon 24" Gas Pipelile Project | Euro | 185,604,785.00 | 35,923,506.00 | 62,396,581.42 | 149,681,279.00 | 44,618,493.47 |
| 4 | 5300942322010591241 | 16.12.10 | CDB(EURO) | Offshore Natural Gas Development and Pipe line Project/ Onshore Natural Gas Pipe line Project | Euro | 420,255,799.46 | 67,783,195.00 | 114,371,720.69 | 352,472,604.46 | 108,583,589.20 |
| 5 | 5300942322010591242 | 16.12.10 | CDB(RMB) | Oil Pipe line Project | RMB | 5,664,208,673.88 | 913,582,045.00 | 1,516,220,049.65 | 4,750,626,628.88 | 1,463,489,914.40 |


## ပွင့်လင်းမြင်သာမှု

- ဝန်ကြီးဌာနမှဦးဆောင်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက်များကို လစဉ်နှင့် အခါအားလျော်စွာ ကျင်းပပြုလုပ်ပေးလျက် ရှိပါသည်။
- စွမ်းအင်ကဏ္ဍဆိုင်ရာမှ တင်ဒါခေါ်ယူလိုသည့် လုပ်ငန်းများကိုလည်း ဌာနပိုင် Website တွင် အချိန်နှင့်တပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ တွင်းထွက်သယံဇာတလုပ်ငန်းများကို MEITI Standard များနှင့်အညီဆောင်ရွက်လျက်ရှိပါသည်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍရှိ Database Management System ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Oil for Development(OFD) Programme အရ နည်းပညာအကူအညီ ရယူဆောင်ရွက်လျက်ရှိနေပါသည်။ နောင်အနာဂတ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ သတင်းအချက်အလက်များကို website တွင်လွှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။


## IPR cash flow diagram



## PSC cash flow diagram





## (Risk Compensation Production Period)




16

## PCC cash flow diagram
## (Cost Recovery Production Period)




## Ongoing Legal Reform


| ဆက်လက်ဆောင်ရွက်မည့် ဥပဒေ၊ နည်းဥပဒေများ | | |
|---|---|---|
| | ဥပဒေ/ နည်းဥပဒေအမည် | ဆောင်ရွက်ထားရှိမှု |
| ၁။ | **ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ** ဥပဒေ အသစ်ဖြစ်ပါသည်။ | ယင်းဥပဒေအား ပြည်ထောင်စုလွှတ်တော်က ၁၇-၇-၂၀၁၇ ရက်စွဲဖြင့် ရေနံလက်ယက် တွင်းဆိုင်ရာဥပဒေ (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။) ကို ထုတ်ပြန်ကြေငြာခဲ့ပြီးဖြစ်ပါသည်။ |
| | **ရေနံလက်ယက်တွင်းဆိုင်ရာနည်းဥပဒေ** | ၎င်းဥပဒေ၏ နည်းဥပဒေ(မူကြမ်း)အားရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်တောင်းခံထားပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုချက်ရရှိပါက အကြံပြုချက်နှင့်အညီ ပြင်ဆင်ပြီး လုံခြုံရေး တည်ငြိမ်ရေးနှင့် တရားဥပဒေ စိုးမိုးကော်မတီမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူသွားမည်ဖြစ်ပါသည်။ |
| ၂။ | **ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာဥပဒေ** The Petroleum Act, 1934 အား အမည်ပြောင်းလဲပြီး ပြင်ဆင်ရေးဆွဲခဲ့ပါ သည်။ | ယင်း ဥပဒေအား ပြည်ထောင်စုလွှတ်တော်က ၁-၈-၂၀၁၇ ရက်စွဲဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၀) ကို ထုတ်ပြန်ကြေငြာခဲ့ပြီးဖြစ်ပါသည်။ |
| | ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ နည်း ဥပဒေများ | နည်းဥပဒေ(မူကြမ်း)အား ဝန်ကြီးဌာနမှ ရေးဆွဲပြီးဖြစ်ပါ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်တောင်းခံထားပြီးဖြစ်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုချက်ရရှိပါက အကြံပြုချက်နှင့်အညီ ပြင်ဆင်ပြီး လုံခြုံရေး တည်ငြိမ်ရေးနှင့် တရားဥပဒေ စိုးမိုးကော်မတီမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူသွားမည် ဖြစ်ပါသည်။ |
| ၃။ | ၁၉၅၇ ခုနှစ် ရေနံဓာတ် ပင်ရင်း အခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေ အား **ရေနံစူးစမ်း ရှာဖွေခြင်း၊ ရေနံတူးဖော် စမ်းသပ်ခြင်းနှင့် ရေနံ ထုတ်လုပ်ခြင်း ဆိုင်ရာဥပဒေ** ဟု ပြောင်းလဲပြီး | ယင်းဥပဒေ(မူကြမ်း)အား ပြည်ထောင်စုအစိုးရအဖွဲ့ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးကော်မတီသို့ ၂၇-၁၁-၂၀၁၈ တွင် တင်ပြထားပြီး ယင်းကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဥပဒေမူကြမ်းအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူခဲ့ပါသည်။ ယခုအခါ ယင်းဌာန၏သဘောထားမှတ်ချက်ရရှိပြီး ဖြစ်၍ ယင်းမှတ်ချက်နှင့် အညီပြင်ဆင်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆောင်ရွက်လျက်ရှိပါသည်။ |

18

## လက်ရှိဆောင်ရွက်မှုနှင့် ရှေ့ဆောင်ရွက်မည့်အခြေအနေ


- ရေနံနှင့်သဘာဝထုတ်လုပ်မှု ကျဆင်းနှုန်းကို ထိန်းသိမ်းရန်။
- National Energy Master Plan နှင့် Myanmar Natural Gas Master Plan (draft) တို့ကို နိုင်ငံတကာအကူအညီဖြင့် ထုတ်ပြန်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။
- နိုင်ငံတော်အနေဖြင့် Myanmar Sustainable Development Plan ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အဆိုပြုလိုသည့် စီမံကိန်းများကို ထည့်သွင်း ဆောင်ရွက်လျက်ရှိပါသည်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီကို ရယူဆောင်ရွက်လျက်ရှိပါသည်။
- လက်ရှိစီးပွားရေးအခြေအနေအရ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်ရန်ဖြစ်ပါသည်။
- သယံဇာတလုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံစိတ်ချမှု ညွှန်ကြားချက်များနှင့် နည်းလမ်းများ ချမှတ်ရာ၌ ထိရောက်သော စီမံခန့်ခွဲမှုနှင့်အညီဆောင်ရွက်ရန်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဆောင်ရွက်ရာတွင် Regulatory နှင့် Operatory ပိုင်းဆိုင်ရာလုပ်ငန်းများကို တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

## စောင့်ကြည့်မှုလုပ်ငန်းစဉ်



## (၃.၇) သတ္တုတွင်းဦးစီးဌာနမှ ရှင်းလင်းတင်ပြခြင်း



### သတ္တုတွင်းဦးစီးဌာန
### ဖွဲ့စည်းပုံဇယား

| ညွှန်ကြားရေးမှူးချုပ် | |
|---|---|
| ၁၈၃ | ၄၃၈ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | |
| ၁၈၂ | ၄၃၈ |

| | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|
| ဖွဲ့စည်းပုံ | ၁၈၄ | ၄၃၈ | ၆၂၂ |
| ခန့်ပြီး | ၉၈ | ၁၈၉ | ၂၈၇ |
| လစ်လပ် | ၈၆ | ၂၄၉ | ၃၃၅ |

| | ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ | | စစ်ဆေးရေးဌာနခွဲ | | ဓာတ်သတ္တုထိန်းသိမ်းရေးဌာနခွဲ | | ဆားလုပ်ငန်းဌာနခွဲ | | စီမံခန့်ခွဲရေးဌာနခွဲ | | သတ္တုဦးစီး တိုင်းဒေသကြီး / ပြည်နယ်ရုံးခွဲ (၁၆ ) ရုံး | | ဆားလုပ်ငန်းဌာနခွဲ တိုင်းဒေသကြီး / ပြည်နယ်ရုံးခွဲ (၈ ) ရုံး | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဖွဲ့စည်းပုံ | ၂၀ | ၉ | ၁၇ | ၇ | ၂၁ | ၇ | ၁၁ | ၃၂ | ၇ | ၂၅ | ၆၉ | ၁၆၀ | ၃၇ | ၁၉၈ |
| ခန့်ပြီး | ၁၇ | ၃ | ၇ | ၅ | ၁၂ | - | ၇ | ၂၄ | ၆ | ၁၇ | ၃၂ | ၄၅ | ၁၅ | ၉၅ |

3

## သတ္တုတွင်းဦးစီးဌာန ဝန်ထမ်းအင်အား

| | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|
| ခန့်ပြီး | ၉၈ | ၁၈၉ | ၂၈၇ |
| ဆားလုပ်ငန်း | ၇ + ၁၅ = ၂၂ | ၂၄ + ၉၅ = ၁၁၉ | ၁၄၁ |
| သတ္တုဦးစီး | ၇၆ | ၇၀ | ၁၄၆ |

| နေပြည်တော် | | နယ်ရုံး (၁၁) ရုံး | |
|---|---|---|---|
| အရာထမ်း | အမှုထမ်း | အရာထမ်း | အမှုထမ်း |
| ၄၄ | ၂၅ | ၃၂ | ၄၅ |
| ၆၉ | | ၇၇ | |

4

# နယ်ရုံးခွဲများ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အဆင့် | ဝန်ထမ်းအရေအတွက် |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | က | ၃ + ၃ = ၆ |
| ၂ | ကရင်ပြည်နယ် | ခ | ၃ + ၅ = ၈ |
| ၃ | ကယားပြည်နယ် | ခ | ၄ + ၄ = ၈ |
| ၄ | ချင်းပြည်နယ် | ခ | ၁ + ၃ = ၄ |
| ၅ | ရှမ်းပြည်နယ်( တောင်ပိုင်း) | က | ၃ + ၄ = ၇ |
| ၆ | ရှမ်းပြည်နယ်( မြောက်ပိုင်း) | ခ | ၂ + ၅ = ၇ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | က | ၄ + ၄ = ၈ |
| ၈ | မန္တလေးတိုင်း ဒေသကြီး | က | ၄ + ၄ = ၈ |
| ၉ | မကွေးတိုင်း ဒေသကြီး | ခ | ၂ + ၄ = ၆ |
| ၁၀ | ရန်ကုန်တိုင်း ဒေသကြီး | ခ | ၃ + ၅ = ၈ |
| ၁၁ | တနင်္သာရီတိုင်း ဒေသကြီး | က | ၃ + ၄ = ၇ |

5

## သတ္တုတွင်းဦးစီးဌာန၏တာဝန်ဝတ္တရားများ

၁. မြန်မာ့သတ္တုတွင်းဥပဒေနှင့်နည်းဥပဒေများ အမြဲခေတ်မီတိုးတက် နေစေရန် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များအား အခါအားလျော်စွာ ထုတ်ပြန်ရေးဆောင်ရွက်ခြင်း၊

၂. မြန်မာ့ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ လျှောက်ထားလာသည့် ခွင့်ပြုမိန့်များအား စနစ်တကျ စီစစ် ထုတ်ပေးခြင်း၊

၃. အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာမှသတ္တုကဏ္ဍနှင့် စပ်လျဉ်း၍ ဆက်သွယ် ဆောင်ရွက်လာပါက လိုအပ် သလို အရေးယူဆောင်ရွက်ခြင်း၊

၄. သတ္တုတွင်းများ၌ ဆောင်ရွက်နေကြသည့် မန်နေဂျာများ/ အင်ဂျင်နီယာများ/ လုပ်သားများ အရည်အချင်း ပြည့်ဝပြီး ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ထုတ်ကုန်များ၊ တိုးတက် ထုတ်လုပ်လာစေရန် ပြည်တွင်း၌ သင်တန်းများ ဖွင့်လှစ် ပို့ချခြင်း၊ ပြည်ပသင်တန်းများသို့ စေလွှတ်ခြင်း၊

6

## သတ္တုတွင်းဦးစီးဌာန၏တာဝန်ဝတ္တရားများ( အဆက်)

၅. စစ်ဆေးရေးအရာရှိချုပ်၏တာဝန်ကိုထမ်းဆောင်ခြင်း၊

၆. ဝန်ကြီးဌာနမှ ခွင့်ပြုထားသည့် လုပ်ကွက်များ၏ ပုံသေမြေငှားရမ်းခနှင့် ဓာတ်သတ္တုခွန် များ ကောက်ခံခြင်း၊

၇. တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူးသည်သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ အတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်ခြင်း၊

၈. EITI လုပ်ငန်းစဉ်များအောင်မြင်စေရေးအတွက် ဝန်ကြီးဌာန၏ Focal အဖြစ် ဆောင်ရွက်ခြင်း၊

7

**၁။ မြန်မာ့သတ္တုတွင်းဥပဒေနှင့်နည်းဥပဒေများ အမြဲခေတ်မှီတိုးတက် နေစေရန် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များအား အခါ အားလျော်စွာ ထုတ်ပြန်ရေးဆောင်ရွက်ရန်၊**

က. ၂၄.၁၂.၂၀၁၅ ရက်နေ့တွင် မြန်မာ့သတ္တုတွင်းဥပဒေအား ပြင်ဆင်သည့် ဥပဒေ ပြဌာန်း၊

ခ. ၁၃.၂.၂၀၁၈ ရက်နေ့တွင် မြန်မာ့သတ္တုတွင်းနည်းဥပဒေသစ် ထုတ်ပြန်၊

ဂ. ၂၀၁၈ ခုနှစ် မြန်မာ့သတ္တုတွင်းနည်းဥပဒေသစ်အရ ပြည်ထောင်စုမှ ခွင့်ပြုထားသည့် အသေးစားတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများအား အလတ်စား တူးဖော်ထုတ်လုပ်မှုသို့ ပြောင်းလဲရန်လို၊

ဃ. အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်၊(ပူးတွဲဇယား)

8

ပူးတွဲဇယား

## ဃ. အမိန့်ကြော်ငြာစာများ/ညွှန်ကြားချက်များ

| စဉ် | အကြောင်းအရာ | အမိန့်စာအမှတ်(ရက်စွဲ) |
|---|---|---|
| ၁ | သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်း၊ ကျောက် သတ်မှတ် အမိန့် | ၅၉/၂၀၁၆ (၃၀.၈.၂၀၁၆) |
| ၂ | ခွင့်ပြုမိန့်ကြေးသတ်မှတ် | ၄၅/၂၀၁၇ (၃.၅.၂၀၁၇) |
| ၃ | ရွှေသန့်စင်ခြင်း၊ ရွှေချွတ်ခြင်း လုပ်ထုံးလုပ်နည်း | ၇/၂၀၁၈ (၁၃.၂.၂၀၁၈) |
| ၄ | ကန့်သတ်မည့်သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းနှင့်ကျောက် | ၈/၂၀၁၈ (၁၃.၂.၂၀၁၈) |
| ၅ | တိုင်းဒေသကြီး/ပြည်နယ် လက်လုပ်လက်စား ဆောင်ရွက်ခွင့်ရှိ သတ္တု၊ စက်မှု၊ ကျောက် | ၉/၂၀၁၈ (၁၃.၂.၂၀၁၈) |
| ၆ | တိုင်းဒေသကြီး/ပြည်နယ် ဓာတ်သတ္တု အသေးစား လက်လုပ်လက်စား လုပ်ကွက်စိစစ်ရေးအဖွဲ့ဖွဲ့စည်း | ၁၁/၂၀၁၈(၁၃.၂.၂၀၁၈) |

9

ပူးတွဲဇယား

## ဃ. အမိန့်ကြော်ငြာစာများ/ညွှန်ကြားချက်များ

| စဉ် | အကြောင်းအရာ | အမိန့်စာအမှတ်(ရက်စွဲ) |
|---|---|---|
| ၈ | ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့ | ၀၄၉/၂၀၁၈ (၁၀.၄.၂၀၁၈) |
| ၉ | ဝန်ကြီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့ | ၁၃၅/၂၀၁၈ (၁၈.၆.၂၀၁၈) |
| ၁၀ | ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့(ဝကရ) | ၁၅၀/၂၀၁၈ (၆.၇.၂၀၁၈) |
| ၁၁ | ကနဦးလုပ်ကွက်စိစစ်ရေးအဖွဲ့(၃)ဖွဲ့ကို ဖွဲ့စည်း | ၁၅၁/၂၀၁၈ (၆.၇.၂၀၁၈) |
| ၁၂ | တိုင်းဒေသကြီး/ ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့်သတ္တုတွင်းဆိုင်ရာအခွန်အခများ | ၇၀/၂၀၁၈ (၁၇.၇.၂၀၁၈) |
| ၁၃ | ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့ဖွဲ့စည်း (ဦးစီး) | ၀၉၈/၂၀၁၈ (၂၆.၇.၂၀၁၈) |

10

## ၂။ မြန်မာ့သတ္တုတွင်းဥပဒေ၊နည်းဥပဒေနှင့်အညီလျှောက်ထားလာသည့် ခွင့်ပြုမိန့်များအား စနစ်တကျ စိစစ် ထုတ်ပေးခြင်း

❖ ယခင်နည်းဥပဒေအရ အသေးစားထုတ်လုပ်ရန်ခွင့်ပြုထားပြီး နည်းဥပဒေအသစ်တွင် အလတ်စားနှင့် အကျုံးဝင်သောလုပ်ကွက်များ -

- အလတ်စားသို့ ကူးပြောင်းလိုခြင်းမရှိက သက်တမ်းကုန်ဆုံးလျှင် လုပ်ကွက်ပိတ်သိမ်းရန်နှင့် စာချုပ်ရပ်စဲရန်၊ (လုပ်ကွက်အသစ် ပြန်လည်လျှောက်ထားလျှင် ဝန်ကြီးဌာနမှ စီမံခန့်ခွဲရန်)
- အလတ်စားသို့ကူးပြောင်းလိုသောလုပ်ကွက်များသည် နည်းဥပဒေအသစ်နှင့်အညီ (သ-၂) သတ္တုသိုက် နှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးအစီရင်ခံစာတင်ပြရန်နှင့်(၃၁.၅.၂၀၁၉)ရက်နေ့အပြီးဆောင်ရွက်ရန်၊
- အလတ်စား လုပ်ငန်းသို့ ကူးပြောင်းလိုသောလုပ်ကွက်များမှ သက်တမ်းမပြတ်စေရန်အတွက် အသေးစား ခွင့်ပြုမိန့်အား (၃၁.၅.၂၀၁၉) အထိ ခွင့်ပြုပေးရန်၊
- ဓာတ်သတ္တု အလတ်စားလုပ်ကွက်များ၏ မူလခွင့်ပြုမိန့်သက်တမ်းကို (၁၁)နှစ် သတ်မှတ်ရန်၊

❖ လုပ်ကွက်အသစ်လျှောက်ထားမှုကို (၁.၈.၂၀၁၈) ရက်နေ့မှစတင်၍ ဗုဒ္ဓဟူးနေ့တိုင်း လက်ခံ ဆောင်ရွက်လျက်ရှိပြီး၊ မြန်မာ့ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ရွေးချယ်၍ ခွင့်ပြုသွားပါမည်။

11

❖ EITI စံနှုန်းလိုအပ်ချက်အရ ပြည်သူများအချက်အလက်ရယူနိုင်သော အောက်ပါအချက်အလက် များကို **Mineral Cadastre** စနစ်ကို အကောင်အထည်ဖော်ရန်ဖြစ်ပါသည်-

- သတ္တုနှင့်ကျောက်မျက်တူးဖော်ရေးလိုင်စင်များ စုစည်းထားရှိရန်၊
- Mineral Cadastre စနစ် အင်တာနက်ပေါ်တွင်ဆောင်ရွက်ထားရှိရန်၊
- သတ္တုလုပ်ပိုင်ခွင့်များချထားပေးခြင်းနှင့်လွှဲပြောင်းပေးခြင်းတို့ကို မှတ်တမ်းတင်ထားရန်၊
- လိုင်စင်များကိုစနစ်တကျအမှတ်စဥ်အလိုက်စီစဥ်ထားရန်တို့ဖြစ်ပါသည်။

❖ Mineral Cadastre တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်အတွက် ပွင့်လင်းမြင်သာမှုကို ဖော်ဆောင်နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ် နိုင်ခြင်း၊ ပုဂ္ဂလိက ကုမ္ပဏီများ တရားဝင်တူးဖော်လုပ်ကိုင်ခွင့်ကို Land Title အဖြစ် ရရှိနိုင်မည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုကို သေချာစေခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လာ နိုင် ခြင်း၊ အရပ်ဖက်အဖွဲ့အစည်းများ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊တာဝန်ခံမှု တိုးတက်စေမည် ဖြစ်ပါသည်။

❖ Pre Cadastre Working Group ကို သတ္တုဦးစီး၊ ဘ.ဓ.ရ၊ သတလ(၁)၊ သတလ(၂)နှင့် ကျောက်မျက်တို့မှ ကိုယ်စားလှယ် (၂) ဦးစီးနှင့် ပုလဲမှ (၁) ၊ စုစုပေါင်း (၁၁) ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

❖ **Mining Cadastre လုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာန၏ Mining Cadastre Working Group Committee ကို သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဒုဥက္ကဋ္ဌတာဝန်ယူပြီး၊ ဦးစီး/လုပ်ငန်းများမှ အရာရှိများ ပါဝင်လျက် အဖွဲ့ဝင် (၉) ဦးဖြင့် ဖွဲ့စည်း ခဲ့ပါသည်။**

12

**၃။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာမှသတ္တုကဏ္ဍနှင့် စပ်လျဉ်း၍ ဆက်သွယ် ဆောင်ရွက်လာပါက လိုအပ် သလို အရေးယူဆောင်ရွက်ရန်၊**

က. ASEAN Senior Official Meeting on Minerals( ASOMM) ၏ Focal

ခ. ASEAN Forum on Coal ( AFOC) ၏ Focal

ဂ. Inter Governmental Forum ( IGF) ၏ Focal

ဃ. Federal Institute of Geoscience & Natural Resources , Germany ( BGR) ၏ Coordrinator.

င. အခြားနိုင်ငံတကာအဖွဲ့အစည်းများ, INGO များ၊ NGO များ( NRGI)

13

**၄။ သတ္တုတွင်းများ၌ဆောင်ရွက်နေကြသည့် မန်နေဂျာများ/ အင်ဂျင်နီယာများ/ လုပ်သားများအား ပြည်တွင်း၌ သင်တန်းများ ဖွင့်လှစ် ပို့ချခြင်း၊ ပြည်ပ သင်တန်းများသို့ စေလွှတ်ခြင်း၊**

က. JICA ၏ KIZUNA Program ဖြင့် ဂျပန်နိုင်ငံရှိ တက္ကသိုလ်များတွင် Ph.D, M.Sc သင်တန်းများစေလွှတ်ခြင်း၊

ခ. KOICA ၏ အကူအညီဖြင့် Mine Hazard Management သင်တန်းများ စေလွှတ်ခြင်း၊

ဂ. China Geological Survey CGS ၏ အစီအစဉ်ဖြင့် ဘူမိဗေဒပညာရပ်ဆိုင်ရာ သင်တန်းများစေလွှတ်ခြင်း၊

ဃ. Federal Institute of Geoscience & Natural Resources , Germany ( BGR) ၏ အကူအညီဖြင့် Training of Trainer TOT များ ဆောင်ရွက်ခြင်း၊

င. TOT များ၏ ဆင့်ပွားသင်တန်းများပြုလုပ်ခြင်း၊

14

## JICA ၏ အကူအညီအထောက်အပံ့ဖြင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု

လူစွမ်းအား အရင်း အမြစ်ဖွံ့ဖြိုးရန်လူငယ်ပညာရှင်များ ဂျပန် နိုင်ငံသို့ ပညာသင်စေလွှတ်ရေး စီမံချက်ဖြင့် သတ္တုတွင်းဦးစီးဌာနနှင့် JICA တို့မှ ၂၀၁၅-၂၀၁၉ နေ့အထိ (၅)နှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာ MOD ကို **၂၉.၁၀.၂၀၁၄ ရက်နေ့တွင်** လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၄ ခုနှစ်မှ စ၍ ICA အစီအစဉ်နှင့် ပညာသင်များ ဂျပန်နိုင်ငံသို့ စတင်ခေါ်ယူခဲ့ရာ ဂျပန်နိုင်ငံ တွင်သင်တန်းသား ဦးရေ **စုစုပေါင်း (၁၁) ယောက်** ပညာသင်ကြား လျက်ရှိရာ **သင်တန်းသား (၅)ဦး** ပညာသင် ကာလ ပြီးမြောက်၍ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာပြီး သက်ဆိုင် ရာလုပ်ငန်း/ဌာနများ၌ လုပ်ငန်း တာဝန်များ ပြန်လည် ထမ်းဆောင်လျက် ရှိပါသည်။

15

## BGR ၏ အကူအညီ အထောက်အပံ့ဖြင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု

- BGR နှင့် သတ္တုတွင်း ဦးစီးဌာနတို့ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအတွက် Minutes of Discussion (MOD) ကို ၂၉.၁၀.၂၀၁၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။
- MOD ၏ သက်တမ်းကာလမှာ ၂၀၁၆ ခုနှစ်၊ မတ်လမှ စတင်ခဲ့၊ Project အတွက် ယူရို 2.5 Million သုံးစွဲရန် သတ်မှတ်ထားပြီး၊ ငွေကြေးသုံးစွဲခြင်းကို BGR မှ တိုက်ရိုက် စီမံပါသည်။
- BGR မှ Capacity Building Trainings များနှင့်စပ်လျဉ်း၍ -
  - (1) Mines Ventilation Course ၊ Occupational Health and Safety Basics Training of Small Scale Mining၊ Waste and Tailing Management ၊ Blasting Practice in small and Medium Scale Mining – planning, Management and Control စာတွေ့သင်တန်း တို့ကို ပို့ချခဲ့၊
  - (2) Inspector Trainings အနေဖြင့် Mining and Environment စာတွေ့လက်တွေ့သင်တန်းတို့ကို ပို့ချခဲ့၊
- BGR နှင့် သတ္တုတွင်းဦးစီးဌာနတို့အကြား MOD ၏ သက်တမ်းကာလမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးခဲ့ပြီး၊ (၂) နှစ် ထပ်မံ သက်တမ်းတိုးနိုင်ရေး Agreed Minutes လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါသည်။

16

## ကျင်းပခဲ့သည့် သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ

| စဉ် | ဆွေးနွေးပွဲအမည် | နေ့ရက် | ကျင်းပသည့်နေရာ | တက်ရောက်သူ အရေအတွက် | ဦးဆောင်သူ |
|---|---|---|---|---|---|
| ၁ | အန္တိမအကျိုးအမြတ်ရရှိမှုဆိုင်ရာ အမြင်ဖွင့် စွမ်းရည်မြှင့်ခြင်း ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ | ၁၉.၅.၂၀၁၆ | Novotel Hotel ရန်ကုန် | ၁၀၀ ဦး | EITI အတွင်းရေးမှူးရုံး |
| ၂ | သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များ မူဘောင်ချမှတ်နိုင်ရေး ဆွေးနွေးပွဲ | ၇.၆.၂၀၁၆ မှ ၉.၆.၂၀၁၆ | Amara Hotel နေပြည်တော် | ၅၀ ခန့် | BGR |
| ၃ | သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲ | ၁.၇.၂၀၁၆ နှင့် ၇.၇.၂၀၁၆ | သီရိရတနာခန်းမ ဝန်ကြီးရုံး | ၄၀ ခန့် | ဝန်ကြီးရုံး |
| ၄ | သတ္တု၊ သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာလုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ | ၁၉.၉.၂၀၁၆ | သီရိရတနာခန်းမ ဝန်ကြီးရုံး | ၇၄ ဦး | ဝန်ကြီးရုံး |
| ၅ | MPF (Mining Policy Framework) ချမှတ် နိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ | ၂၄.၉.၂၀၁၆ မှ ၂၉.၉.၂၉၁၆ ထိ | ဂျနီဗာမြို့ ဆွစ်ဇာလန်နိုင်ငံ၊ | ၂ ဦး | ကုလသမဂ္ဂ |

17

## ကျင်းပခဲ့သည့်သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ

| စဉ် | ဆွေးနွေးပွဲအမည် | နေ့ရက် | ကျင်းပသည့်နေရာ | တက်ရောက်သူ အရေအတွက် | ဦးဆောင်သူ |
|---|---|---|---|---|---|
| ၆ | သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲ | ၁.၁၀.၂၀၁၆ မှ ၃.၁၀.၂၀၁၆ ထိ | Hotel Gabbana ဘားအံမြို့ | ၈၄ ဦး | သတ္တုဦးစီး + BGR |
| ၇ | သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲ | ၃.၁၂.၂၀၁၆ မှ ၄.၁၂.၂၀၁၆ ထိ | Win Unity Resort Hotel မုံရွာမြို့ | ၁၂၇ ဦး | သတ္တုဦးစီး + Pan Aus Myanmar |
| ၈ | သတ္တုကဏ္ဍ နှင့် ဆက်စပ်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝ ဆိုင်ရာ မူဝါဒများ၊ ဥပဒေများ လေ့လာ သုံးသပ်ခြင်း ဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲ | ၆.၁၂.၂၀၁၆ မှ ၇.၁၂.၂၀၁၆ ထိ | Amara Hotel နေပြည်တော် | ၃၉ ဦး | သတ္တုဦးစီး + UNDP |
| ၉ | The First Task Force Meeting on Mining Integrated Assessment | ၁၃.၁၂.၂၀၁၆ | ရွှေရဲမွန်ဟိုတယ် မန္တလေး | ၄၀ ဦး | သတ္တုဦးစီး + UNDP |

18

## ကျင်းပခဲ့သည့်သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ

| စဉ် | ဆွေးနွေးပွဲအမည် | နေ့ရက် | ကျင်းပသည့် နေရာ | တက်ရောက်သူ အရေအတွက် | ဦးဆောင်သူ |
|---|---|---|---|---|---|
| ၁၀ | ၁၄ ကြိမ်မြောက်အာဆီယံ သတ္တု ကဏ္ဍ အဆင့်မြင့်အရာရှိကြီး များ ဆွေးနွေးပွဲ | ၂၅.၇.၂၀၁၇ မှ ၂၇.၇.၂၀၁၇ ထိ | ACE Hotel နေပြည်တော် | ၆၀ ဦး | သတ္တုဦးစီး + ဘ.ခ.ရ + ASEAN Secretariat |
| ၁၁ | ၆ ကြိမ်မြောက်အာဆီယံ သတ္တု ကဏ္ဍ ဝန်ကြီးအဆင့် ဆွေးနွေးပွဲ | ၂၈.၁၁.၂၀၁၇ မှ ၃၀.၁၁.၂၀၁၇ ထိ | M-Gallery Hotel | | သတ္တုဦးစီး + ဘ.ခ.ရ + ASEAN Secretariat |
| ၁၂ | မြန်မာနိုင်ငံEITI လုပ်ငန်းစည် အကောင်အထည်ဖော်နေမှုအ ခြေအနေအားသိရှိ နိုင်ရန် အကဲဖြတ် ဆန်းစစ်ခြင်း (Validation Process) | ၈.၈.၂၀၁၈ မှ ၁၀.၈.၂၀၁၈ ထိ | သတ္တုဦးစီးခန်းမ | | သတ္တုဦးစီး + EITI |
| ၁၃ | Mining Cadaster အလုပ်ရုံ ဆွေးနွေး ပွဲ ကျင်းပခြင်း | ၁၆.၁၁.၂၀၁၈ | ရုံးအမှတ် (၁၉) | | |
| ၁၄ | ကိန်းဂဏန်း အချက် အလက် များ ဖြည့်သွင်း ခြင်းဆိုင်ရာ သင်တန်း | ၅.၁၂.၂၀၁၈ | ရုံးအမှတ် (၁၉) | | |

19

## ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း/ ဆွေးနွေးပွဲများ

| စဉ် | သင်တန်း/ ဆွေးနွေးပွဲအမည် | နေ့ရက် | ကျင်းပသည့်နေရာ | တက်ရောက်သူ | ဦးဆောင်သူ |
|---|---|---|---|---|---|
| ၁ | အရာထမ်း/ အမှုထမ်းများ အင်္ဂလိပ်စာစွမ်းဆောင်ရည် မြှင့်တင် ရေး သင်တန်း | ၂.၅.၂၀၁၆ မှ ၇.၆.၂၀၁၆ | သီရိရတနာခန်းမ, ဝန်ကြီးရုံး | ၂၁ ဦး | သတ္တုဦးစီး +BGR |
| ၂ | Ground Control and Underground Mine Course Training | ၂၇.၆.၂၀၁၆ မှ ၁.၇.၂၀၁၆ ထိ | နည်းပညာတက္ကသိုလ် တောင်ကြီး | ၂၆ ဦး | သတ္တုဦးစီး +BGR |
| ၃ | The Mine Ventilation- Air Conditioning Challenges for Small and Large Scale Mining and Inspection | ၂၇.၆.၂၀၁၆ မှ ၁.၇.၂၀၁၆ ထိ | နည်းပညာတက္ကသိုလ် တောင်ကြီး | ၂၅ ဦး | သတ္တုဦးစီး +BGR |
| ၄ | Level-1 (Initial) 5 days Intensive Environmental Course | ၉.၁.၂၀၁၇ မှ ၁၃.၁.၂၀၁၇ ထိ | သီရိရတနာခန်းမ | ၄၆ ဦး | သတ္တုဦးစီး +Green FieldI nternational Corporation(USA) |
| ၅ | Mining and Environment Course Training (စာတွေ့+လက်တွေ့) | ၂.၄.၂၀၁၈ မှ ၅.၄.၂၀၁၈ ထိ | နည်းပညာတက္ကသိုလ် တောင်ကြီးနှင့် သတ္တု လုပ်ကွက်များ | | သတ္တုဦးစီး +BGR |
| ၆။ | သတ္တုတွင်း စစ်ဆေးရေး လုပ်ငန်း၌ ဓာတ်ငွေ့ စမ်းသပ် ကိရိယာများ အသုံးပြုပုံ | ၂၆.၆.၂၀၁၈ | သတ္တုတွင်းဦးစီး ခန်းမ | ၂၅ ဦး | သတ္တုဦးစီး +BGR+ Pangolin |

20

## ၅။ စစ်ဆေးရေးအရာရှိချုပ်၏တာဝန်ကိုထမ်းဆောင်ခြင်း၊

- ❖ နည်းဥပဒေသစ် မတိုင်မီ ဝန်ကြီးဌာန ပူးပေါင်းကွင်းဆင်းအဖွဲ့ (၁၂) ဖွဲ့ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ခွင့်ပြုမိန့်ရလုပ်ကွက်များအား စီမံချက်ချ၍ ၂၀၁၇ ခုနှစ် မေလမှ ၂၀၁၈ ခုနှစ် မတ်လထိ ကွင်းဆင်း စစ်ဆေးမှု လုပ်ငန်းများဆောင်ရွက်ခဲ့ရာ လုပ်ကွက် (၅၁၉)ကွက်အားစစ်ဆေးခဲ့ပြီး နိုင်ခဲ့ပါသည်။

- ❖ နည်းဥပဒေသစ် ထုတ်ပြန်ပြီးနောက် သတ္တုတွင်းဦးစီးဌာနက ဦးဆောင်သည့် ပူးပေါင်းကွင်းဆင်းအဖွဲ့ (၉) ဖွဲ့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစ၍ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ပြန်လည်စတင်ခဲ့ရာ၊ ကွင်းဆင်းစစ်ဆေး ရမည့်လုပ်ကွက်ပေါင်း (၁၂၂၀) ကွက် ရှိသည့် အနက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလထိ **(၂၃၅) ကွက်** ကွင်းဆင်းနိုင်ခဲ့ပါသည်။

- ❖ ၂၀၁၈ ခုနှစ်အတွင်း သတ္တုတွင်းလုပ်ငန်းခွင်များတွင် မတော်တဆ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ် (၂၁) ခု ဖြစ်ပွားခဲ့ရာတွင် ကွင်းဆင်းစစ်ဆေးချက်များအရ လေလုံလောက်မှုမရှိခြင်း (၇) ကြိမ်၊ စက်ကရိယာကြောင့် (၅) ကြိမ်၊ မြေသားပြိုကျ (၃) ကြိမ်၊ ကျောက်သား ကျကျခြင်းနှင့် ယမ်းပေါက်ကွဲ ခြင်း (၂) ကြိမ်စီ၊ ဓာတ်လိုက်နှင့် ရေနစ် (၁) ကြိမ်စီ ဖြစ်ပွားခဲ့ပြီး၊ သေဆုံးသူ (၄၂) ဦးနှင့် ဒဏ်ရာရ (၆) ဦးရှိခဲ့ပါသည်။

21

## ၆. ဝန်ကြီးဌာနမှ ခွင့်ပြုထားသည့် လုပ်ကွက်များ၏ ပုံသေမြေငှားရမ်းခနှင့် ဓာတ် သတ္တုခွန် များ ကောက်ခံခြင်း၊

| စဉ် | ဓာတ်သတ္တု အမျိုးအစား | တစ်စတုရန်းကီလိုမီတာအတွက် နှစ်စဉ်ပေးဆောင်ရမည့် ပုံသေမြေငှားရမ်းခ (ကျပ်) | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရှာဖွေရေးကာလ | | စမ်းသပ်တိုင်းတာရေးကာလ | | | | | ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ကာလ | | ထုတ်လုပ်မှုအတွက် ထူထောင်မှုကာလ | | | ထုတ်လုပ်မှု ကာလ |
| | | ပထမနှစ် | ဒုတိယနှစ် | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် | ပဥ္စမနှစ် | ပထမနှစ် | ဒုတိယနှစ် | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | ၁ နှစ် အတွက် နှစ် ၂၀ အထိ |
| ၁။ | ဥပဒေပုဒ်မ ၁၈(ဃ)ပါ စက်မှုတွင်း ထွက်ကုန် ကြမ်း သို့မဟုတ် ကျောက် အတွက် | ၁၂၅၀၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၅၀၀၀၀ | ၁၀၀၀၀၀ | ၁၅၀၀၀၀ | ၂၀၀၀၀၀ | ၂၀၀၀၀၀ | ၃၀၀၀၀၀ | ၇၀၀၀၀၀ | ၈၀၀၀၀၀ | ၁၀၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၂။ | ဥပဒေပုဒ်မ ၁၈(ဂ)ပါ သတ္တုများ အတွက် | ၂၅၀၀၀ | ၅၀၀၀၀ | ၅၀၀၀၀ | ၁၀၀၀၀၀ | ၂၀၀၀၀၀ | ၃၀၀၀၀၀ | ၄၀၀၀၀၀ | ၄၀၀၀၀၀ | ၄၀၀၀၀၀ | ၉၀၀၀၀၀ | ၁၀၅၀၀၀၀ | ၁၂၀၀၀၀၀ | ၁၅၀၀၀၀၀ |
| ၃။ | ဥပဒေပုဒ်မ ၁၈(ခ)ပါ အဖိုးတန် သတ္တုများ အတွက် | ၃၇၅၀၀ | ၇၅၀၀၀ | ၇၅၀၀၀ | ၁၅၀၀၀၀ | ၃၀၀၀၀၀ | ၄၅၀၀၀၀ | ၆၀၀၀၀၀ | ၆၀၀၀၀၀ | ၆၀၀၀၀၀ | ၁၃၅၀၀၀၀ | ၁၅၇၅၀၀၀ | ၁၈၀၀၀၀၀ | ၂၂၅၀၀၀၀ |
| ၄။ | ဥပဒေပုဒ်မ ၁၈(က)ပါ ရွှေ၊ ပလက်တီနမ်၊ ယူရေနီယံ နှင့် အဖိုးတန် သတ္တုများ အတွက် | ၅၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၂၀၀၀၀၀ | ၄၀၀၀၀၀ | ၆၀၀၀၀၀ | ၈၀၀၀၀၀ | ၈၀၀၀၀၀ | ၈၀၀၀၀၀ | ၁၈၀၀၀၀၀ | ၂၁၀၀၀၀၀ | ၂၄၀၀၀၀၀ | ၃၀၀၀၀၀၀ |

22

# ဓာတ်သတ္တုခွန်

| ၁၉၉၄ သတ္တုတွင်း ဥပဒေ | | ၂၀၁၅ ခုနှစ် ပြင်ဆင်သည့် ဥပဒေ | |
|---|---|---|---|
| ၁. ကျောက်မျက် | ၅ - ၇.၅% | ၁. ရွှေ၊ ပလက်တီနမ်၊ ယူရေနီယမ် | ၅% |
| ၂. ရွှေ,ငွေ၊ ပလက်တီနမ် | ၄- ၅% | (အဖိုးတန်သတ္တု) | |
| (အဖိုးတန်သတ္တု) | | ၂. ငွေ၊ ကြေးနီ၊ ခဲမဖြူ/ အဖြူကြ်နက် | ၄% |
| ၃. သံ, သွပ်၊ ကြေးနီ | ၃- ၄ % | နီကယ်၊ မြေရှားဒြပ်စင်၊ တိုက်တေနီယမ် | |
| (အခြားသတ္တု) | | ၃. သံ၊ သွပ်၊ ခနောက်စိမ်း | ၃% |
| ၄. စက်မှုတွင်းထွက်ကုန်ကြမ်း | ၁ - ၃% | ၄.စက်မှုတွင်းထွက်ကုန်ကြမ်း၊ ကျောက် | ၂% |

၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်၊

၂၀၁၆ခုနှစ်ဧပြီလမှ၂၀၁၇မတ်လအထိအခွန်အခရရှိမှုစာရင်း

| စဉ် | ဦးစီးဌာန/လုပ်ငန်း | အသေးစားလုပ်ကွက် | | အကြီးစားလုပ်ကွက် | | စမ်းသပ်လုပ်ကွက် | ကျပ်သန်းပေါင်း စုစုပေါင်း_ အခွန်ရငွေ |
|---|---|---|---|---|---|---|---|
| | | ဓာတ်သတ္တုခွန် | ပုံသေမြေငှားရမ်းခ | ဓာတ်သတ္တုခွန် | ပုံသေမြေငှားရမ်းခ | ပုံသေမြေငှားရမ်းခ | |
| ၁ | သတ္တုတွင်းဦးစီးဌာန | ၄၆၄.၃၅၉ | ၂၇၃.၆၆၂ | ၈၃၇၄.၁၇၅ | ၂၃၃၁.၇၃၁ | ၂၂၉.၅၀၉ | ၁၁၆၇၃.၄၃၆ |

၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်၊

၂၀၁၇ခုနှစ်ဧပြီလမှ၂၀၁၈မတ်လအထိအခွန်အခရရှိမှုစာရင်း

| စဉ် | ဦးစီးဌာန/လုပ်ငန်း | အသေးစားလုပ်ကွက် | | အကြီးစားလုပ်ကွက် | | စမ်းသပ်လုပ်ကွက် | ကျပ်သန်းပေါင်း စုစုပေါင်း_ အခွန်ရငွေ |
|---|---|---|---|---|---|---|---|
| | | ဓာတ်သတ္တုခွန် | ပုံသေမြေငှားရမ်းခ | ဓာတ်သတ္တုခွန် | ပုံသေမြေငှားရမ်းခ | ပုံသေမြေငှားရမ်းခ | |
| ၁ | သတ္တုတွင်းဦးစီးဌာန | ၆၀၇.၅၃၇ | ၂၉၇.၄၄၃ | ၅၈၈၈.၈၇၂ | ၂၀၁၃.၈၁၂ | ၃၆၅.၃၁၈ | ၉၁၇၂.၉၈၂ |

24

## ၇. တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့၏ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခြင်း၊

❖ သတ္တုတွင်းဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်များတွင် ရုံးခွဲများဖွင့်လှစ်ခဲ့ရာ ညွှန်ကြားရေးမှူးဦးစီးသည့် (က) အဆင့် (၅) ရုံးနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးစီးသည့် (ခ) အဆင့် (၆) ရုံးကို ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။

❖ အဆိုပါ ရုံးခွဲများအနက် **ကချင်၊ ကယား၊ ကရင်၊ ရှမ်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ မန္တလေး**တို့တွင် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူး/ ဒုတိယ ညွှန်ကြားရေးမှူးတို့သည် ၄င်းအဖွဲ့၏ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

❖ အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများတွင် တိုင်းဒေသကြီး/ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသော ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပါသည်-

| စဉ် | တိုင်း/ ပြည်နယ် | ခွင့်ပြုမိန့်အမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အသေးစား | လက်လုပ် လက်စား | စမ်းသပ် | |
| ၁ | ကချင် | ၄ | - | - | ဝိုင်းမော်မြို့နယ်အတွင်း ရွှေလုပ်ကွက် (၄) ကွက် |
| ၂ | ကယား | - | ၄ | - | ဖရူဆိုမြို့နယ်အတွင်း ခဲနှင့်ရောရာ(၄)ကွက် |
| ၃ | ရှမ်း | - | ၃ | ၄ 25 | ရွာငံတွင် သံကြွယ်ဘောက်ဆိုက် လက်လုပ်လက်စား (၃) ကွက်၊ မောက်မယ်တွင် ဂေါဒန်စမ်းသပ် (၄)ကွက် |

## ၈. EITI လုပ်ငန်းစဉ်များအောင်မြင်စေရေးအတွက် ဝန်ကြီးဌာန၏ Focal အဖြစ် ဆောင်ရွက်ခြင်း၊

❖**၇.၅.၂၀၁၄** နေ့တွင် မက္ကဆီကို နိုင်ငံတွင် ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် နိုင်ငံတကာ EITI အဖွဲ့ဝင်လောင်း နိုင်ငံ( Candidate Country) အဖြစ် လက်ခံခဲ့ရာ (၄၅) နိုင်ငံမြောက် EITI အဖွဲ့ဝင် နိုင်ငံ ဖြစ်လာပါသည်။

❖မြန်မာနိုင်ငံမှ EITI အကောင်အထည်ဖော်နိုင်ရေး ပြည်ထောင်စုဝန်ကြီး(၃)ဦးပါဝင်သည် ဦးဆောင် ကော်မတီတွင် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး** က အဖွဲ့ဝင် အဖြစ် ပါဝင်ဆောင်ရွက်ပါသည်။

❖စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော လုပ်ငန်းကော်မတီတွင် **သတ္တုတွင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး** တို့က အဖွဲ့ဝင်ဖြစ်လည်ကောင်း ပါဝင်ဆောင်ရွက်ပါသည်။

❖စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် **သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ** တို့က အဖွဲ့ဝင်ဖြစ် လည်းကောင်း ပူးပေါင်းဆောင်ရွက် နေပါသည်။

❖ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလုပ်ငန်းအဖွဲ့နှင့် Mining Cadastre လုပ်ငန်း ကော်မတီများကို **သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်ပြီး** ဖွဲ့စည်းဆောင်ရွက်ထားပါသည်။ 26

